


430

စာမူခွင့်ပြုချက်အမှတ်
၃၃၄ / ၂၀၀၀ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၆၀ / ၂၀၀၂ (၇)
**ထုတ်ဝေသည့် ကာလ**
၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ
**အကြိမ်**
ပထမအကြိမ်
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၆၀ ကျပ်
**ထုတ်ဝေသူ**
ဦးတင့်လွင် (သော်ကစာပေ)
၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးခင်မောင်ဝင်း (၀၅၃၉၄)
ပါရမီအော့ဖ်ဆက်
အမှတ်(၃၅)၊ ဗိုလ်အောင်ကျော်လမ်း
နှင့် ကမ်းနားလမ်းထောင့်၊
ကျောက်တံတားမြို့နယ်။


# ရဲမင်းဟိန်း

## [illegible]များ နေများ နက္ခတ်များ

ပ + ဒ (ဇာတ်သိမ်း)

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းစာပေ

F. 1 B

လွှင်စာပေ
အမှတ် ၁၅/၁၃၈၊ မြောက်
ဖုန်း ၂၁၃၄၄

## ရဲမင်းဟိန်း

# မီးများ၊ နေများ၊ နက္ခတ်များ

(ပထမပိုင်း)

မင်းစာပေ

# အခန်း (၁)

ခိုင်ဖုန်းမြို့သည် အနယ်နယ်အရပ်ရပ်မှ ရောက်လာသော ကုန်သည်ပွဲစားများ၊ ခရီးသွားများ၊ ဖြတ်သန်းသွားလာနေသော သိုင်းသမားများဖြင့် အထူးပင် စည်ကားနေသည်။

မြို့လယ် လမ်းတစ်လျှောက်တွင် စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များ၊ အပေါင်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အရက်ဆိုင်များဖြင့် ပြည့်နှက်နေ၏။

ဆိုင်တိုင်းတွင် ဝယ်ခြမ်းသူများနှင့် ပြည့်နှက်စည်ကားနေသည်။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မြင်းစီး သမား လူငယ်တစ်ယောက်သည် အသွားအလာ ထူထပ်ပြီး စည်ကားသော လမ်းမတစ်လျှောက်တွင် သူ၏မြင်းကို ဖြည်းဖြည်းမှန်မှန် စီးလာနေသည်။

လူရွယ်မှာ ရုပ်ရည်ပြေပြစ်ချောမောပြီး ယောကျာ်း ပီသသူတစ်ဦး ဖြစ်၏။

သူ ဝတ်ဆင်ထားသော အဖြူရောင်ဝတ်စုံမှာ ဖုန် အလိမ်းလိမ်း ကပ်ငြိနေသဖြင့် ခရီးဝေးမှ လာခဲ့မှန်း သိသာ ပေါ်လွင်နေသည်။

လူငယ်သည် မြင်းကို ဖြည်းဖြည်းမှန်မှန်နှင်ရင်း မြို့လယ်လမ်းအတိုင်း ဖြတ်သန်းလာစဉ် ထူးခြားသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားလာ၏။

ဖြစ်ရပ်မှာ...

မြင်းဖြူကြီးတစ်ကောင် က,ထားသော မြင်းလှည်း တစ်စီး လူအသွားအလာ များပြားပြီး ဈေးသည်များဖြင့် ပြည့်နေသောလမ်းအတိုင်း တရကြမ်း မောင်းနှင်လာခြင်း ဖြစ်သည်။





လှည်းဆွဲသော မြင်းဖြူကြီးမှာ ထွားကျိုင်းသန်မာ သော မြင်းကောင်းမြင်းသန့်ကြီး ဖြစ်သည်။

မြင်းလှည်း မောင်းသူမှာလည်း ဆိတ်သားရေအင်္ကျီ လက်ပြတ် ဝတ်ဆင်ထားသော လူထွားကြီးတစ်ယောက် ဖြစ်သည်။

မြင်းလှည်းသမားသည် ကျာပွတ်သံ တရွှမ်းရွှမ်းနှင့် မြင်းလှည်းကို တရကြမ်း မောင်းနှင်လာသဖြင့် လမ်းသွား လမ်းလာများ အထိတ်တလန့်နှင့် အပြေးအလွှား ရှောင် ကြသည်။

မရှောင်နိုင်သူအချို့မှာမူ မြင်းလှည်းနှင့်တိုက်မိပြီး လမ်းဘေးသို့ ဖရိုဖရဲလွင့်စဉ် လဲကျသွားသည်ကို တွေ့ရ သည်။

လမ်းဘေးတွင် တည်ခင်းရောင်းချနေသော လမ်း ဘေး ဈေးသည်တို့သည် ထိုမြင်းလှည်းသမား၏ မြင်းလှည်း ဘီးသံ ကြားသည်နှင့် ၎င်းတို့၏ပစ္စည်းများကို ကပျာကယာ သိမ်းပြီး အထိတ်တလန့် ရှောင်တိမ်းကြသည်။

အသက်အရွယ်ကြီးရင့်သော ပေါက်စီသည်ကြီး

တစ်ယောက်မှာ မရှောင်တိမ်းနိုင်သဖြင့် လှည်းဖြင့် တိုက်မိပြီး လူရော ပေါက်စီပေါင်းအိုးများပါ လမ်းဘေးသို့ လွင့်ကျသည်။

အငွေ့တထောင်းထောင်းထနေသော ပေါက်စီများ လမ်းတစ်လျှောက် ပြန့်ကျဲသွား၏။

မြင်းလှည်းသမားသည် သူ့ကြောင့် လူတွေ ထိခိုက်ကုန်သည်ကို အရေးမစိုက်။

မြင်းလှည်းကို မြင်းလှည်းကို အရှိန်မလျှော့ဘဲ ဆက်မောင်းသည်။

ထိုမြင်းလှည်းသမား၏ မြင်းလှည်းကြောင့် ခိုင်ဖုန်းမြို့လယ် လမ်းတစ်လျှောက်တွင် ပြေးလွှားသူ၊ အော်ဟစ်သူ၊ ရှောင်တိမ်းသူ၊ ထိခိုက်နာကျင်သွားသူတို့ဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

မြင်းစီးသမား လူရွယ်သည် ရမ်းရမ်းကားကား မောင်းနှင်လာသော မြင်းလှည်းကို မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

တဖြည်းဖြည်း သူနှင့် နီးလာနေပြီဖြစ်သော မြင်း





လှည်းကို ကြည့်ရင်း သူ့မျက်နှာထား တည်ကြည်တင်းမာလာ၏။

'တော်တော် လူမဆန်တဲ့ မြင်းလှည်းသမားပါလား'

မြင်းလှည်ကို ရူးရူးစိုက်စိုက် ကြည့်နေသော လူရွယ်၏ နှုတ်မှ မတိုးမကျယ် ရေရွတ်ပြောဆိုသံ ပေါ်လာသည်။

သူသည် အများအတွက် မကျေမချမ်း ဖြစ်နေသဖြင့် သူကိုယ်တိုင် မြင်းလှည်းနှင့် အတိုက်ခံရမည့် အဖြစ်ကို မေ့လျော့နေမိသည်။

'ဟော့ သူငယ် မြန်မြန်ရှောင်လေ။ အရှေ့ကျွန်းသခင်မလေးရဲ့ မြင်းလှည်း လာနေပြီ'

လမ်းဘေးသို့ ဆင်းနေသော ဈေးသည်တစ်ယောက်က မြင်းစီးသမားလူရွယ်အတွက် စိုးရိမ်စွာနှင့် အော်ပြောသည်။

လူရွယ်မှာ ထိုအော်သံကို မကြားသကဲ့သို့ တရွေ့ရွေ့နီးလာသော မြင်းလှည်းဘက်သို့ ကြည့်ရင်း သူ့မြင်းကို လမ်းပေါ်သို့ ကန့်လန့်ခံကာ ရပ်လိုက်သည်။

အပြင်းမောင်းလာသော မြင်းလှည်းသည် လမ်းပေါ်တွင် ကန့်လန့်ခံနေသော လူရွှယ်၏မြင်းကြောင့် တုံ့ခနဲ ရပ်သွား၏။

မြင်းလှည်းရပ်အသွားတွင် စောစောက ပေါ်ထွက်နေခဲ့သော အော်ဟစ်သံ၊ ဆူဆူညံညံ အသံဗလံများ အားလုံး ရုတ်ခြည်း ရပ်ဆိုင်းပျောက်ကွယ်သွားသည်။

မြို့လယ်ကောင် ဈေးတန်းတစ်လျှောက်လုံးမှာ လူတစ်ယောက်မှ မရှိတော့သည့်ပမာ တိတ်ဆိတ်သွား၏။

လူရွှယ်သည် တည်ငြိမ်သော အမူအရာနှင့် ရပ်သွားသည့်မြင်းလှည်းကို လှမ်းကြည့်သည်။

မြင်းလှည်းသမားက လူရွှယ်အား နီရဲရဲအရောင် လက်နေသောမျက်လုံးအစုံဖြင့် တစ်ချက်ကြည့်ပြီး ကျာပွတ်ကို ရွှမ်းခနဲမြည်အောင် ရိုက်လိုက်သည်။

'ဟေ့ မင်း ဘာလုပ်နေတာလဲ။ သေသွားချင်လို့လား။ လမ်းပေါ်က မြန်မြန်ဖယ်စမ်း'

လူရွှယ်သည် မြင်းလှည်းသမားအား မထီတရီနိုင်သော အမူအရာနှင့် လှမ်းကြည့်သည်။





သူ့နှုတ်ကမူ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိချေ။

'ဟေ့ တောသား၊ လမ်းဖယ်လို့ ပြောနေတယ်။ မကြားဘူးလား'

လူရွှယ်သည် ကြောင်တောင်တောင်နိုင်သော အမူအရာနှင့် ဘေးပတ်ဝန်းကျင်ကို ကြည့်သည်။

လမ်းပေါ်တွင် သူတစ်ယောက်တည်းရှိနေကြောင်း သိပြီး မြင်းလှည်းသမား၏ စကားက သူ့အား ရည်ရွယ်ကြောင်း သိလိုက်သဖြင့် အသာအယာ ပြုံးသည်။

'ကျုပ်ကလဲ ခင်ဗျားလိုပဲ ခရီးသွားပါ။ ကျုပ်သွားမယ့်လမ်းမှာ ခင်ဗျားရဲ့ မြင်းလှည်းကြီး ပိတ်ဆို့နေလို့ မြန်မြန် နေရာရွှေ့စမ်းပါ'

လူရွှယ်၏စကားကြောင့် မြင်းလှည်းသမားမျက်နှာ ကွက်ခနဲ ပျက်သွားသည်။ တစ်ဆက်တည်းပင် သူ့မျက်နှာမှာ ဒေါသရောင် သမ်းလာသည်။

'မင်းက တကယ်သေချင်ပြီကိုး။ မြင်းလှည်းမှာ အရှေ့ကျွန်းအလံ စိုက်ထိုးတာတောင် စော်ကားရဲနေပါလား။ ဒါလောက် မိုက်တွင်းနက်တဲ့ကောင် သေပေတော့'

မြင်းလှည်းသမားက ခက်ထန်စွာ ပြောရင်း သူ့လက်ထဲမှ ကျာပွတ်ဖြင့် လှမ်းရိုက်လေသည်။

* ⭘ *

မြင်းလှည်းသမား၏ ကျာပွတ်သည် မြွေတစ်ကောင်ပမာ တွန့်လိမ်ပြီး လူရွယ်ထံသို့ တိုးဝင်လာသည်။

လူရွယ်က လက်တစ်ဖက်ဆန့်တန်းပြီး ကျာပွတ်အဖျားကို ဖမ်းယူလိုက်၏။

မြင်းလှည်းသမားသည် သူ၏ကျာပွတ်ရိုက်ချက်ကို လူရွယ်က ဖမ်းယူလိုက်သဖြင့် ထိတ်လန့်အံ့သြကာ မျက်နှာပျက်သွား၏။

သူက ကျာပွတ်ကို အတင်းပြန်ဆွဲယူသည်။

သို့သော် ကျာပွတ်က သူ့လက်ထဲသို့ ပါမလာ။

သူ့လက်မှာ ကျာပွတ်အရိုးကို မြဲအောင် မကိုင်နိုင်တော့ဘဲ လွှတ်လိုက်ရ၏။

ကျာပွတ်တစ်ခုလုံးသည် ရုတ်ခြည်းပင် လူရွယ်၏လက်ထဲသို့ ရောက်သွားသည်။





'ကျန်းဟူ ရှင် ဘာလုပ်နေတာလဲ။ မြင်းလှည်းကို ဘာဖြစ်လို့ ရပ်လိုက်တာလဲ'

အပြာရောင်လိုက်ကာ ကာထားသော မြင်းလှည်းအတွင်းမှ ချိုသာသည့် မိန်းမသံတစ်သံ ပေါ်လာသည်။

တစ်ဆက်တည်းပင် ကာရံထားသည့် အပြာရောင်လိုက်ကာစ ရွေ့ဖယ်ပြီး ရုပ်ရည်ချောမောလှပသော အနီရောင် ဝတ်စုံရှင် မိန်းကလေးတစ်ယောက်၏ အသွင်ပေါ်လာသည်။

'ကျန်းဟူ ရှင်...'

အနီရောင်ဝတ်စုံရှင် မိန်းကလေးသည် လဲမ်းလယ်ကောင်၌ ပိတ်ရပ်နေသော မြင်းစီးသမားအား မြင်သဖြင့် အခြေအနေကို သဘောပေါက်သွား၏။

'သြော် မြင်းလှည်းကို ဟန့်တားတဲ့လူ ရှိနေတာကိုး'

'ကျုပ်က တမင်သက်သက် ခင်ဗျားတို့ မြင်းလှည်းကို တားနေတာ မဟုတ်ဘူး။ ခင်ဗျားတို့ မြင်းလှည်းက ရမ်းကားလွန်းလို့ တားဆီးလိုက်တာ။ လူစည်ကားတဲ့

လမ်းပေါ်မှာ မြင်းလှည်းကို ဒါလောက်မြန်မြန် မောင်းရသလား'

အနီရောင်ဝတ် မိန်းကလေးသည် လူရွယ်အား စူးစိုက်ကြည့်သည်။

ယောကျ်ားပီသချောမောသော လူရွယ်၏ အကြောက်အရွံ့ကင်းဟန်ကို သူ သတိပြုမိသွား သည်။

'ဒီမှာ ကျွန်မကို ဆုံးမမယ့်လူ ရှိမယ်လို့ မထင် မိဘူး။ ကျွန်မ ဘယ်သူလဲဆိုတာ ရှင် သိသလား'

လူရွယ်က ခေါင်းခါလိုက်သည်။

'သိစရာ မလိုပါဘူး။ ခင်ဗျားဟာ ရမ်းကားတဲ့ မြင်းလှည်းပေါ်က မိန်းကလေးတစ်ယောက်ပေါ့။ ခင်ဗျားရဲ့ မြင်းလှည်းကြောင့် ပေါက်စီသည်ကြီးရဲ့ ပေါက်စီတွေ ပျက်စီးကုန်ပြီ။ လူလဲ ဒဏ်ရာ ရသွားတယ်။ တခြားလူ တချို့လဲ မြင်းလှည်းနဲ့တိုက်မိပြီး ဒဏ်ရာ ရသွားကြတာတွေ ရှိတယ်။ အဲဒီအတွက် ခင်ဗျား လျော်ကြေးပေးရမယ်'

'ရှင်...၊ ကျွန်မက လျော်ကြေးပေးရမယ် ဟုတ်လား'





'ဟုတ်တယ်။ ပေါက်စီသည်အတွက် ငွေတုံးတစ်တုံး။ တခြား ထိခိုက်ဒဏ်ရာရတဲ့လူတွေအတွက် ငွေတုံးတစ်တုံး ပေးရမယ်'

'ကျွန်မက မပေးဘူးဆိုရင်ကော...'

'အဲဒါဆိုရင် ကျုပ် မင်းကို ဆုံးမရမှာပေါ့'

အနီရောင် မိန်းကလေး ဒေါသတကြီး ဖြစ်သွားလိမ့်မည်ဟု လူရွယ်က ထင်မှတ်ထားသည်။

လမ်းဘေးတွင် ရှိနေသူတို့မှာလည်း အနီရောင်ဝတ် မိန်းကလေးက လူရွယ်အား ရန်ပြုတိုက်ခိုက်တော့မည်ဟု တွေးကာ ရင်ထိတ်ကုန်ကြ၏။

သို့သော် အနီရောင်ဝတ် မိန်းကလေး ဒေါသဖြစ်မလာပေ။

လူရွယ်၏ စကားအဆုံးတွင် တစ်ခဏမျှ ငိုင်ကျသွားပြီးနောက် အားရပါးရ ရယ်လိုက်သည်။

ပြီး အိတ်ထဲမှ ရွှေဒင်္ဂါးပြားနှစ်ပြား ထုတ်ကာ လူရွယ်ထံ ပစ်ပေးသည်။

အနီရောင် မိန်းကလေးက ရွှေဒင်္ဂါးပြားနှစ်ပြားကို

အနီရောင် မိန်းကလေးက ရွှေဒင်္ဂါးပြားနှစ်ပြားကို လက်နက်ပုန်း ပစ်လွှတ်သကဲ့သို့ ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

မြင်းစီးသမား လူရွယ်သည် လက်ကို ဖျတ်ခနဲ ဝှေ့ယမ်းပြီး ပစ်လွှင့်လာသည့် ရွှေဒင်္ဂါးပြားများကို ဖမ်းယူလိုက်သည်။

'ကျွန်မ အရေးတကြီးကိစ္စလေး ရှိနေလို့ ရှင်ကပဲ ထိခိုက်နစ်နာတဲ့လူတွေကို ရွှေဒင်္ဂါးပြားများ ဝေပေးလိုက်ပါရှင်'

လူရွယ်က အနီရောင်ဝတ် မိန်းကလေးအား စေ့စေ့ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

'စိတ်ချ။ ဒီတာဝန်ကို ကျုပ် ယူပါ့မယ်။ ခင်ဗျား အနေနဲ့ မြင်းလှည်းကို အခုလို ကြမ်းကြမ်းရမ်းရမ်း မမောင်းဖို့အတွက် တာဝန်ယူရမယ်'

အနီရောင်ဝတ် မိန်းကလေးက ပြုံးရယ်ပြီး ခေါင်းညိတ်ပြသည်။

'စိတ်ချပါရှင်။ ကျွန်မရဲ့မြင်းလှည်းသမား နောက်





တစ်ခါ အခုလို ကြမ်းကြမ်းရမ်းရမ်း မလုပ်စေရပါဘူးဆိုတာ ကျွန်မ တာဝန်ယူပါတယ်'

လူရွယ် ခေါင်းညိတ်သည်။ ပြီးနောက် လမ်းပေါ်တွင် ကန့်လန့်ဖြစ်နေသော သူ့မြင်းကို လမ်းဘေးသို့ မောင်းဆင်းသည်။

အနီရောင် မိန်းကလေးက သူ၏ မြင်းလှည်းသမားကို ခေါင်းညိတ်ပြသည်။ မြင်းလှည်းမှာ နေရာမှ ညင်သာစွာ မောင်းထွက် သွားသည်။

အနီရောင်ဝတ် မိန်းကလေး၏ မြင်းလှည်းထွက်သွားမှ လမ်းဘေးတစ်ဖက်တစ်ချက်သို့ဆင်းကာ ရှောင်နေသူတို့ သက်ပြင်းချလိုက်ကြသည်။

လူရွယ်က မြင်းကို ပေါက်စီသည်အဘိုးအိုထံသို့ ရောက်သည်ထိ စီးသွားပြီး အဘိုးအိုအား ရွှေဒင်္ဂါးပြားနှစ်ပြား ပစ်ပေးသည်။

'အဘ ရွှေဒင်္ဂါးတစ်ပြားကို အဘအတွက် လျော်ကြေးအဖြစ် ယူပါ။ ကျန်တဲ့ ရွှေဒင်္ဂါးကို ဒဏ်ရာရတဲ့ လူတွေ ဆေးဖိုးအဖြစ် ပေးလိုက်ပါ'

F. 2A

လူရွယ်က ခပ်အေးအေးပြောရင်း သူ၏မြင်းကို စားသောက်ဆိုင် တစ်ဆိုင်ဘက်သို့ လှည့်လိုက်သည်။

ထိုအချိန်မှာပင် လူတွေကြားထဲမှ အဝါရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ထွက်လာပြီး မြင်းစီးသမားအား မျက်မှောင်ကြုတ်ကာ ကြည့်သည်။

ပြီးနောက် မြင်းစီးသမားထွက်သွားရာသို့ နောက်မှနေ၍ မပြေးရုံတမည် လိုက်သည်။

မြင်းစီးသမား လူရွယ်သည် အေးဆေးတည်ငြိမ်သော အမူအရာနှင့် မြင်းကို စားသောက်ဆိုင်ရှေ့တွင် ရပ်သည်။

လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုကို လုပ်ခဲ့ပြီးဟန် သူ့မျက်နှာက လေးနက်တည်ကြည်နေ၏။

▼ ◻ ▼



လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြင်သာ
ဈေးတန်းရွှေ
ရန်း ၂၁၄၅၅

## အခန်း (၂)

စားသောက်ဆိုင်ထဲတွင် စားသောက်သူများဖြင့် ပြည့်နှက်စည်ကားနေသည်။

လူရွယ်သည် ထောင့်ကျကျ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

'အစ်ကို ဘာသုံးဆောင်မလဲ'

စားပွဲထိုး လူငယ်တစ်ယောက် အနားသို့ ရောက်လာသည်။

လူရွယ်က စားပွဲထိုးကို တစ်ချက် မော်ကြည့်လိုက်၏။

'မြန်မြန်စားလို့ရမယ့် ဟင်းနဲ့ ထမင်းတစ်ပွဲ ယူခဲ့။

အကောင်းစား လက်ဖက်ခြောက် ခတ်ထားတဲ့ ရေနွေးကြမ်း တစ်အိုးပါ ပေးပါ'

စားပွဲထိုးလေး ပြန်ထွက်သွားသည်။

တစ်ခဏ အကြာတွင် အငွေ့တထောင်းထောင်းထနေသော ထမင်းနှင့် ဟင်းလျာများ ရောက်လာသည်။

တစ်ဆက်တည်းပင် လက်ဖက်ခြောက်နံ့ သင်းနေသော ရေနွေးကြမ်း တစ်အိုးကိုပါ ချပေးသည်။

လူရွယ်က ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်။

ပြီးနောက်...

အသားဟင်းနှင့် ထမင်းကို စ,စားသည်။

သူ ထမင်းစားနေစဉ် လူရိပ်တစ်ရိပ် အနားမှ လာရပ်သဖြင့် ဖျတ်ခနဲ မော်ကြည့်လိုက်၏။

အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသူကို တွေ့လိုက်ရသဖြင့် မသိမသာ မျက်မှောင်ကြုတ်လိုက်သည်။

'ကျုပ် ဒီမှာ ထိုင်ပါရစေ'

လူရွယ်က ခေါင်းညိတ်ပြလိုက်သည်။

'ထိုင်ပါ။ နေရာတွေ အများကြီးပဲ ထိုင်လို့ရပါတယ်'





'ကျုပ်က နေရာတွေ ပိုနေလို့ ထိုင်ချင်တာ မဟုတ်ဘူး။ ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ဖို့ ထိုင်ချင်တာပါ'

'မိတ်ဆွေဖွဲ့ဖို့ ဟုတ်လား'

အဝါရောင်ဝတ်စုံရှင်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ်။ ကျုပ်နာမည် စန့်ကွမ်းထင်းပါ။ မိတ်ဆွေက အရှေ့ကျွန်းသခင်မလေးကို ပညာပေးဆုံးမလိုက်တဲ့အတွက် ချီးကျူးဂုဏ်ပြုချင်ပါတယ်'

လူရွယ်က အေးစက်စက်နိုင်သော အမူအရာနှင့် စန့်ကွမ်းထင်းအား ကြည့်လိုက်သည်။

'ကျုပ်က သူ့ကို ဆုံးမတာ မဟုတ်ပါဘူး။ ကိုယ်ချင်းစာတတ်အောင် နည်းလမ်းပြလိုက်တာပါ'

'ဘာပဲဖြစ်ဖြစ် အဲလန်ကို ငြိမ်ဝပ်သွားအောင် လုပ်နိုင်တာဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့် ကျုပ် ခင်ဗျားကို အရက်တိုက်မယ်ဆိုပြီး လိုက်လာခဲ့တာ'

'ကျုပ် အရက်မသောက်ပါဘူး'

'ဒါဆိုရင်လဲ အခုမနက်စာအတွက် ကျုပ် တာဝန်ယူပါရစေ'

လူရွယ်၏ နှုတ်ခမ်းအစုံ ပြုံးတော့မယောင် တွန့်ကွေးသွားသည်။

သို့သော် သူ့မျက်နှာပေါ်တွင် အပြုံးရိပ် ထင်လာခြင်းမရှိ။

'ကျုပ်ရဲ့လုပ်ရပ်က ဒါလောက်တောင်ပဲ တန်ဖိုးကြီးသလားဗျာ'

စန့်ကွမ်းထင်း ခေါင်းညိတ်လိုက်သည်။

'ကျုပ်တင် မဟုတ်ဘူး။ လမ်းသွားလမ်းလာတွေကပါ ခင်ဗျားကို ကျေးဇူးတင်နေကြပါတယ်'

'အမှန်တော့ ကျုပ်က သူရဲကောင်းလုပ်တာမဟုတ်ပါဘူး။ မတရားတာမြင်လို့ ဝင်ပါမိတာပါ။ အရှေ့ကျွန်းသခင်မလေးက တော်တော်ဆိုးသလား'

လူရွယ်၏ အမေးကြောင့် စန့်ကွမ်းထင်း မျက်နှာပျက်သွားသည်။

သူသည် မလုံမလဲနိုင်ဟန် အမူအရာနှင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။

'ဒီစကားမျိုးကို အကျယ်ကြီး မပြောပါနဲ့ဗျာ'





'ဘာဖြစ်လို့လဲ'

'သခင်မလေးက သူ့အကြောင်းကို လူကြားထဲမှာပြောတာ မကြိုက်ဘူး'

'ဘာဖြစ်လို့လဲ။ ကျုပ်တို့က မကောင်းပြောတာမှမဟုတ်ဘဲ'

စန့်ကွမ်းထင်း ခေါင်းခါလိုက်သည်။

'သခင်မလေးက ကောင်းတာတွေ၊ မကောင်းတာတွေ မသိဘူး။ သူက လုပ်ချင်ရာ လုပ်တတ်တာဗျ'

စန့်ကွမ်းထင်း၏ စကားကြောင့် လူရွယ် ပြုံးလိုက်သည်။

'ခင်ဗျားက သခင်မလေးကို တော်တော်ကြောက်ပုံရတယ်'

'မကြောက်ပါဘူး။ အဲသလို ထင်ရင်တော့ ခင်ဗျားမှားသွားပြီ'

'ဒါဖြင့်ရင် ခင်ဗျားက ဘာကြောင့်မို့ သူနဲ့ပတ်သက်ရင် စိုးရိမ်နေရတာလဲ'

စန့်ကွမ်းထင်း၏မျက်နှာ နီရဲသွားသည်။

သူက လူရွယ်၏အမေးကို ရုတ်တရက် မဖြေနိုင်။ မလုံမလဲနိုင်သော အမူအရာနှင့် လူရွယ်အား ကြည့်နေသည်။

လူရွယ်က ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်သည်။

ပြုံးလိုက်သည့်အခါ သူ၏မျက်နှာမှာ နှစ်လိုဖွယ် ရှိသွားသည်။

'ကျုပ်သိပြီ။ လက်စသတ်တော့ ခင်ဗျားက အရှေ့ကျွန်း သခင်မလေး အိလန်ကို စွဲလမ်းနေတာကိုး'

'ဟို ...ကျုပ် ...ကျုပ် ...'

'ကျုပ်ပြောတာ မှန်တယ် မဟုတ်လား'

စန့်ကွမ်းထင်က အဖြေမပေး။

စိုးရိမ်မကင်းဖြစ်ဟန်နှင့် ဟိုဟိုသည်သည် ကြည့်သည်။

လူရွယ်မှာ ပြုံးနေရာမှ မျက်နှာထားကို ပြင်လိုက်ပြီး...

'ခင်ဗျား သခင်မလေးကို ဘယ်တုန်းက စတွေ့ပြီး စွဲလမ်း တွယ်တာခဲ့တာလဲ'

'ကြာပါပြီဗျာ'





'ခင်ဗျားစိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး သိပ်အလေးအနက်ထားနေတယ် မဟုတ်လား'

'ဟုတ်ပါတယ်။ ကျုပ်က သူ့ကို...'

စန့်ကွမ်းထင်း စကားပြတ်သွားသည်။

သူက ဆိုင်အဝင်ဝ လမ်းကြောင်းဆီသို့ မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။

ထိုလမ်းမှ အနီရောင်ဝတ် မိန်းကလေး လျှောက်လာနေသည်ကို တွေ့ရ၏။

'ရှင်တို့က လူကြားထဲမှာ မိန်းကလေးတစ်ယောက်အကြောင်း ပြောရဲတာကိုး'

စန့်ကွမ်းထင်း၏ကိုယ်မှာ ဆတ်ခနဲ တုန်သွားသည်။

သူသည် တစ်စုံတစ်ရာ မပြောနိုင်ဘဲ နေရာမှ ဖျတ်ခနဲထကာ အနီးရှိ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွား၏။

'ကျွန်မက ရှင့်ကို ဂုဏ်ပြုမလို့ လာတာပါ။ ကျွန်မတစ်သက်မှာ ရှင့်လို ပြန်ပြောရဲတဲ့လူ၊ ကျွန်မကို

ဆန့်ကျင်ရဲတဲ့လူနဲ့ မတွေ့ဖူးဘူး။ ဒီလိုလူမျိုးရှိရင် လက်ထပ်မယ်လို့ ကျွန်မ ဆုံးဖြတ်ထားတယ်'

'ဟင်'

လူရွှယ် မျက်နှာပျက်သွားသည်။

သူက ငွေတုံးတစ်တုံးကို စားပွဲပေါ် မသိမသာ တင်လိုက်၏။

ပြီး အနီရောင်မိန်းကလေး ထိုင်ခုံတစ်လုံးပေါ် ထိုင်ချစဉ် နေရာမှ ခုန်ထကာ စန့်ကွမ်းထင်း ထွက်ပြေးသွားသည့် ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ခုန်ထွက်ပြေးလွှားခဲ့လေ သည်။

* ○ *

မြင်းစီးသမား လူရွယ်မှာ မြင်းကို အပြင်းစိုင်းနှင်နေသည်။

ခိုင်ဖုန်းမြို့သည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ခရီးအတော်ဝေးဝေးကို ရောက်သည့်အခါ လူရွှယ်က မြင်းကို အရှိန်လျှော့လိုက်သည်။





ထိုအချိန်မှာပင် သစ်ပင်တစ်ပင်ပေါ်မှ ရယ်မောလိုက်သံ ပေါ်လာသည်။

ရယ်သံကြားသည်နှင့် မြင်းစီးသမား လူရွှယ်မှာမြင်းကို ဇက်သတ်ပြီး ရပ်လိုက်သည်။

'ဘယ်သူလဲ'

'ကျုပ်ပါ'

သစ်ပင်ပေါ်မှ အဝါရောင်လူရိပ်တစ်ရိပ် ခုန်ဆင်းလာသည်။ ထိုသူမှာ အိလန်အား တွေ့သည်နှင့် ထွက်ပြေးသွားသော စန့်ကွမ်းထင်းပင် ဖြစ်၏။

'ခင်ဗျားလဲ အိလန်နဲ့တွေ့ပြီး ထွက်ပြေးလာရပြီ မဟုတ်လား'

လူရွှယ်က ခေါင်းညိတ်လိုက်၏။

'သူက ကျုပ်ကို လက်ထပ်မယ်ဆိုလို့ ကျုပ် ထွက်ပြေးလာခဲ့တယ်'

'ဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးကို ကြောက်ပြီး ထွက်ပြေးလာတယ်ဆိုတော့ ခင်ဗျားက လူထူးလူဆန်းပဲ။ ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပါဦး'

'ကျုပ်နာမည် ချူးရှန်ပါ။ ကျုပ်က ကိစ္စတစ်ခုကို အရေးတကြီး ဆောင်ရွက်စရာရှိလို့ ထွက်လာခဲ့တာ။ လမ်းမှာ အချိန်ကုန်မခံနိုင်ဘူး'

'အိလန်က ခင်ဗျားရဲ့အချိန်ကို ဂရုစိုက်မှာ မဟုတ်ဘူး။ သူက တစ်ခုခုလိုချင်ပြီဆိုရင် ရအောင်ယူတတ်တယ်'

'ခင်ဗျားကကော'

'ကျုပ်က ဘာဖြစ်လို့လဲ'

'ခင်ဗျားကကော လိုချင်တာကို ရအောင် မယူတတ်ဘူးလား'

စန့်ကွမ်းထင်း၏မျက်နှာမှာ အပြောင်းအလဲတွေ ပေါ်လာသည်။

သူက ရီဝေသောမျက်လုံးအစုံဖြင့် အဝေးကို လှမ်းကြည့်ရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

'အင်း ကျုပ်က လိုချင်တာကို ရအောင်မယူတတ်ပါဘူး။ ယူဖို့ကလဲ အခွင့်အရေးရမှာ မဟုတ်ပါဘူး'

'ခင်ဗျားက တော်တော် စိတ်ပျက်တတ်တာပဲ။





တကယ်တော့ အိလန်က ခင်ဗျားအတွက်ပဲ ဖြစ်သင့်တယ်။ ခင်ဗျားတို့နှစ်ယောက်အတူရှိနေရဲ့နဲ့ တခြားလူတစ်ယောက်က ကြားဝင်စရာ မလိုပါဘူး'

ချူးရှန်၏စကားအဆုံးတွင် စန့်ကွမ်းထင်းမျက်နှာ ပျက်သွားသည်။

သူက ပြူးတူးပျာတာနိုင်သော အမူအရာနှင့် ပတ်ဝန်းကျင်ကို ကြည့်သည်။

ချူးရှန်က စန့်ကွမ်းထင်းအား ကြည့်ပြီး ရယ်လိုက်သည်။

'ကြောက်မနေပါနဲ့။ သူ ဒီနေရာမှာ မရှိပါဘူး'

စန့်ကွမ်းထင်း ခေါင်းခါလိုက်သည်။

'မထင်ပါနဲ့။ သူက လေလိုပဲ ခု မရှိပေမယ့် တော်ကြာဆို ရောက်ချင်ရောက်လာတတ်တာ။ ဟော...'

'ဘာလဲဟင် ဘာဖြစ်လို့လဲ'

'နားထောင်၊ သီချင်းသံ ကြားရတယ်'

ချူးရှန်က မြင်းပေါ်မှနေ၍ နားစွင့်သည်။ အဝေးဆီမှ သီချင်းသံသဲ့သဲ့ ပျံ့လွင့်လာတာကို ကြားရ၏။

'ဒါ သူ့သီချင်းသံပဲ'

'ဘာ သူ့သီချင်းသံ ဟုတ်လား'

စန့်ကွမ်းထင်း ခေါင်းညိတ်ပြသည်။

ချူးရှန်က သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး မြင်းကို ဖနောင့်ဖြင့် တို့လိုက်သည်။

ချူးရှန်၏ မြင်းသည် နေရာမှ ရိပ်ခနဲ ပြေးထွက်သည်။

'ဟာ ထွက်ပြေးပြန်ပြီ။ နေပါဦး မပြေးပါနဲ့'

စန့်ကွမ်းထင်းက အော်ဟစ်တားဆီးသည်။

သို့သော် ချူးရှန်က မြင်းကို မရပ်။

တောအုပ်ထူထူထဲသို့ တရကြမ်းစိုင်းနှင် ပျောက်ကွယ်သွား၏။

စန့်ကွမ်းထင်းသည် သစ်ပင်ပေါ်မှ ခုန်ချလိုက်သည်။

သူက စိတ်ပျက်လက်ပျက်ဖြစ်ဟန် ငိုင်တွေလျက် ချူးရှန်၏မြင်း ပျောက်ကွယ်သွားရာသို့ ငေးမောကြည့်နေသည်။





စန့်ကွမ်းထင်း ငေးမောနေစဉ် အပြင်းစိုင်းနှင်လာသော မြင်းဖြူကြီးတစ်စီး အနားသို့ ရောက်လာသည်။

မြင်းစီးလာသူမှာ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော အရှေ့ကျွန်းသခင်မလေး အိလန်ပင် ဖြစ်၏။

'သခင်မလေး'

အိလန်က စန့်ကွမ်းထင်းအား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

'ရှင် ဒီမှာ ဘာလုပ်နေတာလဲ'

'ချူးရှန်ကို လာစောင့်တာပါ'

'တွေ့လား'

'တွေ့တယ်။ သူ အခုထွက်သွားပြီ။ သခင်မလေးရဲ့သီချင်းသံကို ကြားတာနဲ့ ချက်ချင်းပဲ ထွက်ပြေးသွားတာပါ'

စန့်ကွမ်းထင်း၏စကားကြောင့် အိလန် ငိုင်ကျသွားသည်။

'သူက ဘယ်ထိအောင် ထွက်ပြေးနေမှာလဲမသိဘူး'

စန့်ကွမ်းထင်းက မဖြေ။

အိလန်၏ ချောမော လှပသော မျက်နှာကို ငေးမော ကြည့်နေ၏။

'ကျွန်မက သူ့အကြောင်းကို စုံစမ်းနေတာ။ သူဟာ တာဝန်တစ်ခုနဲ့ ခရီးထွက်လာတဲ့လူပဲ။ ကျွန်မအနေနဲ့ သူ့လို ယောကျ်ားပီသတဲ့လူကိုပဲ သဘောကျတယ်'

'ဒါပေမယ့် သခင်မလေး...'

'ဘာလဲ ရှင်က ဘာပြောချင်လို့လဲ'

'သူက အချိန်မရှိဘူးတဲ့။ သခင်မလေးလိုက်ရင်လဲ သူ ထွက်ပြေးနေမှာပဲ'

အိလန်သည် စန့်ကွမ်းထင်းအား တွေတွေဝေဝေ နှင့် ကြည့်သည်။

ပြီးနောက် စန့်ကွမ်းထင်းရှေ့တွင် ဒူးထောက်ထိုင်ချ လိုက်သည်။

'ကျွန်မကို ကူညီပါ'

'ဟာ သခင်မလေး ဒီလို မလုပ်ပါနဲ့'

'ရှင် ကျွန်မကို တကယ်မေတ္တာရှိတယ်ဆိုရင် သူ့ကို တွေ့အောင် ရှာပေးပါ'





'ကျုပ်...'

'ကျွန်မ တောင်းပန်ပါတယ်ရှင်'

စန့်ကွမ်းထင်း၏ မျက်နှာ တင်းသွားသည်။ သူက အံတင်းတင်းကြိတ်လိုက်၏။

'စိတ်ချ သူဟာ သခင်မလေးအတွက် ဖြစ်စေရမယ်'

စကားအဆုံးတွင် စန့်ကွမ်းထင်း နေရာမှ ရိပ်ခနဲ ခုန်ထွက်ပြေးသွားသည်။

တစ်ခဏအတွင်းမှာပင် သူ့ အသွင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေ၏။

▼ ▢ ▼

# အခန်း (၃)

စန့်ကွမ်းထင်းသည် လမ်းလယ်ကောင်တွင် ဗိတ်ရပ်လိုက်၏။

ချူးရှန်မှာ စန့်ကွမ်းထင်းအား မြင်သည်နှင့် မြင်းကို ရပ်တန့်လိုက်သည်။

စန့်ကွမ်းထင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

'ချူးရှန် မင်းမှာ အတောင်မှ မရှိတာဘဲ ကျုပ်လက်က ပြေးမလွတ်ပါဘူး'

ချူးရှန် သက်ပြင်းချလိုက်သည်။

'ကျုပ်မှာ အတောင်လဲ မရှိဘူး။ အတောင်လဲ မပေါက်ချင်ဘူး'





လမ်းပိတ်ဆို့ထားသူ စန့်ကွမ်းထင်းက အံကို တင်းတင်း ကြိတ်လိုက်သည်။

'ဒါဖြင့် သူ ဘယ်မှာလဲ ပြောစမ်း'

ချူးရှန် ပခုံးတစ်ချက် တွန့်လိုက်သည်။

'နောက်မှာ'

လမ်းပိတ်ဆို့ထားသူ စန့်ကွမ်းထင်း အံ့အားသင့်သွားသည်။

'အိလန်က မင်းနောက်လိုက်လာတယ် မဟုတ်လား'

ချူးရှန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ သူက ကျုပ်နောက်ကို တစ်ချိန်လုံး လိုက်နေတာဗျ'

ထိုစကား ကြားလိုက်ရသည်နှင့် စန့်ကွမ်းထင်း မျက်နှာပျက်သွားသည်။

'မင်းကို ငါမေးမယ်'

'မေးပါ'

'မင်း အိလန်ကို လက်ထပ်မလား။ မထပ်ဘူးလား'

'ဟာ စန့်ကွမ်းထင်းက နောက်ပြောတဲ့ နေရာမှာလဲ ဝါသနာပါတာကိုး'

'မင်း နောက်ပြန်လှည့်သွားပါ'

'ကျုပ် လှည့်ပြန်သွားလို့ မဖြစ်ဘူး။ ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ်'

သူ့စကားမဆုံးခင် စန့်ကွမ်းထင်က ကြားဖြတ်ပြောလိုက်သည်။

'မင်း အိလန်ကို ကျေနပ်အောင် တောင်းပန်ပြီး လက်ထပ်ယူပါ။ မင်း အိလန်ကို စိတ်ဆင်းရဲအောင် လုပ်ရင် ကျုပ်က လက်ပိုက်ကြည့်မနေနိုင်ဘူး'

ချူးရှန် ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားပြောတာ မဖြစ်နိုင်ဘူးဗျ'

'ဒါဖြင့် မင်း ကျုပ်နဲ့ တိုက်ချင်တယ် ဆိုပါတော့'

သူက ပြောရင်း လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

သူ့လက်နှစ်ဖက်တွင် ရွှေရောင်တောက်နေသော သံမဏိကွင်းတစ်စုံ ပေါ်လာသည်။





စန့်ကွမ်းထင်းက ရွှေရောင်သံမဏိကွင်းကို တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

'ဓားထုတ်လိုက်ပါ'

သို့သော် ချူးရှန်က မလှုပ်မယှက် ရပ်နေသည်။

'ခင်ဗျား မှားနေပြီ။ တကယ်ဆိုရင် အိလန်ကို ခင်ဗျား ချစ်နေတာ မဟုတ်လား'

သူ့စကားကြောင့် စန့်ကွမ်းထင်း ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားသည်။

သူသည် လက်ထဲမှ သံမဏိကွင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

'ခင်ဗျားက သူ စိတ်ဆင်းရဲမှာစိုးပြီး အခုလိုလုပ်နေတာ ခင်ဗျားအမှားပဲ။ ခင်ဗျားကို အိလန် သဘောကျအောင် ကြိုးစားရမယ်။ နောက်ဆုံး ခင်ဗျားနဲ့ အိလန်တို့ လက်ထပ်ကြရမှာပေါ့'

စန့်ကွမ်းထင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ဒါတွေ ကျုပ် မသိဘူး။ မင်း နောက်ပြန်လှည့်မလား၊ မလှည့်ဘူးလားဆိုတာ ပြောပါ'

'ကျုပ် မသွားဘူး။ ကျုပ်ကို ဆယ်ရက်လောက် အချိန်ပေးပါ။ ဆယ်ရက်အတွင်း ကျုပ် ဒီနေရာကို ပြန်လာပြီး ခင်ဗျားနဲ့ ယှဉ်ပါ့မယ်။ ဆယ်ရက်အတွင်း ကျုပ် ပြန်မရောက်လာရင် ခင်ဗျား ကျုပ်ကို သတ်စရာမလိုတော့ပါဘူး။ ကျုပ် သေဆုံးသွားပါပြီ'

စန့်ကွမ်းထင်းက ကြားဖြတ်ပြီး...

'မင်း ဒီလိုထွက်ပြေးလို့ ဘယ်ရမလဲ'

ချူးရှန် ဒေါသဖြစ်သွားသည်။

'ကျုပ်က ထွက်ပြေးချင်လို့ ပြောနေတာ မဟုတ်ဘူး။ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့'

'ငါကလဲ ဆယ်ရက်တောင် မစောင့်နိုင်ဘူး'

သူကပြောပြီး လက်ထဲမှ သံမဏိကွင်းဖြင့် ချူးရှန်ကို တစ်ဟုန်ထိုး ဝင်တိုက်လေသည်။

ချူးရှန် ဘာမှ မတတ်နိုင်တော့ဘဲ ဓားကို ဆွဲထုတ်ကာ ပြန်လည် ခုခံ တိုက်ခိုက်ရလေသည်။

ချူးရှန်မှာ စန့်ကွမ်းထင်းကို ပြန်မတိုက်ဘဲ ခုခံ၍ နောက်ဆုတ်ပေးနေရသည်။





'ခင်ဗျား လမ်းဖယ်ပေးပါ။ ကျုပ် ဆယ်ရက်အတွင်း ရောက်အောင် ပြန်လာခဲ့ပါမယ်'

ထိုစဉ် အဝေးမှ မြင်းခွာသံ ကြားလိုက်ရသည်။ ချူးရှန် ရင်ထိတ်သွားသည်။

'ဟာ အိလန် ရောက်လာပြီ'

ချူးရှန် ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။ ထိုနေရာမှ အမြန်ဆုံး ထွက်ပြေးရန် မဖြစ်နိုင်ပေ။

သူ ငေးကြောင်နေစဉ်မှာပင် စန့်ကွမ်းထင်းက တစ်ချက် အော်လိုက်ပြီး လက်ထဲမှ သံမဏိကွင်းတစ်စုံဖြင့် ချူးရှန်ထံ ပစ်လွှင့်လိုက်သည်။

တစ်ဆက်တည်းမှာပင် လက်ဝါးနှစ်ဖက်အတွင်း အားစုလိုက်ပြီး ချူးရှန်သို့ တွန်းထုတ်လိုက်သည်။

ချူးရှန် ရင်ထိတ်သွားသည်။ သူသည် ကမန်းကတန်း လက်ထဲမှ ဓားကို ဝှေ့ယမ်း လိုက်ရာ သံမဏိကွင်းတစ်ခု မြေပေါ်သို့ လွင့်စဉ်ကျသွားသည်။

သို့သော် သူက ကမန်းကတန်း ခုခံလိုက်ရသဖြင့် ဟန်ချက်ပျက်သွားပြီး ခန္ဓာကိုယ် အနည်းငယ် ယိုင်သွားသည်။

ထိုအချိန်အတွင်းမှာပင် စန်နုကွမ်းထင်းက လက်ဝါး တစ်ဖက်ဖြင့် သူ့ရင်ဝသို့ တည့်မတ်စွာ ရိုက်ချလိုက်သည်။

* ⭘ *

မြင်းတစ်ကောင်က သူတို့အနီးသို့ ရောက်လာသည်။

မြင်းပေါ်မှ လိုက်လာသူမှာ မြင်းခြေလှမ်း မရပ်မီ လွှားခနဲ ခုန်ဆင်းလိုက်သည်။

သူသည် မိန်းကလေးတစ်ယောက်ဖြစ်ပြီး အနီရောင် ဝတ်စုံ ဝတ်ဆင်ထားသည်။

သူ့မျက်လုံးအစုံမှာ ဝိုင်းစက်နေသည်။

'အိလန်'

စန်နုကွမ်းထင်းက တုန်ယင်စွာ လှမ်းခေါ်လိုက်သည်၊

သို့သော် သူက စန်နုကွမ်းထင်းကို လှည့်မကြည့်ဘဲ မြေပေါ်တွင် လဲကျနေသော ချူးရှန်ထံ ပြေးလွှားသွား လေသည်။

စန်နုကွမ်းထင်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ချူးရှန်သည် မြေပေါ်တွင် လဲနေပြီး နှုတ်ခမ်းထောင့်မှ





သွေးများ စီးကျနေသည်။ အိလန်မှာ ချူးရှန်၏ ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားသည်ကို မြင်လိုက်ရသောအခါ ဒေါသ ထွက်သွားသည်။

'ရှင် တော်တော် ရက်စက်ပါလား'

စန်နုကွမ်းထင်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ် နေသည်။

'ရှင် သူ့ကို ဘာကြောင့် သတ်ပစ်ချင်တာလဲ'

အနက်ရောင်ဝတ်စုံနှင့် အိလန်က သူ့အင်္ကျီအိတ်ထဲမှ အထုပ်တစ်ထုပ်ကို နိုက်ယူလိုက်သည်။

အထုပ်ကလေးအတွင်း၌ အသက်ကယ် ဆေးလုံး များကို တွေ့မြင်လိုက်ရသည်။

အိလန်က ချူးရှန်ကို အသက်ကယ်ဆေးလုံး တိုက် မည် ပြင်လိုက်စဉ်မှာပင် မလှုပ်မယှက် လဲနေသော ချူးရှန် က ရုတ်တရက် ထ,ခုန်ကာ သူ့မြင်းရှိရာသို့ ပြေးထွက်သွား သည်။

တစ်ဆက်တည်းမှာပင် မြင်းပေါ်သို့ ခုန်တက်ကာ တဟုန်ထိုး ပြေးထွက်သွားသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် အီလန်နှင့် စန့်ကွမ်းထင်းတို့ ငေးကြောင်နေစဉ်မှာပင် ချူးရှန်၏ မြင်းက အဝေးသို့ ပြေးလွှားပျောက်ကွယ်သွားလေသည်။

အီလန် မျက်နှာ ပျက်သွားသည်။

'သူ ဘာဖြစ်လို့များ ဒါလောက်တောင် ပြေးချင်နေပါလိမ့်'

ကြေကွဲဝမ်းနည်းဟန်ဖြင့် ညည်းညူ ပြောဆိုလိုက်သော အီလန်၏အသံကို စန့်ကွမ်းထင်း အသေအချာ ကြားသည်။

သို့သော် သူသည် ဟန်မူရာကင်းမဲ့သော မျက်နှာနှင့် မလှုပ်မယှက် ရပ်နေ၏။

အီလန်က စန့်ကွမ်းထင်း ရပ်နေပုံကို သတိပြုမိသွားသည်။ သူသည် နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး…

'ရှင့်ကိုယ်ရှင် သူ့ရဲကောင်းကြီးလို့ ထင်နေတယ်ပေါ့လေ ဟုတ်လား'

အီလန်၏ စကားက စန့်ကွမ်းထင်းအား မျက်နှာပျက်သွားစေသည်။





ရင်ထဲတွင် နာကျင်သွားဟန်ဖြင့် သူက သက်ပြင်း တစ်ချက်ချလိုက်၏။

'ဒီလို မဖြစ်သင့်ပါဘူး။ တကယ်တော့ သူက ကျုပ်ရဲ့ လက်ဝါးရိုက်ချက်ကို အသာလေး ရှောင်နိုင်ပါတယ်'

'သူက ကျွန်မ အသံကြားပြီး တွေဝေနေတုန်း ရှင့် လက်ဝါးရိုက်ချက်ကို မရှောင်လိုက်တာပါ'

'သူက ဒဏ်ရာကို အချိန်မီကုမယ်ဆိုရင် ပျောက်သွားမှာပါ။ ဆယ်ရက်လောက်တော့ အနားယူဖို့ လိုလိမ့်မယ်'

စန့်ကွမ်းထင်းက သူတစ်ယောက်တည်း ပြောဆိုဟန်ဖြင့် ပြောဆိုနေသည်။

အီလန်က "ဟင့်"ခနဲ ရှိုက်သံ တစ်ချက်ပြုလိုက်ပြီး…

'သူက ဆေးကုမှာ မဟုတ်ဘူး အသေခံသိမ့်မယ်'

'ဟင်… ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဒီဆယ်ရက်အတွင်းမှာ လူတစ်ယောက်ကို သတ်ပေးဖို့ တာဝန်ယူထားတယ်။

သူ့ဆရာကို သူ ကတိပေးပြီးသား ဖြစ်နေလို့ ဒဏ်ရာနဲ့ ပေမယ့် ရန်သူကို ရှာတိုက်မှာပဲ။ အဲဒီအခါကျ ရန်သူရဲ့ လက်ချက်မိမှာ သေချာတယ်'

'သူ့ရန်သူက ဘယ်သူလဲ'

'တုမုရန်ပါ'

'ဟင်... တုမုရန် ဟုတ်လား'

စန့်ကွမ်းထင်း အထိတ်တလန့် ရေရွတ်လိုက်သည်။

ထိုခဏအတွင်း ပတ်ဝန်းကျင်မှာ ကြောက်စရာကောင်းသလို ရှိလာသည်။ စိတ်လှုပ်ရှားသဖြင့် စန့်ကွမ်းထင်း၏ နဖူးပြင်မှာ ချွေးတွေ သီးစို့လာ၏။

'ရှင် တုမူရန်ကို သိတယ် မဟုတ်လား'

'သိပါတယ်။ တုမုရန်ဟာ ကြောက်စရာအကောင်းဆုံး သိုင်းသမားတစ်ယောက်ဘဲ။ ကျွန်တော့်ဆရာရဲ့ ညီမဟာ သူ့ဇနီးပဲ'

'ဒီလို ပြောပုံထောက်တော့ ရှင် ချူးရှန့်ကို ကူညီနိုင်မှာ မဟုတ်တာ သေချာပါတယ်'

'ကျုပ်...'





'သူက ကြာပန်းတောင်ကို သွားမှာ။ တုမုရန်က အဲဒီမှာနေ,နေတယ်လို့ ကျွန်မ စုံစမ်းလို့ ရတယ်'

'နေပါဦး ကျွန်တော် တစ်ခုပေးပါရစေ'

'မေးပါ ဘာမေးမလို့လဲ'

'ချူးရှန်ရဲ့ ဆရာနဲ့ တုမုရန်က ရန်ငြိုးရှိလို့လား'

'ချူးရှန်ရဲ့ ဆရာက တုမုရန်ဟာ သစ္စာဖောက်တစ်ယောက်လို့ ပြောတယ်။ သူတို့ဟာ ကျန်းစုစင်း လက်အောက်မှာ အမှုထမ်းဖူးတဲ့ လူတွေပဲ'

'ဟင်... ဒါဆိုရင် လုပ်ဖော်ကိုင်ဘက်တွေက တုမုရန်ကို သတ်ဖို့ ကြိုးစားနေပြီပေါ့'

'ဟုတ်တယ်။ သူက သစ္စာဖောက်ပဲ။ ဒီအကြောင်း ကျွန်မ စုံစမ်းလို့ သိထားပြီးပြီ။ ရှင်သိအောင် ကျွန်မ ပြောပြမယ်'

အိလန်က တုမုရန်နှင့် ပတ်သက်ပြီး သူ ကြားသိထားသမျှကို ပြောပြသည်။ စန့်ကွမ်းထင်းမှာ အဖြစ်အပျက်များကို နားထောင်ရင်း ချူးရှန့်အား ကူညီကယ်တင်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

▼ ▢ ▼

## အခန်း (၄)

အချိန်မှာ လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ဖြစ်သည်။

မင်မင်းဆက် ကျံကျင်ဘုရင် လက်ထက်။

ယခင်က ဘုရင့်အပေါ် သစ္စာစောင့်သိ ရှိသေခဲ့သော နယ်စား မုရန်ရဲက သစ္စာဖောက်ကာ မန်ချူးနှင့် ပေါင်း၍ တော်လှန်ခဲ့သည်။

ထို့ကြောင့် ကျံကျင်ဘုရင်က သူ၏ တပ်မှူး ကျွန်းစုစင်းကို စမ်းကျင်နယ်ရှိ အဆင့်မြင့်သိုင်းသမား ဝမ်းမုနှင့် ပူးပေါင်းကာ မုရန်ရဲအား နှိမ်နင်းစေသည်။

မုရန်ရဲအား အောင်မြင်စွာ နှိမ်နင်းပြီးသောအခါ



ဘုရင်၏ အမိန့်အရ ဝမ်းမုအား စမ်းကျင်နယ်စားအဖြစ် ခန့်ကာ ကျွန်းစုစင်းက နေပြည်တော်သို့ ပြန်လာခဲ့သည်။

ယင်း နောက်ပိုင်းတွင် ဝမ်းမု ဖောက်လာသည်။ သစ္စာဖောက်လာလေသည်။

မန်ချူးနှင့် ပူးပေါင်းကာ နေပြည်တော်ကို သိမ်းပိုက်ရန် ကြံသည်။

ထို့ကြောင့် ကျွန်းစုစင်းက သူ၏ လက်ရွေးစင် သိုင်းသမားသုံးယောက်နှင့်အတူ ဝမ်းမုအား နှိမ်နင်းရန် စမ်းကျင်းနယ်သို့ ချီတက်လာရပြန်သည်။

သို့သော်...

ဝမ်းမုမှာ မန်ချူးနှင့် ပူးပေါင်းထားသဖြင့် အင်အား အလွန် ကြီးမားနေချိန် ဖြစ်၏။

သို့ဖြစ်၍ တပ်မှူး ကျွန်းစုစင်း ရှုံးနိမ့်သည်။ ကျွန်းစုစင်း ကျဆုံးသွားသည်။

ကျွန်းစုစင်း လက်အောက်ရှိ လက်ရွေးစင် သိုင်းသမား နှစ်ယောက်နှင့် မျိုးချစ်သိုင်းသမားများ နေရာအနှံ့သို့ ထွက်ပြေးသွားကြ၏။

မန်ချူးဘုရင်သည် စမ်းကျင်နယ်စားအား တပ်မှူး ကျန်းစုစင်း၏ လက်အောက်သိုင်းသမားများအား ကျူငုတ် မကျန် သတ်ပစ်ရန် တာဝန်ပေးလိုက်လေသည်။

ထိုသို့ သုတ်သင်ရာတွင် ဝမ်းမုအား တုမုရန်က အကူအညီပေးခဲ့လေသည်။

ထို့ကြောင့် ကျန်းစုစင်း၏ လက်အောက်၌ အမှု ထမ်းခဲ့သော သိုင်းသမားများက တုမုရန်အား သစ္စာဖောက် အဖြစ် သတ်မှတ်ကာ နေရာမရွေး သုတ်သင်ပစ်လိုကြ သည်။

တုမုရန်မှာ အစက ကျန်းစုစင်း၏ လက်အောက်မှ သိုင်းသမား ဖြစ်သည်။

ကျန်းစုစင်း ကျဆုံးသွားသည်နှင့် ဝမ်းမု လက်အောက် သို့ ခိုဝင်ကာ ကျန်သိုင်းသမားများ၏ အမည်ကို ဖော်ကောင် လုပ်ခဲ့လေသည်။

ကျန်းစုစင်း၏ လက်အောက်သိုင်းသမားများမှာ တုမုရန်အား လုပ်ကြံရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ ကြပါ။





တုမုရန်မှာ သိုင်းသမားအကျော်အမော် သုံးယောက် အနက် သိုင်းဘီလူးတစ်ယောက် ဖြစ်သောကြောင့်ပင် ဖြစ် သည်။

ထို့ကြောင့် တုမုရန် သိုင်းလောက၌ တစ်စထက် တစ်စ ဩဇာအာဏာ လွှမ်းမိုးလာလေသည်။

စန့်ကွမ်းထင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'တုမုရန်က သစ္စာဖောက်ဆိုတော့ ကျန်တဲ့ သိုင်းဘီလူး နှစ်ယောက်ကော'

'တပ်မှူး ကျန်းစုစင်း၏ လက်အောက်မှာ သိုင်းသမား သုံးယောက်ရှိတဲ့အနက် ပထမသိုင်းဘီလူးရဲ့ အမည်က ဝမ်းအင်ရှဲလို့ ခေါ်တယ်။ သူကတော့ ဝမ်းမုနဲ့ ကျန်းစုစင်း၏ နောက်ဆုံးတိုက်ပွဲမှာ ကျဆုံးသွားပါတယ်'

အီလန်က ပြောလိုက်လေသည်။

'ဒုတိယ သိုင်းသမားဘီလူးက ဘယ်သူလဲ'

'စစ်ထန်စစ်ဆိုတဲ့ လူပဲ။ သူက အင်မတန် လျှို့ဝှက် တဲ့ လူတစ်ယောက် ဖြစ်တယ်။ တတိယသိုင်းဘီလူး ကတော့ တုမုရန်ပဲ'

F. 4 A

စန့်ကွမ်းထင်းက မြေပေါ်တွင်ကျနေသော သံမဏိကွင်းနှစ်ခုကို ရုတ်တရက် ကောက်ယူလိုက်ပြီး...

'ညီမ ကျုပ်ကို သွားခွင့်ပြုပါဦး'

အိလန်က မျက်မှောင်ကြုတ်လိုက်ပြီး...

'ရှင်က တကယ်ပဲ ချူးရှန်ကို အကူအညီပေးမယ်ဟုတ်လား'

စန့်ကွမ်းထင်းက ပြုံးလိုက်ပြီး...

'အမှန်အတိုင်း ပြောရရင် ကျုပ်က တုမုရန်နဲ့ ဖြေရှင်းစရာကိစ္စ ရှိသေးတယ်။ ဒါကြောင့် ချူးရှန်ကို အကူညီပေးချင်တာပါ'

အိလန်က မဲ့ပြုံးပြုံးလိုက်ပြီး...

'ဘာပဲဖြစ်ဖြစ် ရှင်တို့နှစ်ယောက်ကတော့ သေသွားမှာပဲ'

'တုမုရန် ဘယ်မှာရှိတယ် ပြောပါလား'

အိလန်က...

'ရှင်တို့ သိပ်သွားချင်မှ ကျွန်မ တားလို့ မရပါဘူး။ တုမုရန်က ကြာပန်းတောင်ထိပ်မှာ ရှိနေတယ်'





စန့်ကွမ်းထင်းက လက်နှစ်ဖက်ဆုပ် အရိုအသေပေးပြီး...

'ကျုပ်ကို သွားခွင့်ပြုပါဦး'

သူပြောပြီး လျင်မြန်စွာ ပြေးထွက်သွားလေသည်။

စန့်ကွမ်းထင်း ပျောက်ကွယ်သွားမှ အိလန်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ စီးဆင်းကျလာလေသည်။ သူမသည် လေသံ တုန်ယင်စွာဖြင့်...

'ချူးရှန်ရယ် ရှင့်နောက်ကို လိုက်ပြီး ကူညီနိုင်ဖို့ စန့်ကွမ်းထင်းကို ကျွန်မ မရ,ရအောင် ပြောလွှတ်လိုက်တယ်။ ဒါကို ခွင့်လွှတ်ပါနော်'

တီးတိုး ရေရွတ်လိုက်သည်။

○ ● ○

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

အမှောင်ထုက လွှမ်းမိုးထားပြီး ဖြစ်သောကြောင့် ဝါယာ ဘေးတစ်ဖက်တစ်ချက်မှာ မှောင်မည်းနေ၏။

ချူးရှန်က ထွက်ခွာသွားပြီ ဖြစ်သည်။

စန့်ကွမ်းထင်းကလည်း ပြေးလွှား ထွက်ခွာသွားသည်။ သို့သော်...

အိလန်မှာ ထိုနေရာတွင်ပင် ရပ်လျက်ရှိသည်။

သူမ အမှောင်တွင် တစ်ယောက်တည်း ငေးငိုင်နေသည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေသော်လည်း တစ်ခါတစ်ရံ အဝေးမှ သားရဲတိရစ္ဆာန်များ၏ အော်မြည်ဟိန်းဟောက်သံများကို ကြားနေရ၏။

အိလန် ရင်ထဲ တစ်စတစ်စ အားငယ်သောစိတ်ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် သူမသည် အသံကျယ် လောင်စွာဖြင့်...

'ချူးရှန်ရေ... ချူးရှန်ရေ...'

အော်ဟစ်လိုက်လေသည်။

သူမ၏ အသံမှာ ဝန်းကျင် တစ်ခုလုံးသို့ လွင့်ပျံ့သွား၏။

သို့သော်...

မည်သူကမျှ ပြန်လည်ထူးခြင်း မရှိပါ။





အိလန် အံကို တင်းတင်းကြိတ်လိုက်ပြီး...

'ချူးရှန်ရေ...'

သူမသည် အဆက်မပြတ်အော်ရင်း တောလမ်းကလေးအတိုင်း ချူးရှန်နှင့် စန့်ကွမ်းထင်းတို့ ပြေးလွှားသွားရာနောက်သို့ တစ်ဟုန်ထိုး ပြေးလွှားလိုက်သည်။

တောလမ်းကလေးသည် တစ်စထက်တစ်စ မြင့်တက်လာသည်။ တောင်ပေါ်သို့ စတင် ရောက်လာဖြစ်ပါသည်။

မြင်းတစ်ကောင်သည်လည်း မရပ်မနား ပြေးနေဆဲ၊ မြင်းပေါ်တွင် မှောက်ပါလာသောသူမှာ ချူးရှန်ပင် ဖြစ်သည်။

သူ သတိ ရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။

သူ၏ ရင်ဝ,တွင် မခံမရပ်နိုင်အောင် နာကျင်နေပြီး ဦးခေါင်းတစ်ခုလုံး မူးဝေနေသည်။

သူ၏ မျက်လုံးအစုံတွင် သူ့ဆရာ၏ မျက်နှာ၊ အိလန်၏ မျက်နှာ၊ စန့်ကွမ်းထင်း၏ မျက်နှာတို့ အစီအရီဖြစ်ပေါ်လာသည်။

ထို့အပြင် အိလန်၏ အသံ။ သူမ၏ သီချင်းသံကြားနေရ၏။

ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည့် တစ်ချက် အေး စိမ့်သွားပြီး နက်ရှိုင်းလှသော ချောက်ကမ်းပါးအတွင်းသို့ ကျရောက်သွားသည်။

သူသည် ခံစားချက်များကို နောက်ဆုံး ခံစားလိုက်ရပြီး ရင်ဝ,ဆီမှ ပူလောင်လာကာ လုံးဝ သတိလစ် မေ့သွားလေတော့သည်။

တစ်နေ့နှင့် တစ်ည ကုန်ဆုံးသွားသောအခါ ချူးရှန် သတိရလာလေသည်။

သူ၏ တစ်ကိုယ်လုံးတွင် အနည်းငယ် နာကျင်နေသော်လည်း အခြား မည်သည့် ခံစားချက်မျှ ရှိမနေသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

သူသည် စန့်ကွမ်းထင်း၏ လက်ဝါးဒဏ်ကို ခံစားခဲ့ရသည် မဟုတ်ပါလော။

တစ်ဆက်တည်းမှာပင် သူသည် ခုတင်တစ်လုံးတွင် လဲလျောင်းနေသည်ကို သတိပြုမိလိုက်၏။

ရုတ်တရက် သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားရလေတော့သည်။



သူသည် လှပ သပ်ရပ်သော အခန်းတစ်ခုအတွင်း ရှိ ခုတင်တစ်လုံးပေါ်တွင် ရောက်နေသည်။

ထို့အပြင် ထိုအခန်းသည် မိမိနေထိုင်ခဲ့သော အခန်း နှင့် တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရသည်။

ချူးရှန် ခေါင်းရှုပ်သွားသည်။

သူသည် တုမုရန်အား သုတ်သင်ရန် ကြာပန်းတောင် ထိပ်သို့ ခရီးထွက်လာခြင်း ဖြစ်သည်။

မိမိနေအိမ်နှင့် မိုင်ပေါင်း မြေ[illegible]က်မြားစွာ ဝေးကွာသော ကြာပန်းတောင်ပေါ်သို့ သွားရာလမ်းတွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်လေသည်။

မိမိအိမ်သို့ ပြန်ရောက်ရန် မဖြစ်နိုင်ပါ။

ဤ အခန်းငယ်သည် မိမိအခန်းနှင့် တူနေသည်။ မိမိအခန်းပင် ဖြစ်ကိုဖြစ်ရမည်။ အကြောင်းမှာ...

မိမိအခန်း ဖွဲ့ထားပုံသည် သူ၏ မိခင်က စနစ်တကျ သေချာစွာ ဆောက်လုပ်ပေးခဲ့သည်။

စာအုပ်စင်များထားပုံ၊ ပြတင်းပေါက် ဖောက်ထားပုံ၊ ပြတင်းပေါက်အပြင်ဘက်တွင် ချယ်ရီပင်များ စိုက်ပျိုး

ထားပုံတို့သည် ချူးရှန်၏ စာကြည့်ခန်းအတိုင်းပင် ဖြစ်သည်။

ချူးရှန် ဝမ်းသာသွား၏။ ချူးရှန်က အသံ ကျယ်လောင်စွာဖြင့်...

'မေမေ...'

အော်ခေါ်လိုက်သည်။ သို့သော် သူ၏ အသံသည် လည်ချောင်းဝ,တွင်ပင် ပျောက်ကွယ်သွား၏။

သူ၏ မျက်နှာ ညှိုးငယ်သွားလေသည်။ သူသည် ခေါင်းကို ယမ်းလိုက်ပြီး...

'မဖြစ်နိုင်ဘူး။ ငါ ဘယ်နည်းနဲ့မှ အိမ်ကို ရောက်နေတာ မဟုတ်ဘူး'

သူသည် စိတ်ပျက်စွာ ညည်းညူလိုက်၏။ ခုတင်ပေါ်သို့ လဲလျောင်းလိုက်သည်။ နောက် ချက်ချင်းပင် သူက လူးလိမ့်ထ,လိုက်ပြန်သည်။

ဤနေရာသည် မိမိအိမ်ဖြစ်စေ၊ အခြားနေရာ တစ်နေရာဖြစ်စေ သူက သေချာစွာ လေ့လာသင့်သည်။

ချူးရှန်က အခန်းတစ်ခုလုံးသို့ တစ်ချက် ဝေ့ကြည့်





လိုက်ပြီး ခုတင်ပေါ်မှ ဆင်းပလိုက်သည်။ ထို့နောက် အခန်းငယ်အတွင်းမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်မှာပင် ပေါ့ပါး ညင်သာသော ခြေသံတစ်ခုက သူ၏ အခန်းသို့ ဦးတည်လျှောက်လာနေသည်ကို ကြားလိုက်ရလေတော့သည်။

ခြေသံသည် တစ်စထက်တစ်စ နီးကပ်လာလေသည်။

ချူးရှန်က မျက်တောင်မခတ်ဘဲ အခန်းဝ,သို့ စိုက်ကြည့်နေ၏။ သူ၏ စိတ်မှာလည်း အိမ်သို့သာ ပြန်လည်ရောက်ရှိနေ၏။ နောက်ဆုံး စိတ်မထိန်းနိုင်တော့ဘဲ...

'မေမေ'

ကျယ်လောင်သော အသံဖြင့် အော်ခေါ်လိုက်သည်။ သူ၏ ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ခစ်ခနဲ ရယ်မောသော အသံတစ်ချက် ကြားလိုက်ရ၏။

ချူးရှန် ရင်ထိတ်သွားသည်။

ယခုလာသူမှာ မိမိ၏မိခင် မဟုတ်သည်မှာ သေချာကြောင်း သူက နားလည် သဘောပေါက်လိုက်လေသည်။

ထိုစဉ်မှာပင် ခန်းဆီးလိုက်ကာသည် တစ်ချက် လှုပ်

ရှားသွားပြီး အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်။ ထိုသူကို တွေ့မြင်လိုက်ရသည်နှင့် ချူးရှန်က ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

အကြောင်းမှာ ဝင်ရောက်လာသော သူသည် အလွန်ချောမောလှပသန့်စင်နေသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

ဆွတ်ဆွတ်ဖြူသော ဂါဝန်ရှည်ကြီးတစ်ထည်ကို ဝတ်ဆင်ထားသော မိန်းကလေး ဖြစ်သည်။

အသက်မှာ (၁၇,၁၈)နှစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရသည်။

နှုတ်ခမ်းအစုံမှာ နီရဲလျက် ရှိနေ၏။ မျက်နှာသွယ်သွယ်နှင့် မျက်ဝန်းအစုံမှာ ဝိုင်းစက်နေပြီး မျက်ခုံးမွေးအစုံက ကွေးကွေးကလေး ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

# အခန်း ( ၅ )

မိန်းကလေး၏ အလှသည် လူတစ်ဖက်သားအား ဆွဲဆောင်နိုင်စွမ်းအပြည့်ရှိသည့်အပြင် မာန်မာန ခက်ထန်ပုံရလေသည်။

ချူးရှန်က ကြောင်သွားပြီး သူမကို ငေးကြည့်နေမိသည်။

မိန်းကလေးက ပြုံးလိုက်ပြီး...

'ရှင် သတိရပြီလား'

မိန်းကလေးအသံမှာလည်း ချိုလွင်သာယာနေသည်ဟု ချူးရှန် ထင်သည်။

သူ့ရင်ထဲ မည်သို့မျှ ပြန်မပြောနိုင်ပါ။

သူရင်ထဲ ဖော်မပြနိုင်သော ခံစားချက်တစ်ရပ်ကို ခံစားလိုက်ရသည်။

'ရှင် သတိလစ်နေတာ တစ်နေ့နဲ့ တစ်ည ရှိနေပြီရှင့်'

ချူးရှန်က မျက်မှောင်ကြုတ်သွားသည်။ ယခုမှ သူက အိလန်၊ စန့်ကွမ်းထင်းနှင့် တုမုရန်အား သုတ်သင်ရန် လာခြင်းကိစ္စများကို သတိရလာသည်။ သူသည် လက်နှစ်ဖက်ဆုပ်လိုက်ပြီး…

'ကျုပ်အသက်ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ရှင်တို့ ယောကျ်ားတွေက တစ်ဆိတ်ရှိ ရန်ဖြစ်ဖို့ပဲ စဉ်းစားနေကြတာကိုး။ ကျွန်မသာ ရှင့်ကို အချိန်မီ အသက်ကယ်ဆေး မတိုက်နိုင်ရင် ရှင့်ဒဏ်ရာက နှစ်ရှည်လများ ကုသရတော့မှာပဲ'

ချူးရှန် ပါးစပ်ပိတ်ထားလိုက်လေသည်။ မိန်းကလေးက ပြုံး၍ စကားဆက်လိုက်သည်။

'ရှင် ဒဏ်ရာရပြီး သတိလစ်နေတဲ့အခါမှာတစ်ချိန်လုံး မေမေလို့ပဲ ခေါ်နေတယ်ရှင့်'





ချူးရှန့်၏ မျက်နှာ နီရဲသွားပြီး ခေါင်းငုံ့ထားလိုက်လေသည်။ မိန်းကလေးက ချူးရှန်အား စိုက်ကြည့်လိုက်ပြီး…

'ဒီမှာ နောက်ထပ်တစ်ရက်လောက် နေလိုက်ရင် ရှင့်ဒဏ်ရာက လုံးဝ ပျောက်ကင်းသွားလိမ့်မယ်ရှင့်'

ချူးရှန့်က လက်နှစ်ဖက် ဆုပ်လိုက်ပြီး…

'ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်ကို သွားခွင့်ပြုပါ'

သူ၏ စကားကြောင့် မိန်းကလေးက အံ့ဩသွားသည်။

'ရှင် ထွက်သွားလို့ ဘယ်ဖြစ်မလဲ။ ရှင့်ဒဏ်ရာက သက်သာစ ရှိသေးတာပဲ'

ချူးရှန့် အခက်ကြုံသွားရလေသည်။ သူသည် တုမုရန်အား သုတ်သင်ရန် အရေးကြီးနေသည်။

သူ့စွတ်အတင်း ထွက်သွားလျှင် မိန်းကလေး စိတ်ဆိုးသွားမည်ကို စိုးရိမ်သောကြောင့် ချူးရှန့်က စကားလွှဲလိုက်သည်။

'ဒါထက် ဒီအိမ်က ဘယ်သူ့အိမ်လဲ'

'ကျွန်မအိမ်ပေါ့'

'ဒီမှာ ခင်ဗျားတစ်ယောက်တည်း နေတာလား'

မိန်းကလေးက ခေါင်းခါယမ်းပြီး...

'မဟုတ်ပါဘူး။ ကျွန်မ ဖေဖေ၊ မေမေတို့လဲ ရှိပါသေးတယ်'

ချူးရှန် အံ့အားသင့်သွား၏။

မိသားစုနေထိုင်သော ဤအိမ်ကလေးသည် တိတ်ဆိတ်မနေသင့်ဟု သူ မှတ်ယူထား၏။

'ကျုပ်က ခင်ဗျား ဖေဖေ၊ မေမေကို ကျေးဇူးတင်စကား ပြောလို့ရမလား'

'မဖြစ်နိုင်ဘူးရှင့်'

ချူးရှန် က ကြောင်အမ်းအမ်း ဖြစ်သွားပြီး...

'ဘာဖြစ်လို့လဲ'

မိန်းကလေးက မျက်နှာထား လေးနက်စွာဖြင့်...

'ကျွန်မ ဖေဖေက အပြင်ကို ခရီးထွက်သွားတယ်။ ကျွန်မ မေမေက တစ်နှစ်ပတ်လုံး သူ့အခန်းထဲက ထွက်လေ့မရှိဘူး'



အလွန် လျှို့ဝှက်ဆန်းကြယ်သော မိသားစုတစ်စုနှင့် တွေ့ဆုံရပြီဟု ချူးရှန် က နားလည်လိုက်သည်။

'ဒီလိုဆို ခင်ဗျားကပဲ သူတို့ကို ကျေးဇူးတင်စကား ပြောပေးပါဗျာ'

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

သူမသည် ချူးရှန်အား တစ်ချက် ကြည့်လိုက်ပြီး...

'ရှင်လဲ ဗိုက်ဆာနေတော့မယ်။ ကျွန်မ စားစရာ သွားယူလိုက်ဦးမယ်'

သူမသည် ပြောပြီး ချာခနဲလှည့်ကာ အခန်းတွင်းမှ ထွက်သွားလေသည်။

အခန်းတစ်ခုလုံး ပြန်လည် တိတ်ဆိတ်သွားပြီး ဖြစ်သည်။ ချူးရှန် က အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်လေသည်။

ယခုတစ်ကြိမ်မှာ သူက လျှို့ဝှက်သော မိသားစု အကြောင်း သိလို၍ သေသေချာချာ ဂရုပြုကြည့်လိုက်ခြင်း ဖြစ်သည်။ အခန်း၏ နံရံပေါ်တွင် ပန်းချီကားတစ်ချပ် ချိတ်ဆွဲထား၏။

ထိုပန်းချီကားပေါ်တွင် ကဗျာတစ်ပုဒ် ရေးထားသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

ထိုကဗျာသည် မညီမညာသော ကဗျာတစ်ပုဒ် ဖြစ်၏။ ချူးရှန် အံ့သြသွားသည်။

သူသည် ထိုကဗျာအား တစ်ယောက်ယောက်က ရွတ်ဆိုသည်ကို ကြားဖူးခဲ့သည်ဟု တွေးမိလိုက်သည်။

ပန်းချီကားနောက်တွင် ချိတ်ဆွဲထားသော ဟောင်းနွမ်းသည့် ဓားတစ်လက် ရှိနေ၏။ တစ်ဆက်တည်း ထို ဓားပေါ်မှ စာလုံးများ ထွင်းထားသည်ကို တွေ့မြင်လိုက်ရသည်။

ချူးရှန်၏ ခန္ဓာကိုယ်က တစ်ချက် တုန်သွားသည်။ နံရံပေါ်မှ စာလုံး ရေးထွင်းထားသော ဓားသည် တစ်ချိန်က မိမိတို့ ဘိုးဘွားပိုင်ဆိုင်ခဲ့သော ဓားပင်လား။

သူ၏ မိခင်က ဓားရိုးပေါ်တွင် စာလုံးများ ရေးထိုးထားသော ဓားတစ်ချောင်း ရှိခဲ့ကြောင်း ပြောပြခဲ့ဖူးသည်။

ဤမိသားစုသည် မိမိ၏ ဘိုးဘွားများ (သို့မဟုတ်) မိမိ မိခင်နှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်၍ နေမည်ဟု ချူးရှန် နားလည်လိုက်သည်။





ချူးရှန် သက်ပြင်းတစ်ချက် ချလိုက်ပြီး…

'ပြတင်းပေါက်များများ ဖောက်ထားတော့ နေရောင်များများ ရတာပေါ့။ ချယ်ရီပင် များများစိုက်တော့ တစ်အိမ်လုံးကို မွှေးကြိုင်စေတာပေါ့'

သူ၏ မိခင်ရေရွတ်သည့်အတိုင်း တီးတိုး ရေရွတ်လိုက်သည်။

သူ၏ စကား ဆုံးသွားသည်နှင့်…

'အို'

ဟူသော အာမေဋိတ်သံတစ်သံ ထွက်ပေါ်လာသည်။

○ ● ○

အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးက လင်ပန်းတစ်ခု ကိုင်ဆောင်ကာ အခန်းတွင်းသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးက ချူးရှန်အား တစ်ချက် ကြည့်ပြီး…

'သိပ်ထူးဆန်းပါလား။ ကျွန်မ ဖေဖေကလဲ ဒီလို စကားမျိုး ခဏခဏ ပြောတတ်တယ်ရှင့်'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

မိန်းကလေးက...

'ကျွန်မ ဖေဖေက ပြောတယ်။ ပြတင်းပေါက် များများ ဖောက်ရင် နေရောင်ခြည်များများရတယ်။ ချယ်ရီပင် များများစိုက်တော့ တစ်အိမ်လုံး မွှေးကြိုင်တယ်တဲ့'

ထိုစကားကို ကြားရသောအခါ ချူးရှန်မှာ အံ့သြဟန် ဖြင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေတော့သည်။ မိန်းကလေးက လက်ထဲမှ လင်ပန်းကို အနီးရှိ စားပွဲပေါ်သို့ ချလိုက်ပြီး ချူးရှန်ဘက်သို့ လှည့်ကာ..,

'ရှင်နဲ့ ကျွန်မ ဖေဖေတို့က စိတ်ကူးချင်း တော်တော် တူနေတယ်ရှင့်'

'ကျုပ် စိတ်ကူး မဟုတ်ဘူးဗျ။ ကျုပ် မေမေရဲ့ စိတ်ကူးပဲ'

'ရှင့်မေမေ စိတ်ကူး ဟုတ်လား'

ချူးရှန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ ကျုပ်တို့အိမ်မှာ အခုလိုပဲ ပြတင်း ပေါက်တွေကို တန်းစီပြီး ဖောက်ထားတယ်။ ပန်းခြံထဲမှာလဲ ချယ်ရီပင်တွေ အများကြီး စိုက်ထားတယ်ဗျ'





မိန်းကလေးက မည်သို့ ပြန်ပြောရမှန်းမသိဘဲ ကြောင် အမ်းအမ်း ဖြစ်နေ၏။

ချူးရှန်က စကားဆက်လိုက်၏။

'အမှန်အတိုင်း ပြောရရင် ဒီအခန်းက ကျုပ် စာကြည့် ခန်းနဲ့ တစ်ပုံစံတည်းပဲဗျ'

ထိုစကား ကြားလိုက်ရသောအခါ မိန်းကလေးက ပါးစပ်ဟောင်းလောင်း ဖြစ်သွားပြီး...

'ဂျင်'

သူမသည် အတန်ကြာ ငေးငိုင်နေပြီးမှ...

'ဒီအခန်းက ကျွန်မဖေဖေရဲ့ စာကြည့်ခန်း။ ရှင် အခု အဖြစ်အပျက်တွေကို ကျွန်မတော့ ဘာမှ နားမလည် တော့ဘူး'

ချူးရှန်က...

'ဟုတ်တယ်။ ကျုပ်လဲ နားမလည်တော့ဘူး'

မိန်းကလေးက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ကဲ... ဒါတွေကို ထားလိုက်ပါတော့။ ရှင် ဆန်ပြုတ် သောက်ပါဦး'

သူမသည် ပြောရင်း ချူးရှန်ထံသို့ ပန်းကန်များ လှမ်းပေးလိုက်သည်။

ဆန်ပြုတ်များနှင့် အခြား ဟင်းလျာများမှ ထွက်ပေါ် လာသော မွှေးကြိုင်သည့် အနံ့ကြောင့် ချူးရှန်က ဟန်ပင် မဆောင်နိုင်တော့ပါ။

သူသည် မိန်းကလေးပေးသော ဆန်ပြုတ်များကို အားရပါးရ စားသောက်လေတော့သည်။

ဆန်ပြုတ် နှစ်ပန်းကန်နှင့် ဟင်း နှစ်ပန်းကန်တို့မှာ တက်တက်စင် ပြောင်သွားပြီ ဖြစ်သည်။

ချူးရှန်က, ဝမ်းဗိုက်ကို ပွတ်လိုက်သည်။

ဆန်ပြုတ်နှင့် ဟင်းလျာများမှာ အရသာ အလွန် ကောင်းမွန်နေ၏။

သို့သော်...

ချူးရှန်က ချီးကျူးနိုင်စွမ်း မရှိပါ။ သူ ချီးကျူး စကားဆိုရန် ဝန်လေးသောကြောင့်ပင် ဖြစ်သည်။ သူသည် ကျေးဇူးတရားကို နားလည်သဘောပေါက်သော လူတစ် ယောက် ဖြစ်၏။





သို့သော် ယခု သူက မိန်းကလေးအား ချီးကျူးစကား မပြောဆိုသည်မှာ အကြောင်း ရှိနေ၏။

ထိုဆန်ပြုတ်မှာ ချူးရှန်မိခင်၏ ချက်ပြုတ်ပုံနှင့် အရသာတူနေသောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ချူးရှန်က မည်သို့ ချီးကျူးစကား ပြောရမှန်း မသိဖြစ်နေ၏။

မိန်းကလေးက ပြုံးလိုက်ပြီး...

'စားလို့ ကောင်းရဲ့လား'

'ဟုတ်ကဲ့။ ကောင်းပါတယ်'

မိန်းကလေးက အသင့်ပါလာသော ကရားတစ်ခုမှ အရက်များ ငှဲ့လိုက်ပြီး ချူးရှန်ထံသို့ လှမ်းပေးလိုက်သည်။ ချူးရှန်က အရက်တစ်ခွက်ကို လှမ်းယူပြီး တစ်ဟုန်ထိုး မော့ချ လိုက်လေသည်။

အရက်များ ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံးမှာ ပေါ့ပါး နွေးထွေးသော အားအင်များ ပြည့်ဖြိုးလာသည်ဟု ချူးရှန်က ခံစားလိုက်ရ သည်။

သူသည် လျှို့ဝှက်သော မိသားစုအကြောင်းကို သိရှိ

လိုသည်။ သူ၏ မိခင် (သို့မဟုတ်) ဘိုးဘွားများနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟုလည်း သူက တထစ်ချ ယုံကြည်ထားလေသည်။

သူက တုမုရန်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ရပေဦးမည်။

အကယ်၍ သူ့အား ထိုမိသားစုက ပြုစု စောင့်ရှောက်ထား သည်ကို တုမုရန်က သိရှိသွားပါက အန္တရာယ်မပေးဟု မဆိုနိုင်။

မိမိ အသက်သခင်အား ဒုက္ခမရောက်စေလိုပါ။

ထို့ကြောင့် ချူးရှန် ဤနေရာမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

အကယ်၍ သူကသာ တုမုရန်ကို အနိုင်ရလိုက်ပါက သူ ထိုမိသားစုထံ တစ်ခေါက်ပြန်လာမည်ဟု သန္နိဋ္ဌာန် ချထား၏။

ချူးရှန်က ထိုင်ရာထလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ...

'အခုလို ကျုပ်ကို ပြုစု စောင့်ရှောက်ခဲ့တာ ကျေးဇူး





တင်ပါတယ်ဗျာ။ ဒါပေမယ့် ကျုပ်ကို ခွင့်ပြုပါ။ အရေးကြီးတဲ့ကိစ္စလေး ရှိနေလို့ သွားခွင့်ပြုပါ'

'မဖြစ်သေးဘူး။ ရှင်က ဒီမှာ အနည်းဆုံး နောက်တစ်ရက် နေရဦးမယ်'

'ကျေးဇူးတင်ပါတယ်။ ကျုပ် မသွားမဖြစ်လို့ပါ'

'တားမရရင်လဲ သွားပေါ့။ ဒါပေမယ့် ရှင် ဒီက ထွက်သွားနိုင်မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'ရှင်က ဆန်ပြုတ်နဲ့ အရက်သောက်ခဲ့တယ်လေ'

မိန်းကလေး စကားဆုံးသည်နှင့် ချူးရှန်၏ မျက်လုံးများ လေးလံလာသည်ဟု ခံစားလိုက်ရသည်။

မိန်းကလေးက ဆန်ပြုတ်နှင့် အရက်ထဲတွင် အဆိပ်ခတ်ထားခြင်း ဖြစ်ရမည်ဟု သူ နားလည်လိုက်လေသည်။

ချူးရှန်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး...

'ခင်ဗျား၊ ခင်ဗျား'

သူသည် စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ဘဲ

ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။ မိန်းကလေးက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ရှင်က ဒဏ်ရာ လုံးဝ ပျောက်ကင်းသွားမှ ဒီကနေ ထွက်သွားရမယ်ရှင့်'

ဟု အသံတိုးတိုးဖြင့် ပြောလိုက်သည်။

သို့သော်...

ချူးရှန်က မကြားနိုင်တော့ပါ။

သူသည် ဒုတိယအကြိမ် သတိလစ် မေ့မြောသွားလေလေတော့သည်။

▼ ❒ ▼





## အခန်း (၆)

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အလင်းရောင်သည် အားပျော့သွားပြီး အမှောင်ဝန်းကျင်တစ်ခုလုံးသို့ ကြီးစိုးစ ပြုလာသည်။

အခန်း၏ ပြတင်းပေါက်များ ဖွင့်ထားသောကြောင့် အခန်းထဲသို့ မသဲမကွဲ မြင်တွေ့နိုင်သည်။

အခန်းတွင်း ခုတင်ပေါ်၌ လူတစ်ယောက်က လဲလျောင်းနေ၏။

ထို သူမှာ ချူးရှန်ပင် ဖြစ်ပါသည်။

ပြတင်းမှ လေပြည်ကလေးအတွင်းသို့ ဝေ့ယမ်း

တိုက်ခတ်လိုက်သည်နှင့် ချူးရှန် လွှပ်ရှားသွားပြီး သတိရလာလေတော့သည်။

ချူးရှန်က ခုတင်ပေါ်မှ ဆတ်ခနဲ ထလိုက်သည်။

သူ၏တစ်ကိုယ်လုံး ပေါ့ပါးနေပြီး၊ အင်အားများ ပြည့်ဖြိုးလျက် ရှိနေသည်ကို ခံစားလိုက်ရ၏။

ချူးရှန်က အံ့သြသွားသည်။

စောစောက မိန်းကလေး အဆိပ်ခတ်သည်ဟု ထင်မိသည်။

သို့သော် ယခု သူက သေဆုံးသွားခြင်း မရှိသည့်ပြင်၊ တစ်ကိုယ်လုံး လန်းလန်းဆန်းဆန်း ရှိနေသည်။

အားများ တိုးပွားနေသကဲ့သို့ ခံစားလိုက်ရသောကြောင့် သူက နားလည်လာသည်။

ထိုစဉ်မှာပင် တိုက်ခတ်လာသော လေပြည်နှင့်အတူ မသဲမကွဲ အသံတချို့ကို ကြားလိုက်ရသည်။

ထိုအသံမှာ တိုက်ပွဲသံနှင့် ခပ်ဆင်ဆင်တူနေသည်။

ချူးရှန် ရင်ထိတ်သွား၏။





သူသည် ကပျာကယာ ခုတင်မှ ဆင်းလိုက်ပြီး ပြတင်းပေါက်ရှိရာသို့ ပြေးလွှားသွားလေသည်။

ပြတင်းပေါက်မှ တစ်ဆင့် ခြံဝင်းတစ်ခုလုံးကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။

ချူးရှန်က ပြတင်း ပေါက်သို့ ရောက်ရှိလာသောအခါ တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ဖက်နှင့်တစ်ဖက် အသေအကျေ တိုက်ခိုက်နေသော တိုက်ပွဲမဟုတ်ပါ။

လူတစ်ယောက်က လက်ထဲ မှ ဓားကို အဆက်မပြတ် ဝှေ့ယမ်းကာ လေထဲသို့ တစ်ဟုန်ထိုး တိုက်ခိုက်နေ၏။

ထိုလူ၏ တိုက်ခိုက်မှုသည် လျှင်မြန်လွန်းလှသဖြင့် ဓားရောင်များဖြင့် ဝင်းလက်နေသည်။

ချူးရှန် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထိုတိုက်ခိုက်နေသူကို သူက သိရှိထားသည်။

တိုက်ခိုက်နေသူမှာ အဖြူရောင်ဝတ်ဆင်ထားသော အိမ်ရှင် မိန်းကလေးဖြစ်ပြီး၊ တစ်ယောက်တည်း သိုင်းပညာ လေ့ကျင့်နေပုံ ရှိလေသည်။

သူမ၏ သိုင်းကွက်များသည် မည်သည့်သိုင်းအဖွဲ့မှ သိုင်းကွက်များဟု ချူးရှန်က တပ်အပ် မပြောဆိုနိုင်ပါ။

ချူးရှန်သည် ဗဟုသုတ ကြွယ်ဝသူတစ်ယောက်ဖြစ်သော်လည်း ထိုမိန်းကလေး၏ သိုင်းကွက်များကို မသိဘဲဖြစ်နေသည်။

မိန်းကလေး၏ သိုင်းကွက်များမှာ ဝုတန်သိုင်းကွက်လိုလို၊ ရှောင်လင်ဂိုဏ်းမှ သိုင်းကွက်လိုလို ဖြစ်နေသည်။

ထိုစဉ်မှာပင် လက်ခုပ်သံတစ်ချက် ထွက်ပေါ်လာပြီး၊ လူတစ်ယောက် ဝင်လာသည်။

မိန်းကလေးက လှေကျင့်ခြင်းမှ ရပ်တန့်လိုက်ပြီး အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် ချူးရှန် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ခြံထဲသို့ အနက်ရောင် ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက် လှမ်းဝင်လာသည်။





ထိုမိန်းကလေးမှာ လျှို့ဝှက်မိသားစုနှင့် အဆက်အသွယ်ရှိသူ ဖြစ်လေမလား၊ သို့မဟုတ် ထိုအဘိုးအိုမှာ မိန်းကလေး၏ ဖခင်ဖြစ်နေမလားဟူ၍ တွေးမိရင်း ချူးရှန်လက်ခြေလက်ဖျား အေးစက်လာသည်။

အနက်ရောင်ဝတ်စုံနှင့် အဘိုးအိုမှာ မိန်းကလေးရှေ့သို့ ရောက်လာပြီ ဖြစ်သည်။

သူ့မျက်လုံးအစုံမှာ ကျဉ်းမြောင်းနေပြီး နှာခေါင်းအနည်းငယ် ကောက်နေသည်။

နားထင်နှစ်ဖက်မှာ ချိုင့်နေပြီး ပိန်ပိန်ပါးပါးနှင့်ဖြစ်သည်။

အဘိုးအိုက မိန်းကလေးအား ပြုံးပြလိုက်သည်။

'မိန်းကလေးရဲ့ သိုင်းပညာက တယ်ကောင်းပါလား'

မိန်းကလေးက ဘာမျှ ပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

'မင်းလဲ တစ်ချိန်ကျရင် မင်းအဖေခြေရာကို ဆက်ခံနိုင်မယ်'

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ရှင်'

မိန်းကလေးနှင့် အဘိုးအိုတို့ ပြောဆိုပုံကို ကြည့်၍ သူ့အတွက် အန္တရာယ်ရှိကြောင်း သတိထားလိုက်မိသည်။

အဘိုးအိုမှာ ဝမ်းမှု၏ ကိုယ်ရံတော် လိုကျင့်ဟုန် ဖြစ်နေသည်။

လိုကျင့်ဟုန်သည် ဝမ်းမှု၏ ရန်သူ ကျန်းစုစင်း၏ ဂိုဏ်းသားများကို သုတ်သင်ရှင်းလင်းရာတွင် နာမည်ကြီးသူ ဖြစ်သည်။

ထို့ကြောင့် သူသည် လုံးဝ မလှုပ်ရှားဘဲ ပြတင်းပေါက်မှ ချောင်းကြည့်နေသည်။

လိုကျင့်ဟုန်က မိန်းကလေးကို မေးလိုက်သည်။

'မင်းအဖေ ပြန်မရောက်သေးဘူးလား'

'မရောက်သေးပါဘူးရှင်။ ခရီးထွက်သွားတာ နှစ်ရက်လောက်ရှိပြီ'

'သူ ဘယ်ကို သွားတာလဲ မိန်းကလေး'

မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး ပြန်ဖြေလိုက်သည်။





'မသိဘူးရှင့်'

လိုကျင့်ဟုန် စိတ်ပျက်သွားသည်။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ဆက်ပြောသည်။

'ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိလို့လာတာ၊ သူနဲ့တွေ့မှ ဖြစ်မယ်'

'ဘဘ အရေးကြီးတဲ့ကိစ္စရှိရင် ကျွန်မကိုပြောခဲ့ပါ။ ဖေဖေပြန်လာရင် ကျွန်မပြန်ပြောလိုက်ပါ့မယ်'

'မဖြစ်ဘူးကွယ့် သူနဲ့တွေ့မှ ဖြစ်မှာ'

ထိုစဉ်မှာပင် ချယ်ရီပင်များ တန်းစီစိုက်ထားရာဘက်မှ သက်ပြင်းချသံ ကြားလိုက်သည်။

မိန်းကလေးနှင့် လိုကျင့်ဟုန်တို့ ပြိုင်တူ လှည့်ကြည့်လိုက်သည်။ တစ်ပင်လုံး အပွင့်များ ဝေဆာနေသော ချယ်ရီပင်အောက်၌ မုတ်ဆိတ်မွေး၊ မျက်ခုံးမွေးများ ဆွတ်ဆွတ်ဖြူနေသော အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်နှစ်ဖက် နောက်ပစ်ကာ ချယ်ရီပင်ကို မော့ကြည့်နေသည်။

'ဖေဖေ'

မိန်းကလေးက အော်ခေါ်ရင်း အဘိုးအိုထံသို့ ပြေးသွားကာ ရင်ခွင်ထဲသို့ ဝင်လိုက်သည်။ လိုကျင့်ဟုန် မျက်နှာမှာလည်း ပြုံးရွှင်နေသည်။ သူသည် ချယ်ရီပင်အောက်၌ ရပ်နေသော အဘိုးအိုကို လှမ်းကြည့်လိုက်သည်။

'သြော် အစ်ကိုကြီး တုမုရန် ပြန်ရောက်လာပြီကိုး'

ထိုစကားကြားလိုက်ရသည်နှင့် ချူးရှန်တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ တစ်ဆက်တည်းမှာပင် နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းသို့ ကျသွားသည့်အလား ခံစားလိုက်ရလေတော့သည်။

* ○ *

ဝန်းကျင်တစ်ခုလုံးရှိ လေထုမှာပင် ရပ်ဆိုင်းသွားသည်ဟု ထင်မှတ်လိုက်ရသည်။ ချူးရှန်၏ ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ်တုန်နေသည်။ သူသည် တုမုရန်အား သုတ်သင်ရန် ရောက်လာခြင်း ဖြစ်သည်။

သို့သော် လမ်းတွင် သီလာသော မိန်းကလေးတစ်ယောက်ပါလာပြီး၊ သူ့ကိုကြိုက်နေသော စန့်ကွမ်းထင်း





လည်း ပါဝင်လာပြန်သည်။ စန့်ကွမ်းထင်းသည် အိလန် စိတ်ချမ်းသာစေရန် ချူးရှန်အား အကျပ်ကိုင်ပြီး အိလန်ထံ ပြန်သွားစေသည်။

သို့သော် ချူးရှန်က လက်မခံသဖြင့် တိုက်ကြကာ တိုက်ပွဲတွင် စန့်ကွမ်းထင်း လက်ချက်ဖြင့် ဒဏ်ရာရခဲ့သည်။

သူ့ဒဏ်ရာကို မိန်းကလေးတစ်ယောက်က ကုပေးသည်။ ထို မိန်းကလေးမှာ ချူးရှန်၏ ရန်သူ တုမုရန်၏သမီး ဖြစ်နေသည်။

ယခု သူသည် တုမုရန်၏ စာကြည့်ခန်းထဲတွင် ရှိနေသည်။ သူ့အသက်သခင်၏ ဖခင်ကို သူ ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဖြစ်သည်။ ချူးရှန် နဖူးပေါ်မှ ချွေးများ အဆက်မပြတ် စီးကျနေသည်။

လိုကျင့်ဟုန် မျက်နှာသည် ပြုံးရွှင်နေသည်။ တုမုရန်က ရင်ခွင်ထဲမှ သမီးကို ခေါ်လိုက်လေသည်။

'စင်းစင်း'

'ရှင်'

စင်းစင်းက ခေါင်းမော့ပြီး ပြန်ဖြေလိုက်သည်။

'သမီး မေမေ အခြေအနေ ဘယ်လိုလဲ'

'နေကောင်းသွားပါပြီ ဖေဖေ'

တုမုရန် သက်ပြင်းတစ်ချက် ချလိုက်ပြီး ချယ်ရီ ပင်ရင်းတွင် ချထားသော အထုပ်တစ်ခုကို ညွှန်ပြလိုက်သည်။

'သမီး အဲဒီအထုပ်ကို အိမ်ထဲ သွားသိမ်းထားလိုက်ပါဦး'

စင်းစင်းက မြေပေါ်မှ အထုပ်ကို ကောက်ယူပြီး ချာခနဲ လှည့်ကာ အိမ်ကလေးအတွင်းသို့ ပြေးဝင်သွားသည်။

တုမုရန်နှင့် လိုကျင့်ဟုန်တို့က စင်းစင်းအား နောက်မှ ပြုံးရွှင်စွာကြည့်လျက် ကျန်ရစ်ခဲ့သည်။

စင်းစင်းထွက်သွားသောအခါ တုမုရန်သည် လိုကျင့်ဟုန်ဘက်သို့ လှည့်လိုက်သည်။

'ခင်ဗျားမှာ ကိစ္စတစ်ခုခု ရှိနေပြီထင်တယ်'

လိုကျင့်ဟုန်က ပြုံးလိုက်ပြီး ပြန်ဖြေလိုက်သည်။

'ဟုတ်တယ်'

'ဘာကိစ္စလဲ'

'ခင်ဗျားကို နယ်စားဝမ်းမုက သူ့ဆီမှာ အမှုထမ်းဖို့ ခေါ်ခိုင်းလိုက်တယ်'





ထိုစကားကို ကြားလိုက်ရသောအခါ ချူးရှန်မှာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

တုမုရန်က ပြန်မေးလိုက်သည်။

'ကျုပ်က သူ့ဆီမှာ အမှုထမ်းရမယ် ဟုတ်လား'

'ဟုတ်တယ်'

တုမုရန်က အေးစက်သော လေသံဖြင့် ပြန်ပြောသည်။

'ကျုပ်ဒီမှာ နေလာတာ ဆယ်နှစ်ကျော်နေပြီ။ ပြန်မလိုက်ပါရစေနဲ့ဗျာ'

'အို အစ်ကိုကြီးလိုလူမျိုး ဒီတောထဲမှာနေလို့ ဘာ အကျိုးထူးမှာလဲ။ နယ်စားကြီးဆီမှာဆိုရင် အစ်ကိုကြီး န[illegible]ည်ကြီးလာမှာ သေချာတယ်'

တုမုရန်က အဓိပ္ပာယ်ရှိသော အပြုံး ပြုံးလိုက်သည်။

'နယ်စားကြီးဆီမှာ ခင်ဗျားရှိနေပြီပဲ ကျုပ်လိုက်စရာ မလိုတော့ပါဘူး။ ဒါကြောင့် ကျုပ် မလိုက်နိုင်တာ ဝမ်းနည်းပါတယ်'

'စိတ်မကောင်းစရာဘဲ။ နယ်စားကြီးက ခင်ဗျားကို မြှောက်စားချင်လို့ ကျုပ်ကို ခေါ်ခိုင်းလိုက်တာ။ ခင်ဗျားက နယ်စားကြီးကို ကူညီခဲ့တယ် မဟုတ်လား'

'ကိစ္စမရှိပါဘူး။ ကူညီခဲ့နိုင်တာကိုပဲ ကျေနပ်ပါတယ်'

ထိုစကားကြောင့် အခန်းထဲရှိ ချူးရှန်က အံကို တင်းတင်းကြိတ်လိုက်သည်။

လိုကျင့်ဟုန်က စကားဆက် ပြန်သည်။

'ဝမ်းမုက ခင်ဗျားကို ဖိတ်ခေါ်တာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ပါ'

'ဘာများလဲဗျာ'

'ကျန်းစုစင်း လက်အောက်က သစ္စာရှိ မျိုးချစ် သိုင်းသမားတွေ ပြည်မကိုဝင်လာကြပြီး ဝမ်းမုကို တော်လှန်ဖို့ ကြိုးစားနေတယ်လို့ သတင်းရတယ်ဗျ'

တုမုရန် စိတ်ဝင်စားသွားသည်။

'ဒီသတင်း သေချာရဲ့လားဗျာ'

'သေချာတယ် ဝမ်းမုကို သစ္စာခံတဲ့ သိုင်းသမားတွေ တစ်ယောက်ပြီးတစ်ယောက် သုတ်သင်ခံနေရတယ်ဗျ'

တုမုရန်က ရင်ထိတ်သွား၏။ ကျန်းစုစင်းက သေဆုံးသွားပြီဖြစ်သော်လည်း သူ့လက်အောက်၌ ထက်မြက်သော သိုင်းသမားများ ကျန်နေခဲ့သည်။





လိုကျင့်ဟုန်က စကားဆက်လိုက်သည်။

'ဒါကြောင့် နယ်စားကြီး ဝမ်းမုက ကျန်းစုစင်း လက်အောက်က သိုင်းသမားတွေကို သုတ်သင်ရှင်းလင်းပစ်လိုတယ်'

တုမုရန်က မဲ့ပြုံးပြုံးလိုက်ပြီး...

'ဒါကြောင့် ကျုပ်ကို အလိုရှိတယ်ဆိုပါတော့'

'ဟုတ်ပါတယ်'

'တစ်ချိန်တုန်းက ကျုပ်ဟာ ကျန်းစုစင်း လက်အောက်မှာ အမှုထမ်းဖူးတယ်။ နောက်မှ ဝမ်းမုလက်အောက်ကို လာခဲ့တာ။ ဒါကြောင့် ကျုပ်က ကျန်းစုစင်းရဲ့ လက်အောက်ခံ သိုင်းသမားတွေ ဘယ်မှာရှိလဲဆိုတာ သိတယ်လို့ ခင်ဗျား ယူဆတယ်မဟုတ်လား'

'ခင်ဗျား တော်တော် ဉာဏ်ကောင်းတာပဲ'

'စိတ်ချ ကျုပ်က သုံးလအတွင်း သူတို့သတင်းကို စုံစမ်းပေးပါမယ်လို့ နယ်စားကြီးကို ပြောပြလိုက်ပါ'

'ကောင်းပါပြီ။ ခင်ဗျား ကတိတည်ပါစေ'

'စိတ်ချပါ'

သူ၏စကားဆုံးသည်နှင့် လိုကျင့်ဟုန်က...

'ကျုပ်ကို သွားခွင့်ပြုပါ'

သူသည် ပြောပြီးသည်နှင့် ထိုနေရာမှ ပြေးလွှားကာ အမှောင်ထုအတွင်းသို့ ပျောက်ကွယ်သွားသည်။ လိုကျင့်ဟုန်၏ ကိုယ်ဖော့ပညာသည် ထိပ်တန်း အဆင့်ထက်ပင် ကျော်လွန်နေကြောင်း ချူးရှန်က တွေ့ မြင်လိုက်ရ၏။

ဤသို့ဆိုလျှင် တုမုရန်၏ သိုင်းပညာက မည်သို့ ရှိမည်နည်း။ ချူးရှန်က မသိနိုင်သော်လည်း တုမုရန် ကိုယ်တိုင်ကမူ သိရှိနိုင်မည် ဖြစ်ပါသည်။

▼ ◻ ▼



ပွင့်စာပေ
အမှတ် ၁၅/၁၃၈၊ မြောက်
ဒဂုံ ... မြို့
ဖုန်း ၂၁၄၅၅

## အခန်း (၄)

အလင်းရောင် လုံးဝ ပျောက်ကွယ်သွားပြီးဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုးထား၏။

သို့သော်...

ကောင်းကင်ပေါ်မှ လခြမ်းကလေးကြောင့် ဝန်းကျင် တစ်ခုလုံးကို မသဲမကွဲ မြင်တွေ့နိုင်လေသည်။

တုမုရန် နေရာတွင်ပင် မလှုပ်မယှက် ရပ်တည်နေ၏။ သူသည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတော နေဟန်ရှိလေသည်။

တုမုရန်က သူ၏ဘဝတွင် အရေးအကြီးဆုံး အကြောင်းအရာများကို စဉ်းစားနေခြင်း ဖြစ်သည်။

ကျန်းစုစင်း လက်အောက်တွင် သိုင်းဘီလူး သုံး

ယောက်ရှိသည့်အနက် ပထမသိုင်းဘီလူး သေဆုံးသွားပြီ ဖြစ်သည်။ စစ်ထန်စစ်မှာ ပျောက်ခြင်းမလှ ပျောက်နေသည်။

စစ်ထန်စစ်သည် နောက်ဆုံးတိုက်ပွဲအချိန်တွင် ကျန်းစုစင်း၏ သားကို ကယ်တင်ကာ ထွက်ပြေးလွတ်မြောက် သွားသည်ဟု တချို့က ဆို၏။

ယခု ဝမ်းမုအား သစ္စာခံသော သိုင်းသမားများကို လိုက်လံသုတ်သင်နေသူမှာ စစ်ထန်စစ်များ ဖြစ်နေမည်လား။

စစ်ထန်စစ်နှင့် ရန်သူဖြစ်ရလျှင် အလွန်ပင် ကြောက် စရာကောင်းမည်ဟု တွေးတောနေမိသည်။

မည်သို့ဆိုစေ ကျန်းစုစင်း လက်အောက်မှ သိုင်း သမားများကို သုတ်သင်ပစ်နိုင်ပါက သိုင်းလောကတစ်ခု လုံးကို သူ၏ ဩဇာအာဏာ လွှမ်းမိုးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နယ်စားကြီး ဝမ်းမုက အကူအညီ ပေးကာ မိမိ၏ မိတ်ဆွေများအပေါ်တွင် သစ္စာဖောက်ခဲ့ခြင်း ဖြစ်သည်။

သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်ရန် အချိန်သည် တဖြည်းဖြည်း နီးကပ်လာပြီဟု သူနားလည်လိုက်သည်။





ထိုစဉ်မှာပင် အိမ်ကလေးအတွင်းမှ စင်းစင်းက မီးအိမ်တစ်လုံးကို ကိုင်ဆောင်ကာ ထွက်ပေါ်လာ၏။

သူမသည် တုမုရန်ထံသို့ လျှောက်သွားပြီး...

'ဖေဖေ အပြင်မှာ မှောင်နေပြီ။ အထဲဝင်ရင် ကောင်းမယ်'

သူမစကားပြောကြောင့် ချူးရှန်က အကျပ်ရိုက်သွား သည်။ တုမုရန်သည် စင်းစင်း၏ ဖခင်ဖြစ်နေသည်ကို တွေ့ရသည်။ ချူးရှန်က အံကို တင်းတင်း ကြိတ်ထားလိုက် လေသည်။

'သမီးမေမေကော အိပ်သွားပြီလား'

'မေမေ စောစော အိပ်ရာဝင်သွားတယ်'

'အင်း မနက်ကျမှပဲ သူ့ကို သွားတွေ့လိုက်တော့မယ်'

ရုတ်တရက် တုမုရန်၏ မျက်နှာက တည်ကြည် လေးနက်သွားသည်။ သူသည် မျက်မှောင်ကြုတ်၍ မလှုပ် မယှက် ရပ်တန့်နေလိုက်လေသည်။

စင်းစင်းက အံ့ဩသွားပြီး...

'ဘာဖြစ်လို့လဲ ဖေဖေ'

တုမုရန်က လက်ကာပြပြီး စင်းစင်းကို စိုက်ကြည့်လိုက်၏။

'အိမ်ထဲမှာ ဘယ်သူရှိနေသလဲ'

သူ၏အသံမှာ တိုးတိုးလေးပင် ဖြစ်သော်လည်း ချူးရှန်၏ နားအတွင်း၌ မိုးချုန်းသံထက်ပင် ကျယ်လောင်နေလေသည်။

ချူးရှန်က ပြတင်းပေါက်နားကပ်၍ တိုးလိုက်ရာ ပြတင်းပေါက်နားတွင် ထောင်ထားသော တံမြက်စည်းကို တိုက်မိသွားသည်။

တိုက်မိသော တံမြက်စည်း လဲကျရာမှ အသံထွက်ပေါ်လာခြင်းဖြစ်သည်။ စင်းစင်းက ပြုံးလိုက်ပြီး...

'ဖေဖေ့ကို အစောကြီးကတည်းက ပြောပြမလို့ပါ။ ဧည့်သည်ရှိနေတယ်'

တုမုရန် မျက်မှောင်ကြုတ်သွားပြီး...

'သမီး ဘာတွေ လျှောက်လုပ်ထားပြန်ပြီလဲ'

စင်းစင်းက...

'ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတဲ့လူကို သမီးက ကယ်တင်ထားတယ်လေ'





တုမုရန် ခေါင်းညိတ်လိုက်ပြီး...

'ဒါကြောင့် အဖေ အိမ်ထဲက အသံတစ်သံ ကြားလိုက်ရတာကိုး'

ချူးရှန် ရင်ထိတ်သွားသည်။ တုမုရန်လည်း သူ ရောက်နေပြီးဖြစ်ကြောင်း သိသွားပြီဟု သူ နားလည်လိုက်လေသည်။ စင်းစင်းက ပြုံးလိုက်ပြီး...

'ဖေဖေပြောခဲ့တယ်မဟုတ်လား။ ဒုက္ခရောက်နေတဲ့လူကို ကယ်တင်ရမယ်၊ စိတ်ကောင်းနှလုံးကောင်း မွေးမြူရမယ်လို့'

တုမုရန် ပါးစပ်ပိတ်ထားလိုက်လေသည်။

'သူက ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပြီး တောင်ကြားထဲမှာ လဲကျနေတယ်။ သမီးက သူ့အသက်ကို မကယ်ရင် သူသေသွားမှာပဲ'

တုမုရန် အနည်းငယ် စဉ်းစားလိုက်ပြီး...

'သူက ဘယ်လိုဒဏ်ရာမျိုး ရထားတာလဲ'

စင်းစင်းက...

'သူက အတွင်းအားကောင်းတဲ့ လက်ဝါးတစ်ချက် အရိုက်ခံထားရတာပဲ'

'အခု သူ သက်သာသွားပြီလား'

တုမုရန်က...

'သက်သာသွားပါပြီ။ အားပြည့်လာအောင် သမီးက သူ့ကို အိပ်နိုင်းထားပါတယ်'

'သူ သက်သာသွားပြီဆိုတော့ သမီး...'

သူသည် စကားကို ဆုံးအောင်ပင် မပြောနိုင်ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

စင်းစင်းက ပြုံးလိုက်ပြီး...

'ဟုတ်တယ်လေ သမီးက ဖေဖေရဲ့ အသက်ကယ်ဆေးကို သူ့ကို တိုက်ထားတယ်'

တုမုရန်က နှမြောသောလေသံဖြင့်...

'အသက်ကယ်ဆေးလုံး ဘယ်နှစ်လုံး တိုက်ထားလိုက်သလဲ'

'သုံးလုံးတည်းပါ'

ထိုစကားကြားရသောအခါ တုမုရန်က နဖူးအား လက်ဝါးဖြင့် ရိုက်လိုက်ပြီး...

'ဟိုက် ဒုက္ခပဲ'

တုမုရန် ညည်းညူလိုက်သည်။





စင်းစင်းက နှုတ်ခမ်းစူလိုက်ပြီး...

'ဖေဖေက သမီးကို အပြစ်ပြောမလို့လား'

တုမုရန်က လေသံတုန်တုန်ဖြင့်...

'ဒီအသက်ကယ်ဆေးလုံး ဘယ်လောက်ရှားတယ် ဆိုတာ သမီးသိတယ်မဟုတ်လား'

'သိပါတယ် သမားတော်ကျင်းက တစ်နှစ်မှာ တစ်ခါ ဖော်စပ်တယ်။ ဖော်စပ်တဲ့အခါမှာလဲ ခြောက်လုံးပဲ ဖော်စပ်တယ်လို့ ဖေဖေပြောပြထားတာ သမီးမှတ်မိပါတယ်'

'သမားတော်ကျင်းက ဖေဖေနဲ့ ရန်ငြိုးမဖွဲ့ချင်လို့သာ ဖော်စပ်ထားတဲ့ ဆေးခြောက်လုံး ပေးလိုက်တာ သမီးက သုံးလုံး တိုက်လိုက်တယ် ဆိုတော့...'

တုမုရန် စကားမဆုံးခင်...

'ဖေဖေ ဆူရင်လဲ တစ်ခါတည်းသာ ဆူပေတော့၊ သမီးက သူ့ကို အရက်တစ်ခွက်လဲ တိုက်လိုက်ပါသေးတယ်'

တုမုရန် မျက်လုံးပြူးကျယ်သွားပြီး...

'ဖေဖေ ဖော်စပ်ထားတဲ့ အတွင်းအားကောင်းတဲ့ ဆေးအရက် ဟုတ်လား'

'ဟုတ်တယ်'

တုမုရန် စကားပင် မပြောနိုင် ဖြစ်သွားလေသည်။

ချူးရှန်က သက်ပြင်းတစ်ချက်ချရင်း စင်းစင်းမှာ မိမိအား အလွန်ကောင်းမွန်သော ဆေးဝါးများ၊ အလွန်ရှားပါးသော ဆေးဝါးများကို အသုံးပြု၍ ကယ်တင်ခဲ့သည်။

စင်းစင်း၏ စေတနာကြီးမားပုံကို သူ လေးစားလာလေသည်။ တစ်ဆက်တည်း ဖော်မပြနိုင်သော ခံစားချက်တစ်ရပ် ဖြစ်ပေါ်၍လာလေသည်။

သူက စင်းစင်းအပေါ် သံယောဇဉ်ငြိတွယ်နေမိပြီ။

ချူးရှန် တွေးမရဘဲ ရှိနေစဉ်မှာပင် တုမုရန်၏ အသံ ထွက်ပေါ်လာသည်။

'အခု သူဘယ်မှာလဲ၊ သူက အသက်ကယ်ဆေးလုံးသုံးလုံး တိုက်သင့်တဲ့ လူဟုတ်မဟုတ်ကို ဖေဖေက စစ်ဆေးကြည့်ရဦးမယ်'

စင်းစင်းက ကပျာကယာ ဟန့်တားလိုက်သည်။

'သူ အိပ်နေပြီ ဖေဖေ။ မနက်ကျမှ ဖေဖေ့ကို လာတွေ့ခိုင်းပါ့မယ်'

'ကောင်းပြီလေ မနက်ကျမှပဲ သူ့ကို တွေ့ရမှာပေါ့'





သူသည် ပြောရင်း အိမ်ကလေးအတွင်းသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

ချူးရှန်သည် ပြတင်းက ခွာ၍ အိပ်ရာပေါ်သို့ လဲလျောင်းရန် ဟန်ပြင်လိုက်သည်။ ရုတ်တရက်...

တုမုရန်၏ စူးရှသောအသံ ပေါ်လာသည်။

'ဘယ်သူလဲ'

ချူးရှန် ရင်ထိတ်သွားသည်။

သူ့အား တုမုရန် တွေ့ရှိသွားပြီဟု စိုးရိမ်နေမိသည်။

မဖြစ်နိုင်ပါချေ။ အကြောင်းမှာ သူစာကြည့်ခန်း၌ ရှိနေသည်ကို တုမုရန် သိထားပြီး ဖြစ်သည်။

ချူးရှန် ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။ တုမုရန်သည် လက်တစ်ဖက်က စင်းစင်းအား ဆွဲထားပြီး ခြံဝင်းအပြင်ဘက်သို့ စိုက်ကြည့်ကာ မေးလိုက်ခြင်းပင် ဖြစ်ပါသည်။ သူ၏အသံ ဆုံးသွားသည်နှင့် အမှောင်ထဲမှ အေးစက်သော လေသံတစ်သံ ထွက်ပေါ်လာလေသည်။

'ကျုပ်ပါ'

စကားသံနှင့်အတူ အဝါရောင် ဝတ်ဆင်ထားသော လူတစ်ယောက်က အမှောင်ထဲမှ ထွက်ပေါ်လာသည်။

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် ချူးရှန်က ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။

အဝါရောင် ဝတ်ဆင်ထားသောသူသည် အမှောင်ထု အတွင်းမှ တုမုရန်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာနေ၏။

ထိုလူက ခြေတစ်လှမ်း လှမ်းလိုက်တိုင်း အန္တရာယ် ရှိသော အငွေ့အသက်များက တစ်စတစ်စ နီးကပ်လာသည်ဟု ခံစားလိုက်ရသည်။

တုမုရန် အံ့ဩသွား၏။ ရောက်ရှိလာသောလူမှာ အသက်နှစ်ဆယ်ကျော် ခန့် လူငယ်တစ်ယောက်ဖြစ်သည်။

ထိုလူငယ်ကို တုမုရန် မသိပါ။ ထိုလူငယ်သည် ဝမ်းမှ သစ္စာခံသိုင်းသမားများအား လိုက်လံ သုတ်သင်နေသူဟု ထင်မိကာ တုမုရန် မျက်လုံးအစုံမှာ လူသတ်လိုသော အရိပ် အယောင်များ ထွက်ပေါ်လာသည်။

အဝါရောင် ဝတ်ဆင်ထားသူကို တုမုရန်က မသိသော်လည်း ချူးရှန်က သိထား၏။

အကြောင်းမှာ...

ထိုအဝါရောင် ဝတ်ဆင်ထားသူမှာ မိမိအား လက်ဝါးဖြင့် ရိုက်ခဲ့သော စန့်ကွမ်းထင်းပင် ဖြစ်နေလေသည်။





အဘယ်ကြောင့် စန့်ကွမ်းထင်း တုမုရန်ထံသို့ ရောက်ရှိရသနည်း။

စန့်ကွမ်းထင်းက ခြေလှမ်းကို ရပ်တန့်လိုက်သည်။ တုမုရန်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

တုမုရန် စင်းစင်းအား လက်ပြလိုက်ပြီး စကားစ လိုက်ကာ...

'မင်း ဘယ်သူလဲ'

'ကျုပ်ဘယ်သူဆိုတာ ခင်ဗျားသိမှာ မဟုတ်ပါဘူး'

'မင်း ဘယ်သူလဲဆိုတာ ပြောပါ'

စန့်ကွမ်းထင်းက...

'ကျုပ်က အညတရ တစ်ယောက်ပါ။ အခုလာတာ ခင်ဗျားကို တွေ့ချင်လို့ မဟုတ်ဘူး'

တုမုရန်က အံ့ဩသွားပြီး...

'မင်း ဘာကို ဆိုလိုတာလဲ'

'ကျုပ်က ကျုပ်ဆရာရဲ့ ညီမကို တွေ့ချင်လို့လာတာပဲ'

'မင်းက ပိုးကျူးကို တွေ့ချင်တယ် ဟုတ်လား'

စန့်ကွမ်းထင်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး…

'ဟုတ်တယ်'

'ဘာကိစ္စလဲ'

'ကျုပ်ဆရာက စကားတစ်ခွန်း မှာလိုက်တယ်။ သူ့ညီမဆီက ဓားသိုင်းကျမ်းစာအုပ် ပြန်တောင်းခိုင်းလိုက်ပါတယ်'

ထိုစကားကို ကြားရသည်နှင့် တုမုရန်၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေတော့သည်။

▼ ◻ ▼

# အခန်း (၁)

ချူးရှန် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

သို့သော်…

စန့်ကွမ်းထင်းနှင့် တုမုရန်တို့မှာ တစ်နည်းတစ်ဖုံ ပတ်သက်နေမည်ဟု သူ နားလည်လေသည်။

ထိုစဉ်မှာပင်…

တုမုရန်၏အသံ ထွက်ပေါ်လာသည်။ "တဟား ဟား" ရယ်မောလိုက်ပြီး…

'မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ်ပြော တတ်တာကိုး'

စန့်ကွမ်းထင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး…

'ခင်ဗျားသာ လူလိမ်လူညာဗျ၊ ခင်ဗျားကသာ နည်းမျိုးစုံသုံးပြီး ကျုပ်တို့ ဂူတန်အဖွဲ့က ဓားသိုင်းကျမ်းကို ခိုးယူသွားတာပဲ'

တုမုရန်၏ မျက်လုံးများ ဝင်းလက်သွား၏။ သူသည် လေသံ အေးစက်စွာဖြင့်...

'မင်းက ဘာဖြစ်လို့ ကျုပ်ကို အခုလို စွပ်စွဲတာလဲ'

'ခင်ဗျား မတရားလုပ်ခဲ့တာတွေကို ကျုပ်ဆရာ ပြောပြထားလို့ပေါ့'

'ဒါဖြင့် မင်းက ဂုအိချိရဲ့ တပည့်ပေါ့'

စန့်ကွမ်းထင်းက ခေါင်းညိတ်ပြပြီး...

'ဟုတ်တယ်'

တုမုရန်က အနည်းငယ် စဉ်းစားလိုက်ပြီး...

'ဒီလိုဆို မင်းက ဂူတန်အဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး စန့်ကွမ်းထင်း ဖြစ်ရမယ်'

'ဟုတ်တယ်'

ထိုစကားကို ကြားရသော ချူးရှန် အံ့ဩသွားသည်။ ဂူတန်အဖွဲ့ချုပ်တွင် အသက်ငယ်ရွယ်ပြီး၊ သိုင်း





ပညာ ထူးချွန်သော အုပ်ချုပ်ရေးမှူးတစ်ယောက် ရှိသည်ဟု သူ သိရှိထားလေသည်။ သို့သော်...

ထိုလူမှာ စန့်ကွမ်းထင်းဖြစ်မှန်း သူ မသိခဲ့ပါ။

တုမုရန်က ပြုံးလိုက်ပြီး...

'မင်းဆရာ ဂုအိချိက သေသွားပြီပဲ'

စန့်ကွမ်းထင်းက...

'သူက သေသွားပေမယ့် ကျုပ်ရှိသေးတယ်'

တုမုရန် သဘောကျစွာ လက်ဝါးနှစ်ဖက်ကို ပွတ်၏။

စင်းစင်း ရင်ထိတ်သွားလေသည်။ အကြောင်းမှာ တုမုရန် လူသတ်ခါနီးတွင် ထိုသို့ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်လေ့ရှိသည်။ တုမုရန် အားရပါးရ ပြုံးလိုက်ပြီး...

'မင်း မဆိုးဘူးဟေ့'

'ကျုပ်ဆရာရဲ့အဖေက ခင်ဗျားအပေါ် ဘယ်လောက် ကောင်းခဲ့သလဲ။ ခင်ဗျားက ကျုပ်ဆရာရဲ့ အဖေကို အကောက်ကြံခဲ့တယ်'

သူ ရင်နာစွာ ပြောလိုက်သည်။ မှန်ပါသည်။ တုမုရန်သည် ဂုအိချိ၏ ဖခင်ဖြစ်သူ ဂုကျိဝမ်းအပေါ်

သစ္စာဖောက်ခဲ့သည်။ ဝုကျိဝမ်းမှာ ဂူတန်အဖွဲ့ ဂိုဏ်းချုပ်ဖြစ်ပြီး၊ သူသည် သမီးဖြစ်သူ ပိုးကျူးအား တုမုရန်နှင့် လက်ထပ်ပေးခဲ့သည်။

သို့သော်…

အကြံသမား တုမုရန်က ပိုးကျူးအား လက်ထပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဝုကျိဝမ်း၏ လျှို့ဝှက်ဓားသိုင်းကျမ်းစာအုပ်ကို ခိုးယူ ထွက်ပြေးခဲ့လေသည်။

ပိုးကျူးမှာ စင်းစင်း၏ မိခင်ဖြစ်ရမည်ဟု ချူးရှန်နားလည်လိုက်လေသည်။ တုမုရန် မဲ့လိုက်ပြီး…

'မင်း ဆရာလဲ သေသွားပြီ။ ဂူတန်အဖွဲ့ ဂိုဏ်းချုပ် ဝုကျိဝမ်းလဲ သေသွားပြီ။ ဒီတော့ ဓားသိုင်းကျမ်း စာအုပ်က ကျုပ်ပဲ ဆိုင်တာပေါ့'

စန့်ကွမ်းထင်းက ခေါင်းခါယမ်းပြလိုက်သည်။

'ခင်ဗျား မှားနေပြီ။ ဓားသိုင်းကျမ်းစာအုပ်က ဂူတန်အဖွဲ့က ပိုင်တဲ့စာအုပ်ဗျ။ ဒါကြောင့် ကျုပ်က ပြန်ရသင့်တယ်'

'ကျုပ်မမှားဘူး။ ဝုအိချိက သူ့အဖေ ဝုကျိဝမ်းရဲ့





ဓားသိုင်းစာအုပ်ကို မြင်တောင်မမြင်ဖူးပဲ ဘာဖြစ်လို့ ပြန်တောင်းခိုင်းမှာလဲ'

'ခင်ဗျား ပြန်ပေးမလား၊ မပေးဘူးလား'

တုမုရန်က အေးစက်စွာဖြင့်…

'မပေးဘူး'

သူသည် ပြောပြီးသည်နှင့် စန့်ကွမ်းထင်းက တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။ သို့သော်…

စန့်ကွမ်းထင်းက လုံးဝမတိုက်ပါ။ သူက သဘောကျစွာ ပြုံးလိုက်ပြီး…

'ခင်ဗျား မပေးဘူးဆိုတာ ကျုပ်သိပါတယ်'

တုမုရန်က အံ့သြသွား၏။

'ဒါဖြင့် မင်းက ကျုပ်ဆီကို ဘာဖြစ်လို့ လာရတာလဲ။ ကျုပ်မိန်းမ ပိုးကျူးကို တွေ့ဖို့တော့ မဖြစ်နိုင်ဘူး'

စန့်ကွမ်းထင်းက ခေါင်းညိတ်လိုက်ပြီး…

'ဟုတ်ပါတယ် ကျုပ်ကိစ္စတစ်ခုရှိလို့ လာတာပါ'

တုမုရန် မျက်မှောင်ကြုတ်သွားသည်။

'ဘာကိစ္စများလဲ'

'ခင်ဗျား ကတိတစ်ခုပေးရင် ကျုပ်သိုင်းကျမ်းစာအုပ် ပြန်မတောင်းတော့ဘူး။ ဂူတန်သိုင်းအဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူး ရာထူးကိုလဲ စွန့်လိုက်မယ်'

ထိုစကား ကြားရသောအခါ တုမုရန် နားမလည်နိုင်အောင် ဖြစ်သွားသည်။ စန့်ကွမ်းထင်းက မည်သည့် ကတိမျိုး တောင်းမည်ကို သူ မသိအောင် ဖြစ်သွား၏။

'ကျုပ်က ဘာကတိမျိုး ပေးရမှာလဲ'

'ခင်ဗျား လူတစ်ယောက်ကို လွှတ်ပေးရမယ်'

'မင်း ဘာပြောတာလဲ'

တုမုရန် မျက်လုံးပြူးသွားသည်။ မိမိ တစ်စုံတစ်ယောက်အား ဖမ်းထားခြင်းမရှိပါ။

ရုတ်တရက် စင်းစင်း ကယ်ထားသော လူငယ်အား သတိရလာသည်။ စင်းစင်း ကယ်ထားသောလူနှင့် စန့်ကွမ်းထင်း မည်သို့ သက်ဆိုင်နေသလဲဆိုတာ သိရှိစေရန် ဟန်ဆောင်လိုက်ပြီး...

'ကျုပ်က ဘယ်သူ့ကိုမှ ဖမ်းမထားရပါလား'





ထိုစကားကို ကြားရသောအခါ စန့်ကွမ်းထင်း ဒေါသထွက်လာသည်။

'ခင်ဗျား လိမ်မပြောနဲ့'

တုမုရန်က...

'ကျုပ် လိမ်မပြောရပါလား'

ချူးရှန် အံ့သြသွားသည်။

စန့်ကွမ်းထင်း မိမိအား လာရှာခြင်းဖြစ်သည်ကို သိရှိလိုက်သည်။ သူ မိမိထံ လာရောက်ရှာဖွေခြင်းသည် အိလန်ခိုင်း၍ ဖြစ်ရမည်။ စန့်ကွမ်းထင်း အံကိုကြိတ်လိုက်ပြီး...

'ခင်ဗျားက ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်၊ ဘာကြောင့် ဒဏ်ရာရတဲ့လူကို ဖမ်းထားရတာလဲ'

တုမုရန် သဘောပေါက်သွားသည်။ စင်းစင်း ကယ်ထားသူမှန်း သိလိုက်ရသည်။

'ခင်ဗျား သူ့ကို သတ်ပစ်လိုက်ပြီလား'

တုမုရန် တွေဝေနေဆဲ စန့်ကွမ်းထင်းက အဘယ်ကြောင့် ဒဏ်ရာရထားသောလူအား သိုင်းကျမ်းစာအုပ်၊ အုပ်ချုပ်ရေးမှူးရာထူးကို စွန့်လွှတ်ပြီး အလိုရှိနေသည်ကို စဉ်းစားနေမိသည်။

စန့်ကွမ်းထင်းက...

'သူက ကျုပ်လက်ချက်နဲ့ ဒဏ်ရာရထားတယ်။ သူ့ကို ခင်ဗျားက တစ်စုံတစ်ခု လုပ်လိုက်မယ်ဆိုရင် ကျုပ်က လက်ပိုက်ကြည့်မနေဘူး'

စင်းစင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ချူးရှန်၏ဒဏ်ရာမှာ စန့်ကွမ်းထင်းရဲ့လက်ချက်ကြောင့်မှန်း သိရသည်။

ထို့အပြင် ချူးရှန်အား အလိုရှိကြောင်းလည်း သိရသည်။

စန့်ကွမ်းထင်းသည်အိလန်အတွက် မိမိအား တိုက်ခိုက်ခဲ့သည်။ ယခုတစ်ဖန် မိမိအား လာရောက်ကယ်တင်နေသည်ကို တွေ့လိုက်ရသည်။ စန့်ကွမ်းထင်းသည် တုမုရန်အား မယှဉ်နိုင်ကြောင်း ချူးရှန် သိထား၏။

စန့်ကွမ်းထင်း ကိုယ်တိုင်လဲ သိထားသည်။

* ○ *

စန့်ကွမ်းထင်းသည် မိမိအသက်ကိုမငဲ့ဘဲ မိမိအား





လာရောက်ကယ်တင်နေသည်ကို တွေ့ရသောအခါ ချူးရှန် စိတ်ထဲ ခံစားရလိုက်သည်။

တုမုရန်၏မျက်နှာပေါ်တွင် တဖြည်းဖြည်း ပြုံးယောင် သမ်းလာသည်။

'အင်း ကျုပ်က ထူးဆန်းတဲ့အဖြစ်အပျက်တွေကို တွေ့ရတာ များပါပြီ။ ဒါပေမယ့် ဂူတန်သိုင်းအဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူးတစ်ယောက်က လူတစ်ယောက်အတွက် ရာထူးစွန့်လွှတ်တာကတော့ ပိုပြီးထူးဆန်းနေတယ်ဗျ'

စန့်ကွမ်းထင်းက ခက်ထန်စွာဖြင့်...

'သူက ကျုပ်လက်ချက်နဲ့ ဒဏ်ရာရထားတဲ့ လူပဲ။ အမှန်ပြောရရင် သူက ခင်ဗျားကို သုတ်သင်ဖို့လာတာ။ ခင်ဗျားက သတ်ပစ်လိုက်ရင် ကျုပ်အပေါ် အပြစ်ပုံကျလာမှာပေါ့'

ထိုစကားကြားရသောအခါ တုမုရန် မျက်လုံးပြူးကျယ်သွားတော့သည်။

'သူက ကျုပ်ကို သတ်ဖို့လာတာ ဟုတ်လား'

'ဟုတ်တယ်'

'ပထမတော့ လွှတ်ပေးမလို့၊ အခုတော့ စိတ်ပြောင်းသွားပြီဗျ'

'ဒီလိုဆိုရင်တော့ ခင်ဗျားသေပေတော့'

သူသည်ပြောပြီးသည်နှင့် ဓါးမှာကို ဆွဲထုတ်လိုက်ပြီး တုမုရန်ကို တစ်ဟုန်ထိုး တိုက်ခိုက်လေသည်။

တုမုရန် မမှုပါချေ။ သူသည် ရှေ့ဘက် ခြေတစ်လှမ်းတိုးကာ လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

စန့်ကွမ်းထင်းသည် ဂူတန်သိုင်းအဖွဲ့၏ အားထားရသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ဂူတန်သိုင်းအဖွဲ့ချုပ် ဝုကျိဝမ်း ကွယ်လွန်သွားပြီးနောက်ပိုင်း၌ သားဖြစ်သူ ဝုအိချိက စန့်ကွမ်းထင်းအားအရေးပေးခဲ့သည်။ ထို့ကြောင့်...

စန့်ကွမ်းထင်းက ဂူတန်သိုင်းအဖွဲ့၏ မူပိုင်သိုင်းဖြစ်သော နဂါးပျံဓားသိုင်းကို တတ်မြောက်ထားခဲ့သည်။

သိုင်းအဖွဲ့ချုပ် ဝုကျိဝမ်းသည် ယင်းနဂါးပျံသိုင်းကွက်ဖြင့် သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သူဖြစ်လေသည်။





ယခု စန့်ကွမ်းထင်းသည် ဘဝတစ်သက်တာတွင် ကြောက်စရာအကောင်းဆုံး ရန်သူနှင့် ရင်ဆိုင်နေရပြီဟု သိရှိထားသောကြောင့် နဂါးပျံဓားသိုင်းကို ဖော်ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားသည် ဝေ့ကာဝိုက်ကာဖြင့် မြွေတစ်ကောင်ပမာ တုမုရန်၏လည်ပင်းသို့ တိုးဝင်သွားလေတော့သည်။

တုမုရန်မှာ မလှုပ်မယှက် ရပ်နေ၏။ သူ၏အတွင်းအားများသည် လက်ဝါးပေါ်သို့ စုစည်းထားပြီး ဖြစ်သည်။

စန့်ကွမ်းထင်း နဂါးပျံဓားကို အသုံးပြုတိုက်ခိုက်လာပြီဖြစ်ကြောင်း သူက သိရှိထား၏။

သူက မမှုပါ။

အကြောင်းမှာ နဂါးပျံဓားသိုင်းကို စတင်တီထွင်ခဲ့သူမှာ သူ့ယောက္ခမဖြစ်နေသည်ကြောင့်ပင် ဖြစ်သည်။ သူ့မှာ သား ဝုအိချိနှင့် သမီး ပိုးကျူး၊ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိရာ ပိုးကျူးကို တုမုရန်နှင့် လက်ဆက်ပေးခဲ့သည်။

အကြောင်းမှာ...

တုမုရန်အား ဘုရင်က အလွှန်အရေးပေးသည့်အပြင် တုမုရန်အား ယှဉ်ပြိုင်အနိုင်ယူမည့်သူမရှိသလောက် ရှားပါးနေသည့်အချိန် ဖြစ်သည်။

တုမုရန် ဝုကျိဝမ်း၏ဓားသိုင်းကျမ်း ခိုးယူပြီးနောက် ပို၍ယှဉ်သူရှားပါးပြီး မရှိတော့သလောက် ဖြစ်သွားသည်။

တုမုရန် ဟန်အမူအရာကင်းမဲ့စွာဖြင့် လက်ဝါးနှစ်ဖက် တွန်းထုတ်လိုက်သည်။

သူ၏လှုပ်ရှားမှုမှာ အလွန်နှေးကွေးနေသည်ကို တွေ့မြင်လိုက်ရသည်။

▼ ▢ ▼



## အခန်း (၉)

စန့်ကွမ်းထင်းက ခြေတစ်ချက် ဆောင့်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လေပေါ်သို့ ခုန်တက်လိုက်ပြီး တုမုရန်ထံသို့ ဓားဖြင့် ထိုးသွင်းလိုက်သည်။

သို့သော်...

လမ်းခုလတ်မှာပင် ပြင်းထန်သော လေပွေလှိုင်းတစ်ခုက တိုးဝှေ့ဝင်ရောက်လာသည်ကို ခံစားလိုက်ရလေသည်။

စန့်ကွမ်းထင်း ရင်ထိတ်သွားသည်။

သူက ကပျာကယာ ထိုးသွင်းလိုက်သောဓားကို ရုပ်သိမ်းလိုက်ပြီး နောက်သို့ ဝါးတစ်ရိုက်ခန့် ဆုတ်သွားရလေသည်။

စန့်ကွမ်းထင်း ရင်ထိတ်သွားသလို...

ချူးရှန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

စန့်ကွမ်းထင်း သိုင်းကွက်တစ်ကွက်အတွင်းမှာပင် ရှုံးနိမ့်သွားပြီဖြစ်သည်။

သူက စန့်ကွမ်းထင်းအတွက် စိုးရိမ် နေမိသည်။

'ယား'

ဩဘသံတစ်ချက် ရှည်လျားစွာပေးပြီး တုမုရန်ထံသို့ ဓားဖြင့် ခုန်ချလိုက်ပြန်သည်။ ယခုတစ်ကြိမ် စန့်ကွမ်းထင်းက ဓားချက် သုံးချက်ဖွေ့ယမ်းကာ သိုင်းကွက် ကိုးကွက်အဖြစ် တုမုရန်ကိုယ်ပေါ်ရှိ အဓိကနေရာများကို လျင်မြန်စွာတိုက်ခိုက်လေသည်။

သူ၏တိုက်ကွက်မှာ လျင်မြန်သဖြင့် ရှောင် တိမ်းရန် မလွယ်ပါ။ သို့သော်...

တုမုရန် လှုပ်ရှားမှုက သူ့ထက်ပို၍ လျင်မြန်နေ၏။

ရုတ်တရက်...

တုမုရန်၏ ကိုယ်သည် အပေါ်သို့ ခုန်တက်သွားပြီး စန့်ကွမ်းထင်း၏ နောက်ကျောသို့ ရောက်ရှိသွားသည်။





တစ်ဆက်တည်းမှာပင် သူ၏လက်ညှိုးတစ်ချောင်းက စန့်ကွမ်းထင်း၏နောက်ကျောသို့ ထောက်လိုက်သည်။

စန့်ကွမ်းထင်း ရင်ထိတ်သွားသည်။

သူသည် ကပျာကယာ နဂါးကိုယ်လှည့်သိုင်းကွက်ဖြင့် နောက်သို့ ချာခနဲလှည့်ကာ ဓားဖြင့် ဖွေ့ယမ်းတိုက်ခိုက်သည်။

သို့သော်...

သူ နောက်ကျသွားပြီ။ သူ၏ခန္ဓာကိုယ် နောက်လှည့် သည့်အချိန်မှာပဲ တုမုရန် လက်ညှိုးက သူ၏နောက်ကျောကို ထောက်မိသည်။ ရုတ်တရက်...

စန့်ကွမ်းထင်း၏ကိုယ်မှာ တစ်ချက်တုန်ခါသွားပြီး...

'ဝုန်း'

စန့်ကွမ်းထင်းသည် မြေပေါ်သို့ လဲလျောင်းနေသည်။

အသက် သေဆုံးခြင်း မရှိသေးပါ။

တုမုရန်က သွေးကြောပိတ်ရုံသာ တိုက်ခိုက်ခြင်း ဖြစ်သည်။ စန့်ကွမ်းထင်း လုံးဝရှုံးနိမ့်သွားပြီဖြစ်သည်။

ချူးရှန်သည် တုမုရန်မှာ အလွန်ထက်မြက်နေသူဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

ထို့အပြင် မိမိမှာ သူ့အား သုတ်သင်ရန်လာသူဖြစ်ကြောင်း သိရှိသွားပြီး ဖြစ်သည်။

ထို့ကြောင့်…

ယနေ့သည် သူ့အတွက် နောက်ဆုံး နေ့ပင်ဖြစ်သည်ဟု တဖြည်းဖြည်းခံစားလာရသည်။

ထိုစဉ်မှာပင် တုမုရန်၏ အသံ ထွက်လာသည်။

'သမီး ဟိုသူငယ်ကို သွားခေါ်စမ်း'

သူ၏ စကားမဆုံးမီ…

'မလိုဘူး၊ ကျုပ်ရောက်လာပြီဗျ'

ချူးရှန်ကပြောပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

ချူးရှန်က အိမ်ရှေ့မြေကွက်လပ်၌ ရပ်နေသည်။

တုမုရန်လည်း ရပ်နေသည်။

စန့်ကွမ်းထင်း မြေပေါ်၌ လဲလျောင်းနေသည်။ သူ၏ မျက်လုံးများသည် မယုံကြည်နိုင်စွာ ချူးရှန်အား စိုက်ကြည့်နေလေသည်။

အကြောင်းမှာ မိမိကြောင့် ဒဏ်ရာရသွားသော





ချူးရှန်မှာ ပြန်ကောင်းမွန်လာသည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ စင်းစင်းသည်လည်း ဒေါသထွက်ကာ…

'လက်စသတ်တော့ ရှင်က ကျွန်မဖေဖေကို သတ်ဖို့လာတဲ့လူကိုး'

တုမုရန် တွေဝေသွားသည်။ သူသည် ချူးရှန်အား တစ်နေရာရာတွင် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ဖူးသည်ဟု ထင်မှတ်လေသည်။ ထို့အပြင် ချူးရှန်အား သံယောဇဉ်ငြိတွယ်နေသလို ခံစားလိုက်ရလေသည်။

'သမီးကယ်တင်ဟာ ဒီသူငယ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'မင်းက ချူးရှန်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

'မင်းက ဘာကြောင့် ကျုပ်ကို သတ်ချင်ရတာလဲ'

'ခင်ဗျားက မိတ်ဆွေတွေအပေါ်မှာ သစ္စာဖောက်တစ်ယောက်ဖြစ်လို့ပေါ့'

တုမုရန်က မျက်မှောင်ကြုတ်လိုက်ပြီး…

'မင်းက ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ'

ချူးရှန် ပါးစပ်ပိတ်ထားလိုက်သည်။

တုမုရန်၏စိတ်ထဲ၌ ချူးရှန်၏ ပြောပုံဆိုပုံလှုပ်ရှားပုံတို့သည် သိက္ခမ်းသည်ဟု ထင်နေသော စိတ်များပို၍ ခိုင်မာလာလေသည်။

သို့သော်...

ချူးရှန်မှာ ငယ်ရွယ်သူတစ်ယောက်ဖြစ်နေသောကြောင့် စဉ်းစား၍ မရပေ။

ထို့ကြောင့် တုမုရန်က...

'မင်းမိဘတွေက ဘယ်သူလဲ'

ချူးရှန် မျက်နှာပျက်သွားသည်။ မိမိမှာ မိခင်သာ ရှိတော့သည်။ ဖခင်မှာ ရန်သူလက်ချက်ဖြင့် သေဆုံးသွားပြီဟု မိခင်က ပြောပြထားသည်။

'ခင်ဗျားသိဖို့ မလိုပါဘူး'

'မင်းကိုကြောက်လို့မေးနေတာ မဟုတ်ဘူး။ တော်ကြာ မင်းမိဘတွေက ကျုပ်မိတ်ဆွေတွေဖြစ်နေရင် ကျုပ်က မှားသတ်မိမှာစိုးလို့ မေးနေတာ'

ချူးရှန်က မဲ့ပြုံး ပြုံးလိုက်ပြီး...





'ခင်ဗျားက မိတ်ဆွေတွေအပေါ် သစ္စာဖောက် တစ်ယောက်ပဲ။ မိတ်ဆွေ ရှိသေးလို့လားဗျ'

သူ၏စကားကြောင့် တုမုရန်၏ရင်ထဲတွင် တစ်ချက် လှုပ်ရှားသွားသည်။ ရုတ်တရက်...

သူသည် ခေါင်းမော့ပြီး...

'ဟား ဟား ဟား'

ရယ်မောလိုက်သည့် ရယ်မောသံသည် နာကြည်းခြင်း၊ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်းများ ရောယှက်နေသည်ဟု ထင်ရလေသည်။ အတန်ကြာမှ...

'ကောင်းပြီ၊ မင်းကို သတ်လိုက်လို့ အပြစ်မရှိနိုင်ဘူးပေါ့'

စကားဆုံးသည်နှင့် ချူးရှန်အား တိုက်ခိုက်ရန် ပြင်လိုက်သည်။ စင်းစင်း မနေနိုင်တော့...

'ဖေဖေ သမီးကယ်တင်ခဲ့တဲ့လူကို ဖေဖေ သတ်ပစ်မလို့လား'

သမီးစကားကြောင့် တုမုရန် မည်သို့လုပ်ရမှန်းမသိ ဖြစ်သွားသည်။

စင်းစင်း ချူးရှန်ဘက်သို့ လှည့်လိုက်ပြီး…

'ရှင်က ကျွန်မဖေဖေကို သတ်မလို့ ဟုတ်လား။ ကျွန်မဖေဖေကို သတ်ချင်ရင် ကျွန်မကို အရင်သတ်လိုက်ပါ'

'ခင်… ခင်ဗျား'

ချူးရှန် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'ရှင် ဒီနေရာက အမြန်ဆုံး ထွက်သွားပါ'

'မဖြစ်ဘူး'

'ရှင် မသွားဘူး ဟုတ်လား'

'ဟုတ်တယ်'

စင်းစင်း ဝမ်းနည်းသွားသည်။

'သမီး စိတ်မပူပါနဲ့၊ ဖေဖေ သူ့ကို နည်းနည်းပါးပါး ဆုံးမလိုက်ပါမယ်'

'ခင်ဗျားကပဲ ဆုံးမ မလား၊ ကျုပ်ကပဲ ဆုံးမပေး ရမလား ကြည့်ရသေးတာပေါ့'

'မင်းကို သိုင်းကွက်သုံးကွက် အသာပေးလိုက်မယ်။ မင်း သုံးကွက်အတွင်း ကျုပ်ကို အနိုင်မရရင်တော့ ကျုပ် ကို အဆိုးမဆိုနဲ့'





စင်းစင်း ကြားဝင်၍…

'သုံးကွက်ဆို နည်းတာပေါ့ ဖေဖေ၊ ဆယ်ကွက် လောက် ပေးပါ'

ချူးရှန် စင်းစင်းက သူ့အား စော်ကားသည်ဟု ထင်ကာ အံကို တင်းတင်းကြိတ်ပြီး…

'ကောင်းပြီ၊ ခင်ဗျား လွတ်အောင် ရှောင်ပေတော့'

* ◎ *

ချူးရှန်၏ ယာဘက်လက်သည် ဓားကို ဝဲဘက်သို့ ခပ်စွေစွေကိုင်ဆောင်ထားပြီး ဝဲဘက်လက်သည် လက်ဝါး သဏ္ဌာန် ရင်ဝသို့ ကာကွယ်ထား၏။

ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ရှေ့သို့ တိုးထွက်လိုက်ပြီး တုမုရန်ထံသို့ တိုက်ခိုက် လိုက်၏။

ဓားသည် ဝဲဘက်သို့ ခပ်စွေစွေကိုင်ဆောင်ထားရာမှ အပေါ်ဘက်သို့ ကန့်လန့်ဖြတ် ခုတ်ချလိုက်သည်။

သူ၏သိုင်းကွက်သည် အလွန်ထူးခြားနေ၏။

'မြင်းရိုင်း ပတတ်ရပ် သိုင်းကွက်ပါလား'

ချူးရှန် ရင်ထိတ်သွားသည်။ မိမိ၏သိုင်းကွက်ကို သိရှိသောကြောင့် ဖြစ်သည်။

ချူးရှန်၏မိခင်မှာ မိတ်ဆွေ ပေါများလှသဖြင့် ချူးရှန်အား တစ်ယောက်တစ်မျိုး သင်ပေးရန် အကူအညီ တောင်းခံခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ထို့အပြင် သူ၏မိခင်အပါအဝင် မိတ်ဆွေများသည် ကျန်းစုစင်း၏လက်အောက်ခံ သိုင်းသမားများဖြစ်ကြပြီး နယ်ချဲ့မန်ချူးသြဇာခံ နယ်စားကြီး ဝမ်းမုကို တော်လှန်ခဲ့ သူများ ဖြစ်ကြလေသည်။

ချူးရှန် နောက်ထပ် သိုင်းကွက်တစ်ကွက် ထပ်တိုက် ပြန်သည်။

'ရှောင်လင်သိုင်းအဖွဲ့က ကြက်အစာကောက်သိုင်း ကွက်နဲ့ ဝုတိသိုင်းအဖွဲ့က ဂဠုန်တောင်ပံဖြန့်သိုင်းကွက် ပါလား'

တုမုရန် စိတ်ထဲတွင်...

'အင်း ဒီလူငယ်ကတော့ အသက်ငယ်ငယ်နဲ့ သိုင်း လောကမှာ ကျော်ကြားတဲ့ သိုင်းအဖွဲ့ကြီးတွေရဲ့ ထက်မြက်





သိုင်းကွက်တွေကို တတ်မြောက်နေပါလား။ သူ့ကို လွှတ် လိုက်ရင် နောင်တစ်ချိန် ငါ့ကို ဒုက္ခပေးလာမှာပဲ'

ဟု တွေးတောနေမိသည်။ ထိုစဉ်မှာပင်...

'ယား'

ညာသံတစ်ချက်ပေးပြီး ခန္ဓာကိုယ်ကို မြေပေါ်သို့ လှိမ့်ချကာ တုမုရန်အနီးသို့ လူးလှိမ့်သွားပြီး ဓားဖြင့် စက်ဝိုင်းသဏ္ဌာန် ဖွေ့ယမ်းလိုက်သည်။

'ဟိုက် နယ်ခြားဒေသက အရိပ်သဏ္ဌာန်မဲ့သိုင်း ဓားကွက်ပါလား'

တုမုရန် နောက်သို့ ခုန်ဆုတ်လိုက်ရသည့်အတွက် ချူးရှန်၏ဓားချက်မှ လွတ်ကင်းသွား၏။

တုမုရန် ဒေါသထွက်ကာ...

'သေပေတော့'

စင်းစင်း ရင်ထိတ်သွားသည်။

'ဖေဖေ'

'သွားစမ်း'

တစ်ချက်အော်ဟစ်ပြီး တွန်းလွှတ်လိုက်သည်။

စင်းစင်းမှာ နောက်သို့ လွင့်စဉ်သွားရလေသည်။

သို့သော်...

သူမသည် သိုင်းတတ်မြောက်ထားသောကြောင့် မြေပေါ်သို့ အသာပင် ကျသွား၏။ တုမုရန်က ချူးရှန်အနီး ရောက်ရှိလာပြီး လက်ဝါးတစ်ချက် ရိုက်လွှတ်လိုက်ရာ ချူးရှန် မရှောင်နိုင်။

'ဝုန်း'

သူသည် သဘောကျသွားသည်။

ထိုစဉ်မှာပင် အမှောင်ထဲမှ လူရိပ်တစ်ခုက လျင်မြန်စွာ ပေါ်ထွက်လာပြီး လဲကျနေသော ချူးရှန်အား ပွေ့ချီထွက်ပြေးသွားလေသည်။

တုမုရန် ဟန့်တားရန် သတိရသောအခါ အဝေးသို့ ရောက်ရှိသွားပြီဖြစ်သည်။ စင်းစင်းမျက်ဝန်းမှ မျက်ရည်များ အဆက်မပြတ် ကျဆင်းလာလေတော့သည်။



# အခန်း (၁၀)

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ချူးရှန်သည် ပြန်လည်သတိရလာလေသည်။

သူသတိရသောအခါ အေးစက်မာကျောသော မြေပြင်ပေါ်တွင် လဲလျောင်းနေခြင်းဖြစ်ကြောင်း သတိပြုမိသည်။

တစ်ဆက်တည်းမှာပင် ကြီးမားသော လိုဏ်ဂူ တစ်ခုထဲ ရောက်ရှိနေကြောင်း သူ သိရှိလိုက်သည်။

သူ့အား မည်သူ ကယ်တင်ခဲ့သနည်းကို တွေးတောစဉ်းစားနေမိသည်။

ချူးရှန်ရင်ထဲ လေးလံလာသည်။

စင်းစင်းသည် သူ၏အသက်ကို ကယ်ခဲ့သည်။

အကူအညီ များစွာ ပေးခဲ့သည်။ စင်းစင်းက သူ့အပေါ် သံယောဇဉ်တွယ်နေကြောင်း သူ ရိပ်မိသည်။ ချူးရှန် ဟန်မဆောင်နိုင်ဘဲ...

'စင်းစင်း'

ကျယ်လောင်စွာ အော်လိုက်မိသည်။

ထိုစဉ်မှာပင် ပေါ့ပါးသော ခြေသံတစ်သံ လျှောက်လာသည်ကို ကြားလိုက်ရသည်။ ချူးရှန် အသက်ကိုပင် ပြင်းပြင်း မရှူရဲပါ။ တဖြည်း ဖြည်းနှင့် မီးရောင်နှင့်အတူ ခြေသံတစ်သံ နီးကပ်လာသည်ကို တွေ့ရသည်။

ချူးရှန်သည် မီးရောင်ကြောင့် မျက်လုံးများ ကျိန်းစပ်သွားသဖြင့် ဝင်လာသူအား မတွေ့ရပါ။ သူသည် အသာပင် မျက်လုံးမှိတ်ပြီး သတိမေ့ချင်ဟန် ဆောင်နေလိုက်သည်။

'သူ သတိမရသေးပါလား၊ ယောင်ပြီး အော်ဟစ်လိုက်တာနဲ့ တူတယ်'

နူးညံ့သော အသံတစ်ခု ထွက်ပေါ်လာ၏။ ထိုအသံကို ကြားရသောအခါ သူ့နောက် တကောက်ကောက်လိုက်နေသော အိလန်ပင်ဖြစ်နေကြောင်း သိရလေသည်။





အိလန်သည် ချူးရှန်အနီး ဝင်ရောက်ထိုင်ချလိုက်သည်။ ထို့နောက် ချူးရှန်၏နဖူးအား အသာအယာစမ်းလိုက်လေသည်။ ချူးရှန်၏ကိုယ်က ဆတ်ခနဲ တုန်ခါသွား၏။

အိလန် ရယ်မောလိုက်သည်။

'အင်း ရှင်က သတိမေ့နေတာတောင် ကျွန်မ အနားလာတာ မကြိုက်ဘဲကိုး'

ချူးရှန် ဆက်လက် ဟန်မဆောင်နိုင်တော့ပါ။ မျက်လုံး ဖွင့်လိုက်သည်။

'ရှင် သတိရပြီလား'

ချူးရှန်က ခေါင်းညိတ်ပြပြီး လူးလိမ့်ကာ ထထိုင်လိုက်သည်။ အိလန်က အံ့သြစွာဖြင့်...

'ရှင်က စန့်ကွမ်းထင်းရဲ့ လက်ဝါးဒဏ်ပျောက်သွားတဲ့ အပြင် အခုလဲ ဘာဒဏ်ရာမှ မရခဲ့ပါလား'

သူသည် အံ့သြစွာဖြင့် အသက်ကို ပြင်းပြင်းရှူလိုက်ပြီး တစ်ကိုယ်လုံးရှိ သွေး၊ လေများ လှည့်ပတ်လိုက်သည်။

သူ၏ ကိုယ်မှာ အပေါ်ယံပွန်းပဲ့ဒဏ်ရာရရှိသည်မှလွဲ၍ ပေါ့ပါးဖျတ်လတ်နေသည်ကို တွေ့ရသည်။

'တုမုရန်က ဘာကြောင့် ကျုပ်ကို ချမ်းသာပေးလိုက်တာလဲ'

သူသည် တွေးရင်း စင်းစင်း တိုက်ကျွေးခဲ့သော သက်ကယ်ဆေးလုံးနှင့် အရက်အား သတိရလာလေသည်။

'ရှင် သတိလစ်နေတုန်း တစ်ချိန်လုံး စင်းစင်းဆိုတဲ့ အမည်ပဲ ခေါ်နေတယ်'

ချူးရှန် မျက်နှာပျက်သွားပြီး...

'ကျုပ် စင်းစင်းကို မသိရပါလား'

'ရှင် လိမ်ပြောတာ'

အခုအချိန်မှာ အိလန်နှင့် အငြင်းအခုံလုပ်ရန် မကောင်းသဖြင့် ချူးရှန်ပါးစပ်ပိတ်ထားလိုက်လေသည်။

'တုမုရန်မှာ စင်းစင်းဆိုတဲ့ သမီးတစ်ယောက်ရှိတာ ကျွန်မ သိတယ်'

အိလန်သည် ထူးဆန်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ချူးရှန်နှင့် စားသောက်ဆိုင်တွင် သိကျွမ်းပြီးနောက် ချူးရှန်နောက်သို့ တကောက်ကောက် လိုက်ပါခဲ့သည်။

သူ၏ သိုင်းပညာ မည်သည့်အဖွဲ့မှလာမှန်း မည်သူမျှ





မသိကြ။ သိရှိသူများကလည်း စကားမပြောနိုင်ဘဲ သေဆုံးတတ်သောကြောင့် မည်သူမျှ သူမအား ရန်မစဝံ့ကြပါ။

'ရှင်က ဘာပြောချင်သေးလဲ'

ချူးရှန် အဖြေမပေးဘဲ နေသည်။

'ရှင် မဖြေချင်လဲ နေပါ။ ရှင် အခုလောလောဆယ် အားရှိအောင် စားလိုက်ပါဦး'

သူမသည် ပြောရင်း အသင့်ပါလာသော ထမင်းခြောက်နှင့် အရက်ဘူးကို လှမ်းပေးလိုက်သည်။

ချူးရှန် မလှုပ်မယှက် ထိုင်နေသည်။

'ရှင် ကျွန်မကို မုန်းတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် အစားကိုတော့ စားလိုက်ပါ။ ဒါမှ ရှင် ရန်သူကို ရင်ဆိုင်နိုင်မှာ'

ချူးရှန်မည်သို့မျှ မပြောတော့ဘဲ အစားအသောက်ကို ယူကာ အားရပါးရစားလိုက်လေသည်။ အိလန် ဝမ်းသာသွားသည်။

'ရှင် စားပြီးရင် တစ်ရေးအိပ်လိုက်ပါ'

ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

* ○ *

ချူးရှန်က စားသောက်နေရာမှ ရပ်တန့်လိုက်သည်။

အိလန်က အစားအသောက်နှင့် အရက်ထဲတွင် အဆိပ်ခတ် အိပ်စေပါက မိမိနစ်နာမည်။

အကြောင်းမှာ သူက ကြာပန်းတောင်ထိပ်တွင် စွန့်ကွမ်းထင်း ကျန်ရစ်ခဲ့သောကြောင့် ထို တောင်ထိပ်သို့ ချက်ချင်းပြန်လည်သွားရောက်လိုသည်။ သူက ထွက်သွားနေသော အိလန်၏နောက်ကျောကို ကြည့်လိုက်ပြီး…

'ခဏ'

အိလန် ခြေလှမ်းရပ်လိုက်ပြီး…

'ရှင် ဘာပြောချင်လို့လဲ'

'ကျုပ် မအိပ်ချင်ဘူးဗျ'

သူ့စကားကြောင့် အိလန် ကြောင်သွားသည်။

'အဲဒါ ဘာဖြစ်လဲ'

ချူးရှန်က…

'ခင်ဗျားက အစားအသောက်တွေထဲမှာ အိပ်ဆေးထည့်ထားရင် ကျုပ် အိပ်ပျော်သွားမှာပေါ့'

အိလန်က အဖြေမပေးသေးဘဲ သဘောကျစွာ တခစ်ခစ်ရယ်မောလိုက်သည်။





ချူးရှန်က စကားဆက်လိုက်သည်။

'ကျုပ် တုမုရန်ဆီသွားပြီး စန့်ကွမ်းထင်းကို ကယ်ရဦးမယ်'

'ရှင် စန့်ကွမ်းထင်းကို တွေ့ခဲ့တယ်'

'ဟုတ်တယ်'

အိလန်က…

'သူ ဘယ်မှာလဲ'

'သူ့ကို တုမုရန် ဖမ်းထားတယ်'

သူသည် အဖြစ်အပျက်များကို အိလန်အား ပြောပြလိုက်သည်။ အိလန်သည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ…

'ဒီလိုဆို သူကတိတည်တဲ့ လူတစ်ယောက်ပဲ'

ချူးရှန် ခေါင်းညိတ်လိုက်သည်။

'သူက ကတိတည်တဲ့အပြင် လူတော်လူကောင်းတစ်ယောက်ဖြစ်တယ်။ သူ့လက်ချက်နဲ့ ဒဏ်ရာရထားတဲ့ လူတစ်ယောက်ကို အခြားသူတစ်ယောက် စော်ကားမှာ သူ လက်မခံဘူး'

အိလန်က မဲ့ပြုံး ပြုံးလိုက်ပြီး…

'ရှင်က သူ့ကို ဘယ်လောက်ပဲချီးကျူးနေပါစေ။ သူမှ မကြားနိုင်ဘဲ။ ပိုပြီးခက်တာက ရှင်က မိန်းကလေး တစ်ယောက် မဟုတ်လို့ပဲ'

ချူးရှန်က ခပ်တည်တည်ဖြင့်...

'ဟုတ်တယ်၊ ကျုပ်ကသာ မိန်းကလေးဖြစ်ရင် သူ့လို လူမျိုးကို လက်ထပ်ယူမှာပဲ'

သူ့စကားကြောင့် အိလန်မျက်နှာနီရဲပြီး ခေါင်းကို အောက်ငုံ့ထားလိုက်ရသည်။

လရောင်သည် တဖြည်းဖြည်း တက်လာသည်။

ညဥ့်နက်နေပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေခြင်းမရှိဘဲ ထိန်ထိန် သာနေသော လရောင်ကြောင့် လင်းထင်းနေသည်။

ချူးရှန်သည် လိုဏ်ဂူတစ်ခုလုံးသို့ လှည့်ပတ်ရှာ ဖွေသော်လည်း အိလန်၏အရိပ်အယောင်ပင် မတွေ့ရပါချေ။

ချူးရှန်က အိလန်အတွက် စိုးရိမ်လာသည်။

သူမသည် ထူးဆန်းလှို့ဝှက်သော မိန်းကလေးတစ် ယောက် ဖြစ်သည်။





သူမသည် စန့်ကွမ်းထင်းကို ကယ်တင်ရန် တုမုရန်ဆီ သို့ သွားရောက်နေပြီလားဟု တွေးနေမိသည်။

ချူးရှန်က ထိုင်နေရာမှ ဆတ်ခနဲထလိုက်ပြီး လိုဏ်ဂူ အပြင်ဘက်သို့ တိုးထွက်လိုက်လေသည်။

လိုဏ်ဂူအပြင်ဘက်တွင် စိမ်းလန်းစိုပြည်သော တောအုပ် ကလေးတစ်ခု ရှိနေသည်။

ရုတ်တရက်ကြည့်လျှင် လိုဏ်ဂူ၏ အပေါက်ဝအား မြင်တွေ့ရန် မလွယ်ကူပါ။

သူသည် အိလန်အပေါ်တစ်စထက်တစ်စ လေးစား လာသည်။

သူသည် အိလန်အားရှာဖွေသော်လည်း အိလန်အား မတွေ့ပါ။

သူသည် တောအုပ်အပြင်သို့ ထိုးထွက်လိုက်သည်။ မြေကွက်လပ်သို့ ရောက်ရှိသွားသည်။

မြေကွက်လပ်သို့ရောက်သောအခါ ချူးရှန်အံ့သြ သွားသည်။

အကြောင်းမှာ တောအုပ်ကလေးလွန်သည်နှင့်

ကြာပန်းတောင်ခြေသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

အိလန်သည် သိုင်းပညာသာမက ဉာဏ်ပညာပါ ထက်မြက်သော မိန်းကလေးဖြစ်သည်။ သူမသည် တုမုရန် ရှာဖွေ မတွေ့နိုင်စေရန် ကြာပန်းတောင်ခြေရှိ လိုဏ်ဂူထဲတွင် ဝှက်ထားခဲ့ခြင်းပင် ဖြစ်သည်။

ချူးရှန် တောင်ပေါ်သို့ မော့ကြည့်လိုက်၏။

ထိန်ထိန်သာနေသောလရောင်ဖြင့် ကြာပန်းတောင်ထိပ်၌ ရှိနေသောအိမ်တစ်လုံး၏ အရိပ်အယောင်ကို မသဲမကွဲ မြင်တွေ့လိုက်ရသည်။

ချူးရှန်၏စိတ်တွင် ဖော်မပြတတ်သော ဝေဒနာကို ခံစားလိုက်ရသည်။ ရုတ်တရက် တောင်ပေါ်သို့ စိုက်ကြည့်နေသော ချူးရှန် လန့်သွားသည်။

အကြောင်းမှာ...

တောင်အောက်သို့ ဆင်းရာလမ်းအတိုင်း လူတစ်ယောက် လျင်မြန်စွာ ပြေးဆင်းလာသည်ကို တွေ့မြင်လိုက်ရသည်။





ချူးရှန် ရင်ထိတ်သွားသည်။

သူသည် ကပျာကယာ သစ်ပင် တစ်ပင်နောက်သို့ ပုန်းကွယ်လိုက်သည်။

ထိုစဉ်မှာပင် ထိုလူရိပ်က သစ်ပင်အနီးမှ ဖြတ်ကျော်ကာ အဝေးသို့ ပြေးလွှားပျောက်ကွယ်သွားသည်။

ထိုသူ၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းသဖြင့် မည်သူမည်ဝါမှန်း ချူးရှန် သဲကွဲစွာ မြင်တွေ့ရခြင်း မရှိပါ။

သို့သော် တုမုရန် ဖြစ်နိုင်ကြောင်း ချူးရှန် တွေးမိသည်။

ထိုစဉ်မှာပင် တူရိယာသံတစ်မျိုး ထွက်ပေါ်လာသည်။

ထိုအသံသည် ရှေးခေတ်သီချင်းတစ်ပုဒ် တီးခတ်နေခြင်း ဖြစ်သည်။

ထိုသီချင်း၏ အဓိပ္ပာယ်မှာ နှုတ်မဆက်ဘဲ ခွဲခွာသွားသော ချစ်သူအား နှုတ်ဆက်နေသောသီချင်းပင် ဖြစ်သည်။

ချူးရှန်၏ စိတ်အစဉ် သီချင်းသံနောက် လိုက်ပါနေသည်။ သီချင်းသံတိတ်သွားသောအခါ ချူးရှန် အိပ်မက်မှ

လန့်နိုးသူတစ်ယောက်ကဲ့သို့ ခံစားရသည်။ ချူးရှန် သက်ပြင်းချရင်း တောင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

'အင်း သူတို့နှစ်ယောက်အတွက် ကျုပ်က အသက်စွန့်ပြီး တောင်ပေါ် ပြန်တက်ရမှာပဲ'

ရုတ်တရက် သူ့ခြေလှမ်းများ ရပ်သွားသည်။

လေတိုးသံများ ကြားလိုက်ရသောကြောင့် ဖြစ်သည်။

ချူးရှန် အံ့သြသွားသည်။

သူ ကြားလိုက်ရသောအသံမှာ လူတစ်စု ပြေးလွှားနေသော အသံများ ဖြစ်သည်။

ယခုတော့ လူတစ်ယောက် သူ့ရှေ့သို့ ရောက်လာသည်။

ချူးရှန် နားမလည်နိုင်ဘဲဖြစ်နေစဉ်မှာပင် ခြေသံများ ထပ်မံကြားလိုက်ရပြီး လူသုံးယောက် မြင်ကွင်းအတွင်းသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

ရှေ့ဆုံးမှ ပြေးလွှားသူ၏ ခြေလှမ်း ရပ်သွားပြီဖြစ်သည်။

ထိုလူသည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်





ထားပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသော လူတစ်ယောက်ဖြစ်သည်။

လရောင်အောက်တွင် သူ၏မျက်နှာမှာ လေးစားကြည်ညိုဖွယ် ကောင်းနေကြောင်း တွေ့မြင်လိုက်ရလေသည်။

သူသည် နောက်မှလိုက်လာသူများနှင့် မျက်နှာချင်းဆိုင် လိုက်သည်။

ထိုအချိန်တွင်...

နောက်မှ လိုက်ပါလာကြသူများမှာလည်း ခြေလှမ်းရပ်တန့်လိုက်ကြပြီး ဖြစ်သည်။

ထိုလူများကို တွေ့မြင်လိုက်ရသည်နှင့် ချူးရှန်တွေဝေသွားသည်။ ထိုလူများ ဝတ်စားပုံများမှာ တစ်မျိုးထူးဆန်းနေသည်ဟု သူက တွေ့ရှိလိုက်သည်။

အနက်ရောင် ဝတ်ဆင် ထားသူက စကားစလိုက်သည်။

'ခင်ဗျားတို့က ကျုပ်နောက်ကို ဘာဖြစ်လို့ လိုက်လာရတာလဲ'

သူ၏အသံသည် အေးစက်နေသည်။

နောက်မှ လိုက်လာကြသူများ အနက်၊ အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး စာပေသမားဟန် ပေါက်နေသောသူက ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

အနက်ရောင်ဝတ်ထားသူက လေသံမာမာဖြင့်...

'မင်းတို့က ဘာဖြစ်လို့ ကျုပ်နောက် လိုက်ရတာလဲ'

ထိုအခါမှ လူသုံးယောက်အနက် အလယ်တွင် ရပ်နေသော လယ်သမားပုံဟန်ရှိနေသူက စကားစလိုက်သည်။

သူသည် လေသံပျော့ပျော့ဖြင့်...

'သခင်လေးက ခင်ဗျားကို ခေါ်ခိုင်းလိုက်လို့ပါ'

သူ၏စကား ကြားရသောအခါ အနက်ရောင်ဝတ်ဆင်ထားသူ၏ မျက်ခုံးမွေးအစုံက နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

'ကျုပ် မလိုက်နိုင်ဘူး'

လယ်သမားပုံဟန်ရှိသောလူက အံ့သြသွားသည်။

'ဘာဖြစ်လို့လဲ'





အနက်ရောင် ဝတ်ထားသူက...

'ကျုပ် သခင်လေးအတွက် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီးပြီ။ ကျေနပ်လောက်ရောပေါ့'

စာပေသမား ပုံဟန်လူက ကြားဖြတ်လိုက်သည်။

'စစ်ထန်စစ် မင်းက သခင်လေးကို အာခံတာလား'

ထိုစကားကို ကြားလိုက်ရသောအခါ ချူးရှန်က ထိတ်လန့်သွားလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူသည် သိုင်းလောကတွင် နာမည်ကျော်ကြားခဲ့သော သိုင်းဘီလူးသုံးယောက်အနက် နံပါတ်နှစ် သိုင်းဘီလူး စစ်ထန်စစ်ပင် ဖြစ်နေသည်ကို တွေ့ရသည်။

ချူးရှန်က လူတစ်ယောက်အား သတိရလာလေသည်။

▼ ▢ ▼

# အခန်း (၁၁)

ကျန်းစုစင်း။

သူသည် မန်ချူးသစ္စာခံ ဝမ်းမု၏အကောက်ကြံမှုကြောင့် ထွက်ပြေးခဲ့ရသည်။

ဝမ်းမုက "စမ်းကျင်နယ်"ကို သိမ်းပိုက်ပြီးနောက် ကျန်းစုစင်းနောက်သို့ အင်အားအပြည့်အဝဖြင့် လိုက်လံသုတ်သင်ခဲ့လေသည်။

သို့သော်...

ကျန်းစုစင်းတွင် သစ္စာရှိသော မျိုးချစ်သိုင်းသမားများ အများအပြားရှိနေသဖြင့် အလွယ်တကူ မသုတ်သင်နိုင်ခဲ့ပါ။

ထို့ကြောင့်...





ဝမ်းမုက ကျန်းစုစင်းလက်အောက်ရှိ သိုင်းသမားများကို ရွှေငွေအာဏာဖြင့် နည်းမျိုးစုံအသုံးပြုကာ သိမ်းသွင်းခဲ့လေသည်။

ထိုအချိန်မှစ၍ ကျန်းစုစင်းလက်အောက်မှ သိုင်းသမားတချို့က ဝမ်းမုထံ သစ္စာခံကြလေသည်။ ကျန်းစုစင်းတဖြည်းဖြည်း အင်အားဆုတ်ယုတ်လာသည်။

ဝမ်းမုထံသို့ သစ္စာခံသွားကြသော သိုင်းသမားများအနက် တတိယသိုင်းဘီလူးဖြစ်သော တုမုရန်လည်း ပါဝင်လေသည်။

ဝမ်းမုသည် တုမုရန်နှင့် အခြားသိုင်းသမားများ၏ သိုင်းပညာနှင့် အကြံအစည်ကို အသုံးပြုကာ ကျန်းစုစင်း၏ မျိုးချစ်အဖွဲ့အား ဖြိုခွဲခဲ့သည်။

ထို့ကြောင့် ကျန်းစုစင်းတို့ လူစုမှာ ကြာရှည်မခံနိုင်ဘဲ ဖြိုကွဲခဲ့ရလေသည်။

နောက်ဆုံးတိုက်ပွဲကို "ကျန်းကန်"ပြည်နယ်တွင် ဖြစ်ပွားပြီး ကျန်းစုစင်းကိုယ်တိုင် ကျဆုံးခဲ့သည်။

ထို့အပြင်...

နံပါတ်တစ် သိုင်းဘီလူးမှာလည်း ကျဆုံးခဲ့လေသည်။ အခြားသိုင်းသမား အမြောက်အမြားလည်း ကျဆုံးခဲ့လေသည်။

နံပါတ်နှစ် သိုင်းဘီလူး စစ်ထန်စစ်မှာမူ ကျန်းစုစင်း၏ သားတော်အား ကယ်တင်ကာ ထွက်ပြေးလွတ်မြောက်သွားလေသည်။

အသက်မသေဘဲ ကျန်ရစ်ခဲ့ကြသော သိုင်းသမားက ကျန်းစုစင်း၏ သားတော်ထံ သစ္စာခံကာ ဝမ်းမုအား တိုက်ခိုက်ရန် အင်အားစုစည်းခဲ့လေသည်။

တစ်ချိန်တည်းမှာပင် သစ္စာဖောက် တုမုရန်ကို သုတ်သင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ စစ်ထန်စစ်မှာ ကျန်းစုစင်း၏ သားတော်ကို ခေါ်ဆောင်ကာ နယ်ခြားသို့ ထွက်ပြေးတိမ်းရှောင်သွားသည်။ သူသည် နယ်ခြားဒေသတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး ဝမ်းမုအား တိုက်ခိုက်ရန် ကြိုးစားခဲ့လေသည်။ သို့သော်...

ကျန်းစုစင်း၏ သားတော်ကျန်းယိမင်းက ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်မလာပါ။ သူသည် အပျော်အပါး၊ အသောက်အစားနှင့်သာ အချိန်ကုန်လာသည်။





အချိန်ကြာလာသောအခါ စစ်ထန်စစ် စိတ်ပျက်လာသည်။ ထို့ကြောင့် သိုင်းလောကမှ ဓာတ်မြုပ်နေထိုင်မည်ဟု ဆုံးဖြတ်ကာ နယ်ခြားဒေသမှ ပြည်မသို့ ထွက်ပြေးလာခြင်းဖြစ်သည်။

ကျန်းယိမင်းကလည်း စစ်ထန်စစ် ထွက်ပြေးလာသည်ကို သိရှိလိုက်သည်နှင့် တစ်ပြိုင်နက် ပြန်လည်ခေါ်လာရန် လူသုံးယောက်လွှတ်လိုက်သည်။

ထိုသုံးယောက်မှာ မြေခွေး ဖုကျန်း၊ အရိပ်မဲ့ဓားချိယုနှင့် ရွှေကျားပွတ်တို့ ဖြစ်သည်။ သူတို့သည် ကြေးစားလူသတ်သမားများ ဖြစ်ကြသည်။

စစ်ထန်စစ် ငြိမ်သက်စွာ ရပ်နေသည်။ မျက်နှာမှာလည်း သုန်မှုန်နေသည်။

လယ်သမား ဝတ်စုံဝတ်ဆင်ထားသော အရိပ်မဲ့ဓားချိယုက...

'ဒီမှာ စစ်ထန်စစ်။ ခင်ဗျား ပြန်လိုက်ခဲ့ရင် ကောင်းမယ်ဗျ။ အမှန်ပြောရရင် ကျုပ်တို့က မိတ်ဆွေချင်းရန်မဖြစ်ချင်ဘူး'

သူ့စကားက မှန်သည်။

အရိုပ်မဲ့ဓား ချိယု၊ မြေခွေး ဖုကျန်းတို့မှာ ကျန်းစုစင်း လက်ထက်မှစ၍ အမှုထမ်းလာသူများ ဖြစ်သည်။ သူတို့၏ သိုင်းပညာမှာလည်း အလွန်ပင်ကြောက်မက်ဖွယ်ရာ ကောင်းကြောင်း ချူးရှန် နားလည်ထားသည်။

မြေခွေးဖုကျန်းက လက်ထဲမှ ရွှေရောင်အလံတစ်ခုကို မြှောက်ပြလိုက်ပြီး…

'သခင်လေးရဲ့ အမိန့်ပဲ။ ခင်ဗျား ပြန်မလိုက်လို့ မရဘူး'

မြေခွေးဖုကျန်းနှင့် စစ်ထန်စစ်သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်မရသောသူများ ဖြစ်သည်။ စစ်ထန်စစ်ကိုသတ်ရန် အမြဲချောင်းနေသောလူဖြစ်သည်။ စစ်ထန်စစ် ပြန်မလိုက်လာရင် သုတ်သင်ပစ်ရန် အမိန့်ရလာသည်။

စစ်ထန်စစ်က မဲ့ပြုံးပြုံးလိုက်ပြီး…

'ကျုပ် ပြောပြီးပြီပဲ။ မလိုက်နိုင်ဘူး'

မြေခွေးဖုကျန်း သဘောကျသွားကာ…

'ကောင်းပြီ။ ခင်ဗျားက မလိုက်နိုင်ရင်တော့ ခင်ဗျားကို ကျုပ်က သတ်ပစ်ရမှာပဲ'





စစ်ထန်စစ်က နှာခြည်းစွာဖြင့်…

'ဒါက သခင်လေး အမိန့်လား'

'ဟုတ်တယ်'

ထိုစကားကို ကြားလိုက်ရသောအခါ စစ်ထန်စစ်က အားရပါးရ ရယ်မောလိုက်သည်။ အတန်ကြာမှ ရပ်တန့်လိုက်ပြီး…

'ကျုပ်က သခင်လေးအသက်ကို ကယ်ခဲ့တယ်။ သခင်လေးက ကျုပ်ကိုသတ်ဖို့ အမိန့်ပေးနေပါလား'

အရိပ်မဲ့ဓား ချိယုက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

'ကျုပ်တို့တစ်တွေက ကျန်းစုစင်းအတွက် အသက်စွန့်သစ္စာပြုထားကြသူတွေပါဗျာ။ ဒီတော့ ခင်ဗျားပြန်လိုက်တာ ပိုကောင်းတယ်'

သူကဖျောင်းဖျသော လေသံဖြင့် ပြောလိုက်သည်။ စစ်ထန်စစ် မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား စဉ်းစားကြည့်စမ်းပါ။ ကျုပ်တို့က တပ်မှူးလေး ကျန်းစုစင်းကျဆုံးသွားတော့ သူ့ရဲ့သား ကျန်းယီမင်းကိုဆက်ပြီး ထောက်ခံကြဖို့ ကြိုးစားတယ်။ ဒါပေမယ့်ကျန်း

ယိမင်းက နယ်ခြားဒေသက တိဗက်တွေရဲ့အင်အားကို အကူအညီယူပြီး နယ်စားကြီးဝမ်းမုကို တိုက်မယ်။ တိုင်းပြည်ကို တိဗက်တွေလက်အောက် အလိုလိုရောက်သွားစေတာနဲ့ တူနေမှာပေါ့'

သူ့စကားကြောင့် ရွှေကျားပွတ်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'ခင်ဗျား စကားကို ကြည့်ပြောပါ။ ကျုပ်တို့က ကျန်းယိမင်းကို အကူအညီပေးတာ တလွဲမထင်ပါနဲ့'

'အရင်တုန်းက အသက်ငယ်လို့ မှားခဲ့တယ်။ အခုတော့ အသက်ကြီးပြီ၊ နောင်တရပြီ။ ကျုပ်တို့တိုင်းပြည်မှာ ဘယ်လိုပဲဖြစ်ပါစေ၊ တိုင်းတစ်ပါး အကူအညီကိုယူလို့ တို့ပြည်တွင်းရေးကို တိုင်းတစ်ပါးက ဝင်ရောက်စွက်ဖက်တာကို မလိုလားတော့ဘူး'

'ဘာလဲ ခင်ဗျား ဝမ်းမုကို သစ္စာခံချင်လို့ ပြောနေတာလား'

'ကျုပ်က ဝမ်းမုကို သစ္စာခံချင်ရင် တုမုရန်နဲ့ လိုက်သွားမှာပေါ့'





စစ်ထန်စစ် ဒေါသဖြင့် ပြောလိုက်သည်။

'ခင်ဗျား ပြန်မလိုက်ရင် ကျုပ်တို့အပြစ်ပေးခံရလိမ့်မယ်။ ဘယ်လိုလုပ်ကြမလဲ'

'ကျုပ် မပြောတတ်ဘူး။ အကောင်းဆုံးကတော့ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို သစ္စာမဖောက်ဖို့ဘဲ'

အရိပ်မဲ့ဓားက...

'ဒါဖြင့် ခင်ဗျား ဘယ်သွားမလဲ'

'ကျုပ် တုမုရန်နဲ့ တွေ့စရာရှိသေးတယ်။ ပြီးရင် သိုင်းလောက,က အနားယူတော့မယ်'

'ဘာပဲဖြစ်ဖြစ် ခင်ဗျားပြန်မလိုက်ရင် သခင်လေးက သတ်ပစ်ခဲ့ရမယ်လို့ မှာလိုက်တယ်'

'မင်းက ငါ့ကို သတ်ပစ်နိုင်လို့လား'

ရွှေကျားပွတ် ဒေါသထွက်သွားသည်။ ခါးတွင်ရစ်ပတ်ထားသော ရွှေကျားပွတ်ကို ထုတ်လိုက်သည်။ ချိယု နောက်ဆုတ်သွားသည်။ မြေခွေးဖုကျန်းမူ သဘောကျစွာ ပြုံးနေသည်။

စစ်ထန်စစ် ရပ်နေသည်။

မကြာမီ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်တော့မည်ဟု ချူးရှန် နားလည်လိုက်သည်။

* ✿ *

ရွှေကျားပွတ်သည် ရွှေရောင်တဖိတ်ဖိတ် တောက်ပနေ၏။ သူသည် တိဗက်လူမျိုးဖြစ်သလို တိဗက်တို့၏ အဓိက လက်နက်မှာ ဓားကောက်ဖြစ်သော်လည်း အာဟုက ကျားပွတ်ကို လက်နက်အဖြစ် ကိုင်ဆောင်ခဲ့၏။

သူသည် သုံးနှစ်တာကာလအတွင်းမှာပင် ပြိုင်ဘက်ကင်းသူဖြစ်လာသည်။ ထို့ကြောင့် သူ့နာမည် အာဟုကို မခေါ်တော့ဘဲ ရွှေကျားပွတ်ဟု ခေါ်ကြသည်။

ရွှေကျားပွတ် အံကို ကြိတ်လိုက်ပြီး...

'ဒီကနေ့ ခင်ဗျားနဲ့ ကျုပ် တစ်ယောက်ယောက်တော့ သေရမှာပဲ'

သူသည် ပြောပြီး ကျားပွတ်ကို ဝှေ့ယမ်းလိုက်သည်။

'ဝှီး'

ကျားပွတ်မှ ထွက်ပေါ်လာသောအသံမှာ လေပြင်းများ





ကျရောက်သည့်ပမာ တဝီဝီဆူညံနေပြီး စစ်ထန်စစ်ထံသို့ အဟုန်ပြင်းစွာ တိုက်ခိုက်လိုက်လေသည်။

စစ်ထန်စစ် ရင်ထိတ်သွားသည်။ ရွှေကျားပွတ်ကို မည်သို့ ခုခံရမှန်းကို စဉ်းစားမရသဖြင့် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထိုစဉ်မှာပင် အကွက်ကောင်းစောင့်နေသော မြေခွေးဖုကျန်းက စစ်ထန်စစ်ကို ခုန်အုပ်လိုက်သည်။

မြေခွေးဖုကျန်းသည် လက်ချောင်းဆယ်ချောင်းတွင် လက်သည်းရှည်များထားပြီး ထိုလက်သည်းများတွင် မည်းနက်တောက်ပြောင်နေသော အဆိပ်ရည်များဖြင့် ပြည့်ဝနေသည်ကို တွေ့ရသည်။

ဖုကျန်းသည် လက်ဝါးနှစ်ဖက်ကို သိမ်းငှက်ခြေသည်းပုံဟန်ဖြင့် စစ်ထန်စစ်၏ မျက်နှာပေါ်သို့ ကုတ်ချလိုက်လေသည်။

စစ်ထန်စစ် လှုပ်ရှားမှုသည် အစတွင် နှေးကွေးသော်လည်း တဖြည်းဖြည်း မြန်လာသည်။ သူ၏ကိုယ်ကို လုံးဝ မမြင်ရတော့ဘဲ အရိပ်များသာ တွေ့မြင်ရသည်။

ဖုကျန်း ရင်ထိတ်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။ စစ်ထန်စစ် ကျားပွတ်အား ဖမ်းဆုပ်မိလိုက်လေသည်။ သူသည် ရွှေကျားပွတ်ကို အားကုန်ဆွဲယူသော်လည်း မရပါ။ ရွှေကျားပွတ်နဖူးမှ ချွေးများ စီးဆင်းကျလာသည်။

ဖုကျန်း မနေနိုင်တော့ပါ။

'လွှတ်လိုက်'

ထိုသို့အော်ပြီး စစ်ထန်စစ်ထံ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်သည်။

စစ်ထန်စစ်က မဲ့ပြုံးပြုံးလိုက်ပြီး...

'ယား'

ညာသံပေးကာ ကျားပွတ်ကိုလွှတ်လိုက်သည်။ တစ်ဆက်တည်း ဝင်ရောက်တိုက်ခိုက်လာသော ဖုကျန်းထံသို့ လက်ဝါးနှစ်ဖက်ဖြင့် တွန်းလိုက်သည်။

ဖုကျန်း ရင်ထိတ်သွားသည်။ ပြင်းထန်သော ဖိအားက သူ့ထံသို့ လွင့်ပျံ့လာသည်ဟု ခံစားလိုက်ရသည်။

သူသည် ကပျာကယာဖြင့် တိုက်ခိုက်မှုကို ရုပ်သိမ်းလိုက်ပြီး ဘေးသို့ ခုန်ထွက်လိုက်သည်။





သို့သော် ဝဲဘက်ပခုံးတွင် ပူစပ်ပူလောင် ဖြစ်သွားသည်။ စစ်ထန်စစ် ငြိမ်သက်၍ မနေပါ။ ဖုကျန်းဘေးသို့ ခုန်ထွက်သွားသည်နှင့် ရွှေကျားပွတ်ထံသို့ ခုန်ပေါက်ပြီး ခြေထောက်ဖြင့် ကန်ချလိုက်သည်။

'ဝုန်း'

ရွှေကျားပွတ် ခန္ဓာကိုယ် အဝေးသို့ ရောက်ရှိသွားသည်။ တော်တော်နှင့် မထနိုင်ပါ။ အတန်ကြာမှ လူးလိမ့်ထပြီး သူ၏မျက်နှာမှာ ဖြူရော်ရော် ဖြစ်နေသည်။

ချိုယု သက်ပြင်းတစ်ချက် ချလိုက်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။ ဓားဆွဲထုတ်ရာတွင် အေးသောအငွေ့များ လွင့်ပျံ့လာသည်။ စစ်ထန်စစ် လေပူတစ်ချက် ထုတ်လိုက်သည်။

'ခင်ဗျားက တိုက်ပွဲထဲ ပါဝင်လာတာကိုး'

တစ်ဆက်တည်းမှာပင် သူ၏နှလုံးသည် အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်ဟု ခံစားလိုက်ရသည်။

▼ ❒ ▼

## အခန်း (၁၂)

ချိုယုသည် လရောင်အောက်တွင် မလှုပ်မယှက် ရပ်နေ၏။

သူ၏ဓားဖျားမှာ မြေပေါ်သို့ နိမ့်ချထားသော်လည်း လရောင်ကြောင့် တဖျပ်ဖျပ်ဝင်းလက်နေ၏။ ချိုယုသည် နှစ်ပေါင်းနှစ်ဆယ်ကျော် ရပ်တည်လာသော ပထမဓားသမား ဘစ်ယောက်ဖြစ်သည်။

သူ၏ဓားကွဲက်မှာ မြန်လွန်းသဖြင့် အရိပ်သဏ္ဍာန်ပင် ခမြင်ရဘဲ ရန်သူများ သေဆုံးသွားတတ်သောကြောင့် အရိပ်မဲ့ သဏ္ဍာန်မဲ့ ဓားသမားချိုယုအဖြစ် ကျော်ကြားခဲ့သည်။

သူသည် ရိုးသားဖြောင့်မတ်ပြီး ကတိတည်သော





သိုင်းသမားဖြစ်သည်။ ထို့ကြောင့် စစ်ထန်စစ်က ချိုယုနှင့် မတိုက်ခိုက်လိုပါ။

သို့သော်...

စစ်ထန်စစ်က ချိုယုဓားအိမ်မှ ဓားထွက်လာသည်နှင့် သူသည်မတိုက်ဘဲ မနေနိုင်တော့သည်ကို သိလိုက်သည်။ ချိုယု ဓားဆွဲထုတ်လိုက်သော် စစ်ထန်စစ် သက်ပြင်းချလိုက်ပြီး အပေါ်အိတ်အတွင်းမှ သံမဏိစုတ်တံကို ဆွဲထုတ်လိုက်သည်။

ဖုကျန်း ပြုံးလိုက်သည်။ ယခုတစ်ကြိမ် စစ်ထန်စစ်ကို ကျိန်းသေ သတ်ပစ်နိုင်တော့မည်ဖြစ်သည်။ ရွှေကျားပွတ် ချိုယုနှင့် သူတို့သုံးယောက် ပေါင်းတိုက်လျှင် စစ်ထန်စစ် ခံနိုင်မည် မဟုတ်။

စစ်ထန်စစ် ရွှေကျားပွတ်ကို အချိန်မရွေး နိုင်နိုင်မည်။ ဖုကျန်းကို အထူးသတိထားရမည်။ ချိုယုမှာ ကြောက်စရာ အကောင်းဆုံး ဓားသမားအဖြစ် သူလက်ခံထားရမည်။

တစ်ဆက်တည်းမှာပင် စစ်ထန်စစ်ကိုယ်ကို ကျုံ့ထားပြီး သံမဏိစုတ်တံကို ရှေ့သို့တည့်မတ်စွာ ဆန့်တန်းထားသည်။

ရုတ်တရက် ရွှေရောင်တစ်ချက် လက်ခနဲ ဖြစ်သွားသည်။ ရွှေကျားပွတ်သည် ကျားပွတ်နှင့် စစ်ထန်စစ်၏ ခါးလယ်ကို ဖြတ်ရိုက်လိုက်သည်။

ဖုကျန်းက ခြေတစ်ချက်ဆောင့်လိုက်ပြီး ခုန်အုပ်သည်။ ချိယုက လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

အလင်းရောင်တစ်ချက် ဖွေးခနဲဖြစ်သွားပြီး သူ၏ဓားသည် မြွေတစ်ကောင်ပမာ စစ်ထန်စစ်၏ လည်ပင်းသို့တိုးဝှေ့ ရောက်သွားလေသည်။

စစ်ထန်စစ် ပေါ့ဆမနေရဲပါ။

စစ်ထန်စစ် သက်ပြင်းချလိုက်ပြီး လက်ထဲမှ သံမဏိစုတ်တံဖြင့် တစ်ချက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လေတော့သည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်နေသည်။

သံသံချင်း ထိခိုက်သံ၊ ကျားပွတ်၏ စိန်ခေါ်သံ ဆူညံနေသည်။ သို့နှင့် အချိန်သည် တဖြည်းဖြည်း ကုန်လာသည်။

ရွှေကျားပွတ်နှင့် ဖုကျန်းမှာ နောက်ဆုတ်ရပြီး ဖြစ်သည်။ သူတို့သည် စစ်ထန်စစ်၏ လက်ဝါးအားနှင့် စုတ်တံ





ကို မခံနိုင်ဘဲ ရှောင်တိမ်းနေရခြင်းဖြစ်သည်။ ချိယုမှာမူ စစ်ထန်စစ်၏ သံမဏိစုတ်တံကို ခုခံနိုင်ခဲ့၏။ တစ်ဖန် စစ်ထန်စစ်ကိုလည်း ပြန်လည်တိုက်ခိုက်ခဲ့၏။ သူတို့နှစ်ယောက်မှာ အတွဲညီနေ၏။

တိုက်ပွဲကြာလာသည့်အတွက် စစ်ထန်စစ် မောဟိုက်လာသည်။ တိုက်ခိုက်မှုမှာ လေးလံလာသည်။ ၁ ယောက်နှင့်သုံးယောက်ဖြစ်သောကြောင့် စစ်ထန်စစ် လက်ပန်းကျလာသည်။

ရွှေကျားပွတ်သည် ကျားပွတ်ဖြင့် စစ်ထန်စစ်အားရိုက်ချလိုက်သည်။ ကျားပွတ်သည် စစ်ထန်စစ်၏ ခြေထောက်တွင် ရစ်ပတ်မိသည်။ စစ်ထန်စစ်ပြိုးပြီး ခြေထောက်တစ်ဖက်လှုပ်ရှားလိုက်သည်။ ရွှေကျားပွတ်ခန္ဓာကိုယ် စစ်ထန်စစ်ထံလွင့်ပျံလာသည်။

'သွားပေတော့'

စစ်ထန်စစ်က ကြွေးဝါးလိုက်ပြီး ချိယုနှင့် တိုက်နိုက်နေသော သံမဏိစုတ်တံကို သိမ်းယူကာ ရွှေကျားပွတ်ထံ ထိုးသွင်းလိုက်သည်။

'အား'

နူးရှသော အော်သံတစ်ချက်ပေါ်လာပြီး ရွှေကျာပွတ် မြေပေါ်သို့ ကျသွား၏။

ချိယု ဒေါသဖြင့် ...

'စားကြည့်'

ရုတ်တရက် စစ်ထန်စစ် ပခုံးတစ်ဖက် ပူခနဲဖြစ်သွားသည်။ ဖုကျန်း ပြုံး၍ ရပ်နေသည်။ အေးစက်စွာဖြင့် ...

'မင်း ရှုံးသွားပြီ'

သူသည် ချိယု၏အဆိပ်မိသွားပြီး ပခုံးတစ်ဖက် ထုံကျဉ်လာသည်။

စစ်ထန်စစ် အံကို တင်းတင်းကြိတ်လိုက်သည်။

'ကျုပ်သေရင် မင်းလဲ သေရမယ်'

ပြောရင်း ဖုကျန်းကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ ဖုကျန်း ရင်မဆိုင်ဝံ့သဖြင့် နောက်သို့ လှည့်ပြေးရန် ကြိုးစားလိုက်သည်။

ရုတ်တရက် စစ်ထန်စစ်၏ ခန္ဓာကိုယ်သည် ဖုကျန်း၏ ခေါင်းပေါ်မှ ကျော်လွှားကာ ဖုကျန်း၏ရှေ့သို့ ကျရောက်





သွားသည်။ အတွင်းအားများကို စုစည်းပြီး လက်ဝါးနှစ်ဖက် တွန်းလိုက်သည်။

ဖုကျန်း မျက်လုံးပြူးသွားသည်။ သူသည် မည်သို့မှ ရှောင်တိမ်းမရနိုင်မှန်း နားလည်သဘောပေါက်လိုက်ဖြင့် လက်ဝါးနှစ်ဖက်ဖြင့် ကပျာကယာ ခုခံပေးလိုက်သည်။

'ဝုန်း'

အသံကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဖုကျန်းကိုယ်မှာ လေထဲသို့ မြောက်တက်သွားပြီး မြေပေါ်သို့အရုပ်ကြိုးပြတ် ကျသွားလေတော့သည်။

✻ ● ✻

ချိယုမျက်လုံးအစုံမှာ တောက်ပနေ၏။ သူ၏ဟန်အမူအရာမှာလည်း ထူးခြားနေသည်။ ရွှေကျာပွတ် မြေပေါ်၌လဲကျ သေဆုံးသွားပြီ ဖြစ်သည်။ ဖုကျန်းမှာလည်း ဒဏ်ရာပြင်းထန်စွာ ရထားသည်။

ထိုနည်းတူ စစ်ထန်စစ်မှာလည်း ဖုကျန်း၏ အဆိပ်လက်သည်း မိထား၏။ စစ်ထန်စစ် တုန်တုန်ယင်ယင် ဖြစ်လာသည်။

စစ်ထန်စစ် အေးစက်သောအသံဖြင့် ...

'ခင်ဗျားတို့ ကျုပ်ကို သတ်မယ်ဆိုရင် အခုအချိန်မှာ အခွင့်အရေး အကောင်းဆုံးပဲ'

ချိုယုသည် ဘာစကားမျှ ပြန်မပြောဘဲ စစ်ထန်စစ်ကို စိုက်ကြည့်နေသည်။

'ခင်ဗျား ကျုပ်ကို မသတ်ဘူးဆိုရင် ကျုပ်သွားတော့မယ်'

ချိုယု ခေါင်းခါယမ်းလိုက်ပြီး ...

'ခင်ဗျား ဘာကြောင့် သခင်လေးဆီ ပြန်မလိုက်ချင်ရတာလဲ'

'ကျုပ် ပြောပြီးပြီပဲ'

'ခင်ဗျား ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား'

ချိုယုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

'ခင်ဗျား အဆိပ်မိထားပြီ။ ဒါကြောင့် ကျုပ် ခွင့်လွှတ်လိုက်မယ်။ ခင်ဗျား မသေသေးဘူးဆိုရင်တော့ ...'

'စိတ်ချပါ။ ကျုပ်က နယ်စားဝမ်းမုကို သစ္စာမခံဘူး။ သိုင်းလောကထဲကို ပြန်မဝင်ဘူးဆိုတာ ကတိပေးပါတယ်'





သူသည် စစ်ထန်စစ်၏ စကားကို ကြားလိုက်ရသောအခါ ဝမ်းနည်းကြေကွဲသွားသည်။

'ကျုပ်တို့ မိတ်ဆွေဘဝက ရန်သူဖြစ်ရတာ ကျုပ်စိတ်မကောင်းပါဘူး။ ကျုပ်က သခင်လေးအမိန့်အတွက် တိုက်ခိုက်ရတာ ကျုပ်ကို ခွင့်လွှတ်ပါ'

သူသည် ပြောပြီးသည်နှင့် ဓားကိုဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး ဖုကျန်းအား ပခုံးပေါ်သို့ ထမ်းကာ ထိုနေရာမှ ပြေးထွက်သွားသည်။

စစ်ထန်စစ်သည် အပေါ်အင်္ကျီကို ချွတ်လိုက်ပြီး ပခုံးမှ ဒဏ်ရာကို ကြည့်လိုက်သည်။

ဝဘက်ပခုံးတစ်ခုလုံး ညိုမည်းနေသည်ကို တွေ့ရသည်။ စစ်ထန်စစ်ပခုံးမှ သွေးကြောများကို အဆိပ်မပျံ့ရန် ကုသထားလိုက်သည်။

ဖုကျန်း၏ အဆိပ်သည် ဆယ်နာရီအတွင်း ဖြေဆေးမရှိလျှင် သေဆုံးသွားနိုင်သည်။

စစ်ထန်စစ် အတန်ကြာငြိမ်သက်နေပြီးမှ ကြာပန်းတောင်ထိပ်သို့ မော့ကြည့်လိုက်ကာ ...

'ကျုပ် တောင်ပေါ်သို့ တက်သွားရင် ကောင်းမလား'

ဟု တွေးတော တီးတိုးရေရွတ်လိုက်သည်။

ချူးရှန် အံ့ဩသွားသည်။

သူ့အား ဟန့်တားထားသူများ ရှိစဉ်က သူ မရမက တုမုရန်နှင့် တွေ့ဆုံလိုသည်။ ယခု ဟန့်တားမည့်သူ မရှိတော့သောအခါ ချီတုံချတုံ ဖြစ်နေ၏။

စစ်ထန်စစ် အဆိပ်မိထားသောကြောင့် တုမုရန်နှင့် တွေ့လျှင် တစ်ပန်းရှုံးလိမ့်မည်ကို ချူးရှန်သဘောပေါက်သည်။ စစ်ထန်စစ် လျင်မြန်စွာတောင်ပေါ်သို့ ပြေးတက်သွားသည်။

ချူးရှန် ပုန်းကွယ်နေရာမှ ထွက်လာပြီး တောင်ပေါ်သို့ မော့ကြည့်လိုက်သည်။ စစ်ထန်စစ်အား လိုက်လံကြည့်လိုသည်က တစ်ကြောင်း၊ စန့်ကွမ်းထင်းအား ကယ်တင်လိုသည်ကတစ်ကြောင်းတို့ကြောင့် တောင်ပေါ်တက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ချူးရှန် တောင်ပေါ်သို့ ရောက်သောအခါ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

တုမုရန်အိမ်သို့ ရောက်ခဲ့စဉ်က သတိလစ်နေသဖြင့်





မသိ၊ ပြန်လည်ထွက်ခွာသောအခါတွင်လည်း သတိမေ့မြောနေ့သဖြင့် ဘာမှမမြင်မသိ ဖြစ်နေသည်။

မြင့်မားသော အုတ်တံတိုင်းကြီးများ ကာရံထားပြီး အဝေးမှကြည့်လျှင် ကြီးကျယ်ကြောင်း သိရှိနိုင်သည်။

ချူးရှန်ခြေတစ်ဖက်ဆောင့်လိုက်ပြီး အုတ်တံတိုင်းပေါ်သို့ ခုန်တက်သည်။ ယခု တုမုရန်၏အိမ်ကို သေချာစွာတွေ့မြင်လိုက်ရသည်။

ခြံဝင်းကြီး ကြီးကျယ်သလောက် အိမ်မှာ သေးငယ်သော အိမ်ကလေးဖြစ်သည်။

သိုင်းလောကတွင် ရက်စက်သော သိုင်းဘီလူး တုမုရန်က ကဗျာဆန်သော ချယ်ရီပန်းခြံဝင်း၌ နေထိုင်သည် ဆိုပါက မည်သူမျှ ယုံကြည်မည်မဟုတ်ပါ။

ချူးရှန်, မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ချူးရှန် အကဲခတ်ကြည့်လိုက်ရာ သူ၏မျက်လုံးများ ဝင်းလက်သွားသည်။

အကြောင်းမှာ...

သူချဉ်းကပ်လိုက်သောနေရာမှာ သူတစ်ကြိမ်ရောက်

ရှိသော စာကြည့်ခန်းပင် ဖြစ်နေသည်။ ချူးရှန်စားကို ဆွဲထုတ်လိုက်ပြီး ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ပြတင်းပေါက် ပွင့်သွားသောအခါ အခန်းထဲသို့ ဝေ့ကြည့်လိုက်သည်။ အခန်းတစ်ခုလုံး ငြိမ်သက်နေသဖြင့် အတွင်းသို့ ခုန်ဝင်လိုက်သည်။ ချူးရှန်စာကြည့်ခန်းထဲသို့ ရောက်သွားသောအခါ ပေါ့ပါးသွက်လက်သော ခြေသံတစ်သံကို ကြားလိုက်ရသည်။

ချူးရှန် ပြတင်းပေါက်ကို အသာအယာပိတ်ပြီး အမှောင်ထဲသို့ ဝင်လိုက်သည်။ ခြေသံမှာ တဖြည်းဖြည်း နီးကပ်လာသည်။

ခြေသံမှာ စာကြည့်ခန်းကို ဖြတ်ကျော်သွားပြီး စင်္ကြံလမ်းအတိုင်း အိမ်အပြင်သို့ ထွက်ခွာသွားသည်။ ချူးရှန် သိလို၍ ချောင်းကြည့်လိုက်သည်။

ခြေသံရှင်မှာ ရှေ့သို့သာ သွားနေသည်။ ခြေသံရှင်မှာ တုမုရန်လည်းမဟုတ်၊ စစ်ထန်စစ်လည်း မဟုတ်ပါ။ အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

ချူးရှန် တွေဝေနေစဉ်မှာပင် ခြေသံရှင်အမျိုးသမီးမှာ





ချယ်ရီပန်းပင်များရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားလေသည်။

ခြေသံရှင် အမျိုးသမီးကြီး၏ မျက်နှာကို လရောင်အောက်တွင် သေချာစွာ မြင်လိုက်ရသည်။

အမျိုးသမီးကြီးမှာ အသက်လေးဆယ်ခန့်ရှိပြီး အသားအရေ ဖြူဖွေးနေသည်။ သူသည် စင်းစင်းနှင့်တူနေသည်ဟု ချူးရှန် တွေးနေမိသည်။

ထိုအမျိုးသမီးကြီးမှာ စင်းစင်း၏မိခင် ပိုးကျူးဖြစ်ရမည်ဟု သူတွေးလိုက်သည်။ ပိုးကျူးမှာ မမာမကျန်းဖြစ်နေသည်ဟု သူကြားခဲ့သည်။ ယခုအခါမှာတော့ ပိုးကျူးမှာ ကျန်းမာသန်စွမ်းနေသည်။

ပိုးကျူးက ကောင်းကင်ကို မော့ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲခြင်း၊ အထီးကျန်ဆန်ခြင်းစသည့် ခံစားချက်များ ရောပြွမ်းနေသည်ကို တွေ့လိုက်ရသည်။

▼ ▢ ▼

## အခန်း (၁၃)

ချူးရှန် စဉ်းစားနေစဉ်မှာပင် ချယ်ရီပင်တစ်ပင်မှ အကိုင်းတစ်ခု လှုပ်ခါသွားပြီး ချယ်ရီပွင့်ကလေးများ ကြွေကျလာသည်။ ပိုးကျူးက လေသံမာမာဖြင့် မေးလိုက်သည်။

'ဘယ်သူလဲ'

သူကပြောရင်း လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။ အလင်းတန်းကလေး သုံးခုမှ ချယ်ရီပင်ပေါ်သို့ ပစ်လွှင့်သွားသည်။

'အမယ်လေး'

နူးရှသော အော်သံနှင့်အတူ လူတစ်ယောက် ချယ်ရီ





ပင်ပေါ်မှ အောက်သို့ခုန်ဆင်းလာသည်။ ထိုလူသည် အနက်ရောင် ဝတ်ဆင်ထားသည်။ ချူးရှန် အံ့ဩသွားသည်။ ထိုသူမှာ စစ်ထန်စစ်ဖြစ်သည်။ စစ်ထန်စစ်က မြေပေါ်တွင် ရပ်နေပြီး သူ့လက်ထဲတွင် ဓားပါးကလေးသုံးချောင်းအား ကိုင်ထားသည်။

'ပိုးကျူးရဲ့ လက်နက်ပုန်းပစ် ပညာ တော်တော် တိုးတက်လာတာကိုး'

သူ့လေသံမှာ တည်ငြိမ်နေသည်။ ပိုးကျူးမှာသူ့ကို တွေ့မြင်လိုက်သည်နှင့် ထိတ်လန့်သွားသည်။

'ရှင်... ရှင်'

စစ်ထန်စစ် မဲ့ပြုံးပြုံးလိုက်သည်။

'ဟုတ်တယ်။ ကျုပ်က မင်းပစ်သွားတဲ့ စစ်ထန်စစ်ပါ'

ချယ်ရီပွင့်ကလေးများ မြေပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျနေ၏။ စစ်ထန်စစ်သည် ချယ်ရီပင်အောက်၌ မလှုပ်မယှက် ရပ်နေသည်။

'ကျွန်မတို့ အသက်တွေလဲ မငယ်တော့ဘူး။ ရှင် ဒီစကားတွေ လာမပြောပါနဲ့တော့'

'ကျုပ် ရင်ထဲမှာ သိမ်းထားရတဲ့ နှစ်ပေါင်းမနည်း တော့ဘူး။ ဒီလောက်တော့ ပြောရမှာပေါ့'

ပိုးကျူးက ပြန်ပြောလိုက်သည်။

'ကျွန်မကလဲ အဲဒီအချိန်တွေမှာ စိတ်ချမ်းသာမှု ရှိနေမယ်လို့ ရှင်ထင်သလား'

စစ်ထန်စစ် မျက်မှောင်ကြုတ်လိုက်သည်။

'မင်းကို တုမုရန်က နှိပ်စက်တယ် ဟုတ်လား'

သူကပြောရင်း အိမ်ကလေးရှိရာသို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် အံကိုတင်းတင်းကြိတ်ရင်း...

'သူဘယ်မှာလဲ ကျုပ် သူ့ကိုသတ်မယ်'

'သူအိမ်မှာ မရှိဘူး။ ညဦးကတည်းက အပြင်ထွက်သွားတယ်။ ရှင်နဲ့ လမ်းမှာမတွေ့ဘူးလား'

'မတွေ့ဘူး'

စစ်ထန်စစ်က ပြောရင်း ခေါင်းခါယမ်းလိုက်သည်။

'သူ မရှိရင် ကျုပ်ဒီမှာ ဆက်နေလို့ မကောင်းဘူး'

စစ်ထန်စစ်က ပြောရင်း ထိုနေရာမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။





'နေဦး'

ပိုးကျူးက ဟန့်တားလိုက်သည်။ စစ်ထန်စစ် အံ့ဩသွားပြီး ပြန်မေးလိုက်သည်။

'မင်း ဘာပြောချင်သေးလို့လဲ'

'ကျွန်မ ဘာကြောင့် တုမုရန်ကို လက်ထပ်လိုက်ရတယ်ဆိုတာ ရှင်သိလား'

စစ်ထန်စစ် မျက်မှောင်ကြုတ်လိုက်သည်။ သူ ဘာမျှ ပြန်မပြောဘဲ ရပ်နေသည်။

'ရှင်က တပ်မှူးကျန်းစုစင်းရဲ့သားကို ကယ်တင်ခဲ့ပြီး နယ်ခြားကို ထွက်ပြေးတဲ့အခါမှ ကျွန်မမှာ တုမုရန်ကိုလက်မထပ်လို့ မဖြစ်တဲ့အကြောင်း ရှိလာတယ်'

စစ်ထန်စစ်က...

'ဘာအကြောင်းလဲ'

'ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီရှင့်'

ထိုစကားကို ကြားရသောအခါ စစ်ထန်စစ်ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သည့်ပမာ ခံစားလိုက်ရသည်။

ပိုးကျူးက အေးစက်စွာဖြင့် စကားဆက်လိုက်သည်။

'ဟုတ်တယ်။ စင်းစင်းဟာ ရှင့်သမီးပဲ'

ချူးရှန် အခြေအနေအရပ်ရပ်ကို နားလည်လာသည်။

ပိုးကျူးသည် စစ်ထန်စစ်၏ဇနီးဖြစ်ပြီး ယူပြီး(၃)လ အကြာတွင် ကျန်းစုစင်းက ဝမ်းမုအား နှိမ်နင်းရန် ခေါ်ဆောင် သွားသဖြင့် ပိုးကျူး၌ ကိုယ်ဝန်ရှိနေခြင်းကိုမသိ။

နောက် နယ်ခြားသို့ ထွက်သွားသဖြင့် ဘာမျှ မသိရှိခဲ့ပါ။

ထိုအချိန်တွင် ပိုးကျူးသည် ဖခင်ဖြစ်သူ ဝုကျိဝမ်း၏ နားချချက်အရ မလွှဲမရှောင်သာပဲ တုမုရန်ကို လက်ထပ်ခဲ့ရသည်။

တုမုရန်သည် ဝုကျိဝမ်းပိုင်ဆိုင်သော ဓားသိုင်းကျမ်းစာအုပ်ကို လိုချင်သဖြင့် ပိုးကျူးတွင် ယောက်ျားရှိမှန်းသိလျက်နှင့် အနစ်နာခံကာ လက်ထပ်ခဲ့သည်။

ပိုးကျူးအား အမျိုးမျိုးဖျောင်းဖျကာ ဓားသိုင်းကျမ်းကို ခိုးယူလာခဲ့သည်။

ပိုးကျူးက မိမိကိုယ်ကို အပြစ်ရှိသူ့ပမာ ခံစားနေရသဖြင့် ဓားသိုင်းကျမ်းကို ခိုးပေးခဲ့သည်။





တုမုရန်သည် အကောင်းဆုံး သိုင်းဓားသမားတစ်ယောက် ဖြစ်လိုသဖြင့် တစ်ကိုယ်ကောင်းဆန်စွာ ပိုးကျူးအား လျစ်လျူရှုထားလေတော့သည်။

သူသည် မည်သို့ပင် ပိုးကျူးအပေါ်၌ အေးစက်နိုင်သော်လည်း စင်းစင်း မွေးဖွားလာသောအခါ သမီးရင်းပမာ ချစ်ခင်မြတ်နိုးခဲ့သည်။

တုမုရန်တွင်လည်း ပိုးကျူးကို မယူခင်က မိန်းမရှိခဲ့ဖူး၏။ နာမည်မှာ ချယ်ရီဖြစ်၏။

ချယ်ရီ ဖခင်တွင်ရှိသော နဂါးပုံဓားကို ရရှိပြီးနောက် ချယ်ရီကို ရေထဲ တွန်းချသတ်ခဲ့သည်။

သို့သော် ချယ်ရီက မသေ။ ချယ်ရီတွင် သူနှင့်ရသွားသော ကိုယ်ဝန် ပါသွားခဲ့သည်။

ချူးရှန် ခေါင်းခါယမ်းလိုက်သည်။

အဖြစ်အပျက်များ တစ်စထက်တစ်စ ပို၍ ရှုပ်ထွေးလာသည်ကို နားလည်လိုက်တော့သည်။

* * *

စစ်ထန်စစ်ကိုယ်သည် တဆတ်ဆတ်တုန်ခါနေ၏။ သူ၏ ရုပ်သွင်မှာလည်း ဆယ်နှစ်ခန့်ပို၍ အိုမင်းသွားသည်။

သူသည် ပိုးကျူးအား တစ်ချက် ကြည့်လိုက်ပြီး လေသံတုန်ယင်စွာဖြင့် ...

'ဒါဖြင့် ကျုပ်မှာ သမီးတစ်ယောက်ရှိတယ်ပေါ့'

'ဟုတ်တယ်'

စစ်ထန်စစ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ချယ်ရီပင်၌ ကိုယ်ကို မှီထားသည်။

'ဒါ ကျုပ်အပြစ်ပါ'

'ကျွန်မက အပြစ်မယူပါဘူးရှင်။ အခုဆိုရင် ကျွန်မက အေးအေးချမ်းချမ်းတစ်ယောက်တည်း နေတတ်တဲ့ အကျင့်ရနေပါပြီ'

'တုမုရန် ဒီမှာ မနေဘူးလား'

'သူနဲ့ ကျွန်မဟာ တစ်အိမ်တည်း အတူနေတယ် ဆိုပေမယ့် တစ်နှစ်တစ်ကြိမ်တောင် ဆုံတွေ့ခဲလှပါတယ်ရှင်'

သူမသည် ပြောရင်း မျက်ရည်များ စီးဆင်းကျလာလေသည်။





စစ်ထန်စစ် ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏ မျက်လုံးအစုံသည် ပိုးကျူးအား မကြည့်ဘဲ အဝေးသို့ ငေးကြည့်နေ၏။

'ရှင်းရှင်းပြောရရင် သေဆုံးသွားတဲ့ သူ့ရဲ့ ပထမ မိန်းမကိုပဲ သတိရနေတယ်ရှင့်'

ချူးရှန် အံ့ဩသွားသည်။

တုမုရန်တွင် သေဆုံးသွားသော ပထမမိန်းမ ရှိနေသည်ကို သူ မထင်မှတ်မိပါလေ။

ပိုးကျူးက ...

'ရှင် စဉ်းစားကြည့်ပေါ့ရှင်။ ဒီလို လူမျိုးနဲ့ အတူ တူနေရတဲ့ဘဝက ဘယ်လောက် ဆိုးရွားသလဲဆိုတာ'

စစ်ထန်စစ် အံကို တင်းတင်းကြိတ်လိုက်သည်။

'သူက ပထမမိန်းမအတွက် သတိရနေတယ်ဆိုတော့ မင်းအတွက် ဂဲကောင်းပါတယ်'

သူ့စကားကြောင့် ပိုးကျူး၏ မျက်လုံးများက ပြူးကျယ်သွားသည်။

'ရှင်က ဘာပြောလိုက်တာလဲ'

'လူဟာ လူတစ်ယောက်ကို အလွယ်တကူ မေ့မပစ်နိုင်ဘူးဆိုတဲ့သဘောပဲ။ မင်းအပေါ်မှာလဲ သူက သံယောဇဉ်ရှိမှာပါ။ တစ်ချိန်ကျရင် သူ့ရဲ့စိတ်ဓာတ်ကို မင်းသဘောပေါက်လာမှာပဲ'

'ရှင်က သူ့အကြောင်းကို ဘယ်လောက် သိလို့လဲ'

စစ်ထန်စစ် ပါးစပ် ပိတ်ထားလိုက်သည်။

တုမုရန်သည် မိတ်ဆွေများနှင့် သခင်အပေါ်တွင် သစ္စာဖောက်သောလူတစ်ယောက်ဖြစ်ကြောင်း သိထားသည်။

'သူက သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ချင်နေတယ်။ ကျွန်မဖေဖေဆီက ခိုးလာတဲ့ ဓားသိုင်းကျမ်းကို သူလေ့ကျင့်ပြီးသွားရင် လောကမှာ ယှဉ်ပြိုင်နိုင်တဲ့ သိုင်းသမားရှိမှာ မဟုတ်တော့ဘူးရှင့်'

စစ်ထန်စစ် မျက်မှောင်ကြုတ်သွားပြီး…

'အဲဒီ ဓားသိုင်းက တော်တော် အစွမ်းထက်သလား'

ပိုးကျူးက…

'ဟုတ်တယ်'

စစ်ထန်စစ် အနည်းငယ် စဉ်းစားလိုက်ပြီး…





'မင်း ဖေဖေက ဘယ်က ရလာတာလဲ'

'ဒါတော့ ကျွန်မ သေသေချာချာ မသိဘူး။ တုမုရန်က အစောကြီးကတည်းက ကြိုတင် စုံစမ်း သိရှိထားလို့ ကျွန်မခိုးပေးခဲ့တာပဲ'

'မင်းက ဓားသိုင်းကျမ်းကို တုမုရန်ကို ခိုးပေးခဲ့တယ်ဟုတ်လား'

'ဟုတ်တယ်'

'ကျားကို အတောင်တပ်ပေးသလို ဖြစ်သွားမယ်ဆိုတာ မင်း မစဉ်းစားမိဘူးလား'

ပိုးကျူးက မဲ့ပြုံး ပြုံးလိုက်ပြီး…

'စဉ်းစားမိပါတယ်ရှင်။ ဒါပေမယ့် သူက ကျွန်မရဲ့အရှက်ကို ကာကွယ်ခဲ့တယ် မဟုတ်လား'

စစ်ထန်စစ် ဒေါသ ထွက်သွားသည်။

'သူက မင်းကို အကျပ်ကိုင်ခဲ့တယ် ဟုတ်လား'

ပိုးကျူး ပါးစပ်ပိတ်ထားလိုက်သည်။ စစ်ထန်စစ်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး…

'ကျုပ် သူ့ကို သတ်ပစ်ရမှ ကျေနပ်မယ်'

ပိုးကျူး ရင်ထိတ်သွားပြီး ကပျာကယာ လက်ကာပြလိုက်ပြီး…

'ရှင်ကသာ သူ့ကို သတ်ပစ်လိုက်ရင် ကျွန်မ လဲသေသွားမှာပဲ'

'ဘာဖြစ်လို့လဲ'

'ရှင်တို့နှစ်ယောက်တိုက်ခိုက်တာ ကျွန်မ မကြည့်ချင်လို့ပေါ့'

စစ်ထန်စစ် အခက်ကြုံသွားသည်။ ပိုးကျူးက စကားလမ်းပြောင်းလိုက်သည်။

'အခု ရှင်ဘာဖြစ်လို့ ဒီကို လာတာလဲ'

သူမ၏ မေးခွန်းကို သူ ဘယ်လို ဖြေရမှန်းမသိ၊ အမှန်မှာ တုမုရန်ကို သုတ်သင်ရန် လာရောက်ခြင်း ဖြစ်သည်။

ဖုကျန်း၊ ချိယု၊ ရွှေကျာပွတ်၊ စစ်ထန်စစ်နှင့် အခြားသိုင်းသမား အမြောက်အမြားကို သခင်လေး ကျန်းယိမင်းက ပြည်မသို့စေလွှတ်ကာ ဝမ်းမှု၏ သစ္စာခံ သိုင်းသမားများအား သုတ်သင်စေခဲ့သည်။

စစ်ထန်စစ်သည် ဝမ်းမှု၏ သစ္စာခံ သိုင်းသမားများ





အနက် တုမုရန်မှာ ကြောက်စရာ အကြောက်ဆုံး လူတစ်ယောက်ဖြစ်ကြောင်း သိရှိထားသည်။

သူက သခင်လေးနှင့် လမ်းခွဲထွက်ခဲ့သော်လည်း တုမုရန်ကို သုတ်သင်ပစ်ရန် ဆုံးဖြတ်ခဲ့လေသည်။

လွန်ခဲ့သော ဆယ်နှစ်က တုမုရန်၏ သိုင်းပညာ သူ့ထက် အများကြီး နိမ့်ကျခဲ့သည်။ အမှန်တကယ် ရင်ဆိုင်တိုက်လျှင် တုမုရန် ကျဆုံးမှာ ဖြစ်သည်။ သို့သော် သူက ဟန်ဆောင်ပြီး…

'ကျုပ် ဒီကိုလာတာ တုမုရန်ကိုတွေ့ဖို့ သက်သက်ပါ'

'ကျွန်မ မယုံဘူး'

'ဘာဖြစ်လို့လဲ'

'ရှင်က နယ်ခြား ဒေသကလာတာပဲ။ အကြောင်းကိစ္စ မရှိဘဲ တုမုရန်ကို လာတွေ့မှာ မဟုတ်ဘူး'

'ဟုတ်ပါတယ်။ ကျုပ် တုမုရန်ကို ပြောစရာစကား ရှိလို့ပါ'

'ရှင်က ဘာပြောမလို့လဲ'

စစ်ထန်စစ်က…

'စစ်ရှုံးတပ်မှူး ကျန်းစုစင်းရဲ့သား သခင်လေး ကျန်ယိမင်းက တိဗက်တွေနဲ့ပေါင်းပြီး နယ်စားကြီး ဝမ်းမှ တို့ကို တိုက်ခိုက်ဖို့ ကြံစည်နေတယ်။ အဲဒါ သခင်လေး ကျန်ယိမင်းကို သစ္စာခံတဲ့ ပြည်မက သိုင်းသမားတွေရဲ့ သဘောကို သိချင်လို့ပါ'

'အဲဒါ ဘာဖြစ်သလဲ'

'ကျုပ်က လက်မခံဘူး။ ကျုပ်တို့ တိုင်းပြည်ကို တိုင်းတစ်ပါးသားတွေ ဝင်ရောက်လာမှာ မလိုလားဘူး။ ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုးအချင်းချင်း ဘယ်သူပဲ အာဏာရရ ကျုပ် လက်ပိုက်ကြည့်နေဖို့ ဆုံးဖြတ်ထားတယ်'

သူ့စကားကြောင့် ပိုးကျူး ဝမ်းသာသွားသည်။

'ရှင်တကယ် ပြောတာလား'

'ဟုတ်တယ်'

'ရှင် အခုလို အမြင်မှန်ရလာတာကို ဝမ်းသာပါတယ် ရှင်'

'ဒါကြောင့် ကျုပ်က တုမုရန်ကို တွေ့ချင်တယ်။ သူ့သဘောထား ဘယ်လိုရှိလဲဆိုတာ သိချင်တယ်'





တုမုရန်က ဝမ်းမှုသစ္စာခံပြီး ကျန်ယိမင်း၏ လက်အောက်မှ သိုင်းသမားများကို အန္တရာယ်ပေးပါက သူက မှချ သုတ်သင်ပစ်မည် ဖြစ်သည်။

စစ်ထန်စစ် လူထူးလူဆန်းတစ်ယောက် ဖြစ်သည်။ သူ၏ သဘောမှာ ကျန်ယိမင်းကို အကူအညီမပေးပါ။ ကျန်ယိမင်းကို အန္တရာယ်ပေးမည့်သူအား သူက သုတ်သင်ပစ်မည်သာ ဖြစ်သည်။

ပိုးကျူးက စိတ်ပျက်သော လေသံဖြင့်...

'ရှင်က သူနဲ့ ဆွေးနွေးလို့ ဖြစ်မှာ မဟုတ်ဘူးရှင့်'

'ဘာဖြစ်လို့လဲ'

'တုမုရန်က ဝမ်းမှုနယ်စားကြီးဆီမှာ အမှုထမ်းဖို့ ဆုံးဖြတ်ထားလို့ပါ'

စစ်ထန်စစ် မျက်နှာ ညိုမှောင်သွားသည်။ သူ၏ လက်ဝါးတွင် ချွေးများ စို့လာသည်။

'သူက စိတ်ထား မပြောင်းလဲသေးပါလား'

'သူက နာမည်ကျော်ကြားတဲ့ လူတစ်ယောက်ဆိုတာ ရှင်သိဖို့ ကောင်းတယ်လေ'

သူတို့နှစ်ယောက် ပြောသည့်စကားကို ကြားလိုက်ရသဖြင့် ချူးရှန် တွေဝေသွားသည်။ တုမုရန်အား ကိုယ်ရံတော် လိုကျင့်ဟုန်က နယ်စားကြီး ဝမ်းမုဆီမှာ အမှုထမ်းရန် လာရောက်ခေါ်သည်ကို တုမုရန်က ငြင်းပယ်ခဲ့သည်။

ယခု ပိုးကျူးက တုမုရန်သည် နယ်စား ဝမ်းမုထံ အမှုထမ်းမည်ဟု ဆိုသည်။ တုမုရန်၏ စိတ်သည် နားလည်ရန် ခက်ခဲသောကြောင့် ပိုးကျူး ပြောသည့်စကား မှန်ကန်သည်ဟု ချူးရှန် ယူဆသည်။

တုမုရန်က အပြင်ပန်းတွင် ရာထူးရာခံ လက်မခံလိုဟု ပြောဆိုနေသော်လည်း သူ၏ စိတ်နေစိတ်ထားနှင့် လုပ်ကိုင်ပုံမှာ ထိုရာထူးကို လက်ခံထားသော လူတစ်ယောက်ကဲ့သို့ ဖြစ်သည်။

တုမုရန် ရာထူး လက်မခံလိုလျှင် သခင်လေး ကျန်ယီမင်း၏ လက်အောက်ငယ်သားများကို ဖမ်းဆီးသုတ်သင်ရန် သတင်းပေးမည်ဟု ကတိပေးခဲ့မည် မဟုတ်ပါ။

ပိုးကျူး ကောင်းကင်ပေါ်သို့ မော့ကြည့်ပြီး…

'အင်း မိုးလင်းတော့မယ်။ ရှင်ပြန်ရင် ကောင်းမယ်'

စစ်ထန်စစ် တွေဝေသွားသည်။ သူသည် တုမုရန်နှင့်





ရင်ဆိုင်လိုသည်။ ပိုးကျူးက မလိုလားသဖြင့် အခက်တွေ့နေသည်။

သူသည် ပိုးကျူးအပေါ် တာဝန် ပျက်ကွက်ခဲ့သဖြင့် ယခုအချိန်တွင် ပိုးကျူး၏စကားကို နားထောင်ရန် လိုအပ်နေသည်။ တုမုရန်အား ပိုးကျူး၏နောက်ကွယ်ရာတွင် ရင်ဆိုင် တိုက်ခိုက်သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ပြီး…

'ကောင်းပါပြီ။ ကျုပ်သွားတော့မယ်'

သူသည် ပြောပြီးသည်နှင့် ထိုနေရာမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် ခြေထောက်များက အလေးအပင်များ ဆွဲထားသည့်အလား လေးလံနေသည်။ သူသည် ခြေလှမ်းတစ်လှမ်း နှစ်လှမ်းတိုးပြီး နောက်လှည့်ကာ…

'ပိုးကျူး'

ပိုးကျူး ခေါင်းငုံ့ထားပြီး…

'ရှင်'

'ကျုပ် သူ့ကို မတွေ့ရဘူးလား'

'ဘာလဲ ရှင် စင်းစင်းကို တွေ့ချင်လို့လား'

'ဟုတ်တယ်'

ပိုးကျူးက တိကျပြတ်သားသော လေသံဖြင့်...

'စင်းစင်းက သိပ်သနားဖို့ ကောင်းပါတယ်။ သူ့ကို ဒုက္ခ မပေးပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်'

စစ်ထန်စစ် ကိုယ် တုန်တုန်ယင်ယင်ဖြစ်သွားသည်။

သူ၏ မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် မှုန်ဝါး၍ လာသည်။

'ကောင်းပါပြီ။ ကျုပ်သွားမယ်'

သူသည် ပြောပြီးသည်နှင့် ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

▼ ❒ ▼



# အခန်း (၁၄)

လရောင်သည် ဖြူပျပျဖြစ်လာသည်။

ညအမှောင်ထုကလည်း တဖြည်းဖြည်း ပါးလွှာလာလေသည်။

မကြာမီ...

အရှေ့ဘက်ဆီမှ နေဝန်းနီက ထွက်ပေါ်လာတော့မည်ဖြစ်သည်။

စစ်ထန်စစ် ခြေလှမ်း သုတ်သုတ်ဖြင့် လျှောက်နေသည်။ ပိုးကျူးသည် ထိုနေရာတွင်ပင် မလှုပ်မယှက် ရပ်နေသည်။

ချူးရှန်မှာ မိုးလင်းလာလျှင် ထိုနေရာမှ ထွက်ပြေးရန်

မလွယ်ကူပါ။ ပိုးကျူးအလစ်တွင် ပြတင်းပေါက်မှ ခုန်ချရန် ပြင်လိုက်ပြီးမှ သူ ခုန်မချ ဖြစ်ခဲ့ပါ။

အကြောင်းမှာ ခြံဝင်းအဝင်ဝ လမ်းကလေးအတိုင်း လူတစ်ယောက် ဖြည်းညင်းစွာ လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူအား တွေ့မြင်ရသည်နှင့် ချူးရှန်၏ တစ်ကိုယ်လုံးမှ သွေးများ ရပ်ဆိုင်းသွားသည်။

ပိုးကျူး ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

သူတို့နှစ်ယောက်သည် ခြံဝင်းဝ လမ်းကလေးအတိုင်း လျှောက်လာနေသူကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။

'တုမုရန် ရှင် ပြန်လာပြီကိုး'

တုမုရန်၏ မျက်နှာတွင် မည်သည့်အမူအရာမှ မရှိသော်လည်း နှုတ်ခမ်းထောင့်တွင် အနည်းငယ် ပြုံးယောင် သမ်းနေသည်။

'ကျုပ်ပြန်လာလိမ့်မယ်လို့ မင်းက မထင်ဘူး မဟုတ်လား'

'ရှင် ဘာတွေ ပြောနေတာလဲ'





တုမုရန်က အသာအယာ ပြုံးလိုက်ပြီး...

'ပိုးကျူး မင်းက ကျုပ် ညွှန်သည်ကို လက်ခံထားတဲ့အတွက် ကျုပ်က ကျေးဇူးတင်ပါတယ်'

ပိုးကျူး အံကို တင်းတင်းကြိတ်လိုက်ပြီး ပါးစပ် ပိတ်ထားလိုက်သည်။

တုမုရန်က စစ်ထန်စစ်ဘက် လှည့်လိုက်ကာ...

'ကဲ ရောက်တုန်းရောက်ခိုက် ကျုပ်အိမ်ထဲကို လိုက်ခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်'

စစ်ထန်စစ် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကိစ္စရှိလို့ သွားဦးမယ်ဗျ'

သူသည် ပြောပြီးသည်နှင့် ထွက်ခွာရန် ပြင်လိုက်သည်။

ရုတ်တရက် တုမုရန် တစ်ချက်လှုပ်ရှားသွားပြီး စစ်ထန်စစ်၏ သွားရာလမ်းသို့ ပိတ်ဆို့ထားလိုက်သည်။

စစ်ထန်စစ် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'အင်း အိမ်ရှင်က မရမက ဖိတ်ခေါ်မှတော့ ဧည့်သည်က လိုက်ရတော့မှာပေါ့'

ပြောပြီး အိမ်ကလေးရှိရာသို့ ခြေလှမ်း လှမ်းလိုက်လေတော့သည်။

အိမ်ထဲတွင်ရှိ အခန်းတွင်း၌ ကြီးမားသော စားပွဲတစ်လုံး ရှိပြီး စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်အိုးများဖြင့် ပြည့်နေ၏။

ထို စားပွဲတွင် လူဆယ်ယောက်ခန့် အားရပါးရ စားသောက်ရန်ပင် လုံလောက်နေလေသည်။

အခန်းတွင်း၌ လူသုံးယောက်သာရှိနေသောကြောင့် စားသောက်ဖွယ်ရာများက ပိုလျှံနေသည်။

'အင်း ဧည့်သည်တွေ ထပ်ရောက်လာဦးမယ်ထင်တယ်'

'ခင်ဗျားက ပထမဆုံး ရောက်လာတဲ့ဧည့်သည်ပါ'

စစ်ထန်စစ်က မျက်မှောင်ကြုတ်လိုက်ပြီး…

'ခင်ဗျားက ဘယ်က ဧည့်သည်တွေကို ဖိတ်ထားတာလဲ'

တုမုရန်က အေးစက်စွာဖြင့်…

'ခင်ဗျားကိုရော ကျုပ်က ဖိတ်ထားလို့လား'





စစ်ထန်စစ် ပါးစပ်ပိတ်ထားလိုက်သည်။ တုမုရန်က သက်ပြင်းတစ်ချက်ချပြီး…

'ကျုပ်အိမ်ကို ဒီရက်အတောအတွင်း မဖိတ်ခေါ်ဘဲ ရောက်လာမယ့် ဧည့်သည်တွေ ရှိနေလို့ပါ'

ပိုးကျူးက ရင်ထိတ်သွားသည်။ တုမုရန်သည် သူမ၏ ဖခင်ထံမှ ခိုးယူသွားသော ဓားသိုင်းကျမ်းကို လေ့ကျင့်တတ်မြောက်သွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

အကြောင်းမှာ တုမုရန်က ထိုဓားသိုင်းကျမ်း အစွမ်းထက်မထက် လက်တွေ့စမ်းသပ်လို၍ တောင်အောက်သို့ ဆင်းကာ သိုင်းလောကသားတွေကို စိန်ခေါ်ခဲ့ပြီဟု သိရှိလိုက်သည်။

စစ်ထန်စစ်က ပခုံးတစ်ချက် တွန့်လိုက်ပြီး…

'ကျုပ်က လူစုလူဝေးနဲ့ ကင်းဝေးခဲ့တာ တော်တော်ကြာခဲ့ပြီ။ ဒါကြောင့် လူများရင် အသက်ရှုကျပ်တယ်'

တုမုရန်က ပြုံးလိုက်သည်။

'အင်း ရောဂါထူတဲ့လူက သက်ဆိုးမရှည်ဘူး'ဗျ'

'ဟုတ်တယ် ကျုပ်က အချိန်မီ ဆေးဝါးကုသဖို့ လိုလိမ့်မယ်။ ဒါကြောင့် ကျုပ်ကို ပြန်ခွင့်ပြုပါဦး'

ပြောပြီး ထိုင်ရာမှ ထလိုက်သည်။ တုမုရန် မျက်နှာမည်းသွားပြီး ချက်ချင်းပင်...

'ကောင်းပါပြီဗျာ'

သူသည် ပြောပြီးသည်နှင့် ပိုးကျူးဘက်သို့ လှည့်လိုက်ကာ...

'ကဲ မင်းက သူ့ကို လိုက်ပို့လိုက်ပါကွယ်'

ထိုစကားကို ကြားရသောအခါ ပိုးကျူး မျက်နှာခ်နီရဲသွား၏။ စစ်ထန်စစ်လည်း မျက်နှာပျက်သွားသည်။ တုမုရန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'အရင်တုန်းက စစ်ထန်စစ်နဲ့ ကျုပ်ဟာ ကျန်းစုစင်လက်အောက်မှာ အတူတူအမှုထမ်းခဲ့တဲ့သူတွေပဲ။ ဒါကြောင့် မင်းလိုက်ပို့လိုက်ပါကွယ်'

ပိုးကျူးကလည်း မလှုပ်မယှက် ခေါင်းငုံ့ထားသည်။ စစ်ထန်စစ်လည်း မလှုပ်မယှက် ရပ်နေသည်။ တုမုရန်က စစ်ထန်စစ်ဘက်သို့လှည့်ပြီး...





'ခင်ဗျား မသွားသေးဘူးလား။ သူက လိုက်မပို့တော့ဘူး ထင်တယ်ဗျ'

စစ်ထန်စစ်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး...

'ခင်ဗျား ပိုးကျူးကို စော်ကားဖို့ မကောင်းပါဘူး'

'ကျုပ်က ပိုးကျူးကို စော်ကားနေလို့လား'

'ခင်ဗျားက ကျုပ်အိမ်ကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်နေတာ ကျုပ်ကို စော်ကားတာ မဖြစ်နိုင်ဘူးလား'

သူ့စကားကြောင့် စစ်ထန်စစ် ဘာမျှမပြောနိုင်အောင် ဖြစ်သွားသည်။

* ○ *

တုမုရန်က စကားကို ဆက်ပြောပြန်သည်။

'ကျုပ်အိမ်ထဲကို ဝင်လာပြီး ပြန်ထွက်သွားမယ်ဆိုရင် ကျုပ် သဘောတူမှ ဖြစ်မယ် မဟုတ်လား'

စစ်ထန်စစ် မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား သဘောမတူဘဲ ကျုပ်က ပြန်ထွက်မသွားနိုင်ဘူးလို့ ခင်ဗျားက ထင်နေသလား'

တုမုရန်က ပြုံးလိုက်ပြီး…

'ကျုပ်က ခင်ဗျားကို မဟန့်တားနိုင်ဘူးဆိုတာကို ကျုပ်သိပါတယ်။ ဒါပေမယ့် အရက်တစ်ခွက်လောက်တော့ သောက်သွားပါဦး'

တုမုရန်သည် ပြောပြီးသည်နှင့် အရက်တစ်ခွက်ကို ယူကာ စစ်ထန်စစ်ထံ ပစ်ပေးလိုက်လေသည်။

စစ်ထန်စစ်သည် မဲ့ပြုံးပြုံးလိုက်ပြီး လက်ကို ရှေ့သို့ ဆန့်တန်းထုတ်လိုက်သည်။

သူ၏ စိတ်ထဲတွင်လည်း တုမုရန်ဟာ လွန်ခဲ့သော ဆယ်နှစ်အတွင်းမှာ သူ့ရဲ့အတွင်း အားက ကြောက်စရာကောင်းလောက်အောင် တိုးတက်လာ ပါလားဟု တွေးလိုက်မိသည်။

အရက်ခွက်ထဲမှ အရက်မှာ ဖိတ်စဉ်သွားခြင်း မရှိပါ။

'တယ်ကောင်းတဲ့ အရက်ပါလား'

တုမုရန် မျက်လုံးများ ဝင်းလက်သွားပြီး…

'အရက်သောက်ပြီးရင် အမဲသား မြည်းလိုက်ပါဦး'

သူသည် ပြောပြီး အသားတစ်တုံးကို တူဖြင့်ညှပ်ယူ၍





စစ်ထန်စစ်ထံ ပစ်လွှတ်လိုက်သည်။ စစ်ထန်စစ် ဖမ်းယူ၍ အားရပါးရ စားလိုက်ပြန်သည်။

တုမုရန်သည် မျက်နှာပျက်သွားသည်။ လက်နက်ပုန်းပညာမှာ စစ်ထန်စစ်အား မည်သို့မျှ ယှဉ်နိုင်၍မရကြောင်း သူ သဘောပေါက်လေသည်။

သူသည် ရတ်တရက်ထိုင်ရာမှ ဆတ်ခနဲ ခုန်လိုက်ပြီး ခြေထောက်ဖြင့် ခုန်ကို ကန်ချလိုက်သည်။

ကုလားထိုင်မှာ အရှိန်ပြင်းစွာဖြင့် စစ်ထန်စစ်ထံ ပစ်လွင့်သွားသည်။

စစ်ထန်စစ် မဲ့ပြုံးပြုံးလိုက်ပြီး လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'ခနဲ မည်သံနှင့်အတူ ကုလားထိုင်မှာ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားသည်။ တုမုရန်က လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်သည်။ သူသည် စစ်ထန်စစ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'အင်း ခင်ဗျားက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အတိုင်းပဲ ဘာမှ မပြောင်းလဲဘူး။ ဒါပေမယ့် ခင်ဗျားရဲ့

သံမဏိစုတ်တံသိုင်းကွက်ကတော့ ပိုပြီး ထူးခြားလာသလား ဆိုတာ ကျုပ် သိချင်တယ်'

စစ်ထန်စစ်ပြုံး၍ ခေါင်းခါလိုက်သည်။

'မဖြစ်ဘူး ထင်တယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်ရဲ့ သံမဏိစုတ်တံက မင်းဓားသိုင်းကို ခုခံနိုင်မယ်မထင်ဘူး။ ဒါပေမယ့် ကျုပ်ကတော့ တရားဥပဒေကို လေးစားတယ်။ နိုင်ငံအတွက်ဆိုရင် အသက်တောင်စွန့်ဝံ့တယ်။ ကျုပ်က ခင်ဗျားရဲ့ ဓားကွက်ကို မနိုင်မှန်းသိပေမယ့် အစွမ်းကုန် ခုခံဖို့ ဆုံးဖြတ်ထားပြီးပြီ'

သူ့စကားကိုကြားလိုက်ရသည်နှင့် တုမုရန် ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။ သူသည် ပိုးကျူးကိုဒေါသတကြီးလှည့်ကြည့်လိုက်သည်။ ပိုးကျူးက ခေါင်းငုံ့ထားသည်။ စစ်ထန်စစ် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ခင်ဗျား သူ့ကို အထင်မလွဲပါနဲ့။ ဂူတန်သိုင်းဂိုဏ်းချုပ် ဝုကျိဝမ်း သေဆုံးသွားတဲ့အခါ သူ့ရဲ့သား ဝုအိချိကို တာမင် ဓားသိုင်းအကြောင်း ပြောပြခဲ့တယ်'





'ဝုအိချိလဲ သေဆုံးသွားပြီ မဟုတ်လား'

စစ်ထန်စစ်က...

'ဒါပေမယ့် ဝုအိချိနေရာ ဆက်ခံမယ့် ဂူတန်အဖွဲ့သားတစ်ယောက်ကို ဝုအိချိက အကြောင်းစုံ ပြောပြခဲ့တယ်။ ဒီဂူတန် အဖွဲ့သားက ခင်ဗျားကို တာမင်ဓားကျမ်းသိုင်း မတရားယူထားမှန်းသိလို့ သိုင်းလောကကို သတင်း လွှင့်ထားပြီးပြီဗျ'

တုမုရန် အံကို တင်းတင်းကြိတ်လိုက်ပြီး...

'ကျုပ်က သူ့ကို ကြောက်မယ်များ ထင်သလား'

'သိုင်းလောကမှ ဂူတန်ရဲ့ တမန်တော်ငါးယောက်ကိုတော့ အားလုံး ခေါင်းကိုက်ကြတယ်ဗျ'

'ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်နေတာလား'

'ကျုပ်က အမှန်အတိုင်း ပြောတာ'

တုမုရန်က ပြုံးလိုက်ပြီး...

'လောကမှာ ကျုပ်က ဘယ်သူ့ကိုမှ မကြောက်ဘူးဗျ။ ခင်ဗျားမရှိတော့တဲ့နောက်ပိုင်းမှာ သိုင်းလောကတစ်ခုလုံး ကျုပ်လက်အောက် ရောက်လာရမယ်'

သူ့စကားကြောင့် ပိုးကျူး ရင်ထိတ်သွားသည်။

တုမုရန်သည် စစ်ထန်စစ်အား သတ်ရန် ကြံစည်ထားပြီး ဖြစ်လေသည်။

'ခင်ဗျားက ဝမ်းမုဆိမှာ အမှူထမ်းဖို့ ဆုံးဖြတ်ထားပြီးပြီဆိုတော့ ကျုပ်ကလဲ ခင်ဗျားကို ခွင့်မလွှတ်နိုင်ဘူး'

စစ်ထန်စစ်သည် ပြောပြီး ပိုးကျူးကို လှည့်ကြည့်လိုက်သည်။ ပိုးကျူးသည်လည်း ပြန်လည်စိုက်ကြည့်နေမိသည်။

သူမ၏အကြည့်သည် အဓိပ္ပာယ်များစွာရှိသည်ကို သူနားလည်လိုက်သည်။

တုမုရန် တဟားဟား ရယ်မောလိုက်သည်။

'ဒီကနေ့ ဒီအချိန်ကစပြီး လောကပေါ်မှာ သိုင်းဘီလူးတစ်ယောက်သာ ကျန်ရတော့မယ်ဗျ'

ကျယ်လောင်စွာ ပြောချလိုက်လေသည်။

စစ်ထန်စစ်၏ အနက်ရောင်အင်္ကျီသည် လေထဲတွင် တဖျပ်ဖျပ် လွင့်နေ၏။

သူ၏ လက်နှစ်ဖက်သည် အောက်သို့ချထားပြီး





မလှုပ်မယှက် ရပ်နေသည်။ သူ့မျက်လုံးကမူ တုမုရန်၏ခြေထောက်ကိုသာ ကြည့်နေ၏။

'ခွမ်း'

တုမုရန် ဓားအိမ်မှဓားကို ဆွဲထုတ်လိုက်သည်။ စတင် တိုက်ခိုက်ခြင်း မပြုသေးပါ။

ပိုးကျူး မျက်ရည်အသွယ်သွယ် ကျဆင်းနေသည်။ မကြာမီ တစ်ယောက်ယောက် သေရမည်မှာ မုချပင်ဖြစ်သည်။

သူမသည် မည်သို့မျှ ဟန့်တားနိုင်စွမ်း မရှိပါ။

လေသည် တဖြည်းဖြည်းတိုက်ရာမှ ပို၍ ပြင်းလာလေသည်။ ချယ်ရီပွင့်များ မြေသို့ တဖွဲတ်ဖွဲတ် ကြွေကျလာလေသည်။

▼ ◻ ▼

... ၁၅/၁၃၈၊ ...
... ၂၀၄၄

## အခန်း (၁၅)

လိုဏ်ဂူတစ်ခုလုံး မည်းမှောင်နေ၏။

အပြင်ဘက်တွင် အလင်းရောင်များ ထွက်ပေါ်လာပြီး ဖြစ်သော်လည်း၊ အထဲမှာမှောင်လျက်ပင် ရှိနေသည်။

အိလန်က အသံတိုးတိုးဖြင့် ...

'ချူးရှန်'

သူမ၏ ခေါ်သံသည် ဂူအတွင်း၌ "ချူးရှန်" ပေါင်းများစွာကို ပဲ့တင်သံ ရိုက်ခတ်သွားစေသည်။

သို့သော် ...

ချူးရှန် ဖြေသံ မကြားရပါချေ။

အိလန်သည် စိုးရိမ်သွားပြီး ကပျာကယာ မီးခတ်





ကျောက်ဖြင့် မီးခြစ်လိုက်သည်။ မီးအလင်းရောင်ကြောင့် ဂူတစ်ခုလုံး မြင်တွေ့ရသည်။ ချူးရှန်ကိုကား မတွေ့ရချေ။ အိလန်သည် ဝမ်းနည်း ကြေကွဲလာတော့သည်။

'ချူးရှန် ရှင် ဘယ်မှာလဲ'

အသံကုန် အော်ဟစ်လိုက်သည်။

* * *

'ခွမ်း'

သံသံချင်းထိသံများ ထွက်ပေါ်လာသည်။ တုမုရန် နောက်သို့ ခြေသုံးလှမ်း ဆုတ်သွားပြီး၊ စစ်ထန်စစ်မှာမူ ခြေတစ်လှမ်း ဆုတ်လိုက်ရသည်။

တုမုရန် မျက်နှာပျက်သွားသည်။ တုမုရန်သည် စစ်ထန်စစ်၏ အတွင်းအားကို ကုန်ခန်းသွားအောင် လုပ်နိုင်လျှင် သူ၏ တာမင်ဓားသိုင်းက အသုံးဝင်နိုင်သည် စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် ...

'ယား'

စစ်ထန်စစ်သည် တရကြမ်း ဝင်ရောက် တိုက်ခိုက်သည်။ ပိုးကျူးမှာ မျက်လုံးအစုံ မှိတ်ထားသည်။

စစ်ထန်စစ် လက်တစ်ဖက်မှ စုတ်တံကိုကိုင်ထားပြီး၊ ကျန်တစ်ဖက်မှာမူ လက်ဝါးဖြင့် တုမုရန်ထံသို့ ရိုက်ထုတ်နေသည်။

တုမုရန်သည် လိပ်ပြာတစ်ကောင်ပမာ စစ်ထန်စစ်အား လှည့်ပတ်တိုက်ခိုက်နေသည်။

ပိုးကျူး၏ကိုယ်သည် အနည်းငယ် တုန်နေသည်။

စစ်ထန်စစ်သည် လွှန်ခဲ့သော အနှစ်နှစ်ဆယ်က တုမုရန်ထက် သာသည်။ တိုက်ပွဲအခြေအနေကို ကြည့်ခြင်းအားဖြင့် တုမုရန်သည် စစ်ထန်စစ်၏ လက်ဝါးကြောင့် အသက်ပင်ပျောက်နိုင်သည်။ အဘယ်ကြောင့် တုမုရန် တာမင်ဓားကို အသုံးမပြုသည်ကို စဉ်းစားမရ ဖြစ်နေသည်။

ထိုစဉ်မှာပင် ...

တုမုရန်၏ ရူးရှစွာအော်ဟစ်လိုက်သော အသံကို ကြားလိုက်ရသည်။

တုမုရန် ဒဏ်ရာရခြင်း မဟုတ်ပါ။ တာမင်ဓားသိုင်းကို စတင်အသုံးပြုခြင်း ဖြစ်ပါသည်။

တာမင်ဓားသိုင်းသည် ရှိသမျှ အားမာန်အကုန်





အသုံးချ၍ ရန်သူကို ပြိုလဲစေရန် တိုက်ခိုက်ခြင်း ဖြစ်လေသည်။ တုမုရန်၏ကိုယ်သည် မြားတစ်စင်းပမာ စစ်ထန်စစ်ထံသို့ တိုးဝင်သွားလေသည်။ စစ်ထန်စစ်၏ မျက်လုံးများ တဖိတ်ဖိတ် တောက်ပလာသည်။

တာမင်ဓားသိုင်းကို သူကြားဖူးသည်မှာ ကြာပြီဖြစ်သည်။

တာမင်ဓားသိုင်းသည် ရှောင်လင်ကျောင်းမှ ပထမဆုံး တီထွင်သောဓားသိုင်းဖြစ်သောကြောင့် တာမင်ဓားသိုင်းဟု အမည်တွင်သည်။

ဝုကျိဝမ်းလက်ထဲသို့ ဓားသိုင်းကျမ်း ရောက်ရှိသော်လည်း ဝုကျိဝမ်း အတွင်းဒဏ်ရာရထားသောကြောင့် လေ့ကျင့်ရန် မဖြစ်ပါ။ ထို့ကြောင့် ဓားကျမ်းကို လျှို့ဝှက်ထားသည်။ တုမုရန်တစ်ယောက်သာ သိရှိပြီး ခိုးယူလေ့ကျင့်ထားခြင်း ဖြစ်သည်။

တာမင်ဓားသိုင်းသည် ဟာကွက်မရှိသော ဓားသိုင်းဖြစ်ကြောင်း စစ်ထန်စစ် နားလည်သည် ပေါ့ပေါ့ဆဆ မနေဝံ့ချေ။

ပိုးကျူး၏ ဦးခေါင်းတစ်ခုလုံးသည် မှုန်နောက်နောက် ဖြစ်လာသည်။

တုမုရန်နှင့် စစ်ထန်စစ်တို့သည်လည်း ပြင်းပြင်းထန်ထန် တိုက်နေကြသည်။

ရုတ်တရက် ...

တုမုရန်သည် ရှေ့သို့ အားယူကာ စစ်ထန်စစ်ထံ ခုန်အုပ်သည်။ တစ်ဆက်တည်းမှာ လက်ထဲမှဓားဖြင့် အားကုန် ထိုးသွင်းလိုက်သည်။

ပိုးကျူး မျက်လုံးကို မှိတ်ထားလိုက်သည်။

စစ်ထန်စစ် ကပျာကယာ သံမဏိစုတ်တံကို ပစ်ချပြီး လက်ဝါးနှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

တုမုရန် အခြေအနေမဟန်မှန်းသိသဖြင့် လေထဲတွင်ပင် တစ်ပတ်ကျွမ်းပစ်ကာ နောက်သို့ ခုန်ထွက်သည်။

သို့သော် ...

'ဝုန်း'

သူ၏ ဝဲဘက်ရင်အုံတစ်ခုလုံး ထုံကျဉ်သွားပြီး အဝေးသို့လွင့်စဉ်သွားသည်။





'အမယ်လေး'

ပိုးကျူး အထိတ်တလန့် အော်လိုက်သည်။ သူသည် အလွတ်မပေးဘဲ တုမုရန်နောက်လိုက်ကာ လက်ဝါးဖြင့် ရိုက်ရန် ပြင်လိုက်စဉ် ...

'ရပ်လိုက်'

ပိုးကျူး အော်ပြောလိုက်လေသည်။

စစ်ထန်စစ် ကျောက်ရုပ်ပမာ ရပ်တန့်သွားသည်။

ထိုအချိန်မှာပင် တုမုရန် လဲကျရာမှထပြီး ဓားကို အပေါ်သို့ ကန့်လန့်ဖြတ်ဆွဲလိုက်သည်။

စစ်ထန်စစ် နောက်သို့ ခုန်ဆုတ်လိုက်ရလေသည်။

သို့သော် ...

စစ်ထန်စစ် အင်္ကျီစုတ်ပြဲသွားပြီး ရင်ဘတ်ပေါ်တွင် သုံးလက်မခန့် အနီစင်းတစ်ခု ဖြစ်ပေါ်လာသည်။

'ကျုပ်က သူ့ကိုမသတ်ရင် သူက ကျုပ်ကို သတ်မှာပဲ'

ပိုးကျူး အခြေအနေကို သဘောပေါက်သွားပြီ ဖြစ်သည်။ ပိုးကျူးသည် တစ်ချက်ရှိုက်လိုက်ပြီး ထိုနေရာမှ ပြေးလွှားသွားတော့သည်။

စစ်ထန်စစ်က…

'ပိုးကျူး…ပိုးကျူး'

ပိုးကျူး လှည့်မကြည့်ဘဲ ဆက်လက် ပြေးလွှားသည်။

တုမုရန် သက်ပြင်းတစ်ချက် ချလိုက်ပြီး…

'ခင်ဗျားက ကျုပ်ကို သတ်ပြီးမှ သူ့နောက်ကို လိုက်သွားလို့ ရမယ်'

'ဒီကနေ့ မင်းကို ငါ သတ်မယ်'

သူသည် ထိုသို့ ပြောပြီး သံမဏိစုတ်တံကို ကောက်ယူလိုက်ပြီး တုမုရန်ကို အတင်း ဝင်တိုက်တော့သည်။

* * *

တိုက်ပွဲမှာ အပြင်းထန်ဆုံး အချိန် ရောက်ရှိလာပြီးဖြစ်သည်။ စစ်ထန့်စစ် အံကို ကြိတ်ကာ တုမုရန်ကို တိုက်ခိုက်နေသည်။

တုမုရန်သည် သံမဏိစုတ်တံနှင့် လက်ဝါးကိုမနည်းရှောင်တိမ်းနေရသည်။





စစ်ထန်စစ်သည် မိမိဒဏ်ရာရသည်ကို အလေးမထားဘဲ တုမုရန်ကိုသာ ဝင်တိုက်နေသည်။

ထို့ကြောင့် သူ့တစ်ကိုယ်လုံးမှာ သွေးများ နီရဲနေသည်။

စစ်ထန်စစ် နောက်မဆုတ်ပါ။

သံမဏိ စုတ်တံကို တုမုရန်ထံ ပစ်လွှင့်လိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။

တုမုရန် မည်သို့ ရှောင်တိမ်း ရမှန်းမသိ။ နဖူးမှ ချွေးများ စို့ရွှဲလာလေသည်။ တုမုရန် အံကို ကြိတ်လိုက်ပြီး လက်ကို ဆန့်တန်းလိုက်သည်။

ရုတ်တရက်…

စစ်ထန်စစ်၏ ကိုယ်သည် တစ်ချက် တုန်ခါသွားပြီး မလှုပ်မယှက် ရပ်တန့်သွားသည်။ သူ၏ ဝဲဘက်လက်တစ်ခုလုံး ညိုမည်းလာလေသည်။

ထိုစဉ်မှာပင်…

တုမုရန် ဓားက သူ၏ ရင်ဝသို့ ထိုးစိုက်မိလိုက်လေသည်။

စစ်ထန်စစ် ရှုံ့မဲ့သွားသည်။ သူ၏ ရင်ဝတွင် နာကျင်မှု ဝေဒနာ တစ်ရပ်ကို ခံစားလိုက်ရသည်။

တုမုရန် ရင်ထိတ်သွားပြီး နောက်သို့ လျင်မြန်စွာ ဆုတ်သွားသည်။

စစ်ထန်စစ်က မဲ့ပြုံးပြုံးလိုက်ပြီး…

'ကျုပ်သာ အဆိပ်မိမထားရင် သေရမှာ မင်းပဲ'

သူသည် ပြောပြီးသည်နှင့်…

'ဝေါ့'

ပါးစပ်မှ သွေးများ အန်ထုတ်လိုက်သည်။ သူ၏ ဒူးများ ပျော့ခွေလာကာ မြေပေါ်သို့ လဲကျသွားလေသည်။

တုမုရန်၏ မျက်နှာတစ်ခုလုံး ဖြူရော်နေသည်။ သူသည် မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်ခြင်း တစ်ပြိုင်နက် ခံစားရသည်။

စစ်ထန်စစ် သေဆုံးသွားပြီ ဖြစ်သည်။

တုမုရန်၏ စိတ်ထဲတွင် ဝမ်းနည်းကြေကွဲသည့် ဟန်များ အပြည့် ဖြစ်နေသည်။

* ဝ *





ချယ်ရီပင်တစ်ပင်၏ အောက်တွင် အသစ်စက်စက် မြေပုံတစ်ခု ရှိနေသည်။ ထိုမြေပုံသည် စစ်ထန်စစ်၏ မြေပုံပင် ဖြစ်ပါသည်။

တုမုရန်သည် ထိုနေရာတွင်ပင် မလှုပ်မယှက် ရပ်နေသည်ကို မည်သူမျှ မသိပါ။

ပိုးကျူးက စစ်ထန်စစ်အား မြေမြှုပ်ပေးခဲ့သည်။

တုမုရန် တားဆီးခြင်း မပြုပါ။

ပိုးကျူးသည် မျက်ရည်များ အသွယ်သွယ်ကျလျက် မြေပုံရှေ့တွင် လက်နှစ်ဖက်ဆုပ်ပြီး…

'ရှင် ကောင်းရာ ရောက်ပါစေရှင်'

ပြောပြီး ချာခနဲ လှည့်ကာ ထွက်ခွာသွားတော့သည်။

သူမ၏ ခြေလှမ်းများသည် ခြံဝင်းအပြင်ဘက်သို့ ဦးတည်နေပေသည်။

တုမုရန်က ဟန့်တားခြင်း မပြုပါ။

ပိုးကျူးက သူ့အား စွန့်ခွာသွားတော့မည်ကို သူ၏ စိတ်ထဲ သိရှိထားလေသည်။

ပိုးကျူး၏ ကိုယ်သည် ဝေး၍ ဝေး၍ သွားလေသည်။

ထိုအခါမှ တုမုရန်က…

'ပိုးကျူး'

တုမုရန် သက်ပြင်းတစ်ချက်ချလိုက်သည်။

ပိုးကျူးက သူ့ကို လှည့်မကြည့်ပါ။ သူသည် တစ်ကိုယ်လုံးရှိ အင်အားများ ကုန်ဆုံး၍ သွားသည့်အလား အနီးရှိ ချယ်ရီပင်အား မှီ၍ ထားလိုက်လေသည်။

ထိုစဉ်မှာပင်…

အိမ်ကလေးအတွင်းမှ လူတစ်ယောက် ထွက်လာသည်ကို မြင်လိုက်ရသည်။

စင်းစင်းသည် တုမုရန်အား စိုက်ကြည့်နေသည်။

တုမုရန်သည် လေသံကို အတတ်နိုင်ဆုံး ထိန်း၍…

'သမီး'

စင်းစင်း မထူးပါ။

'သမီး အားလုံးသိသွားပြီ ဟုတ်လား'

စင်းစင်းက စကားမပြောဘဲ နေလိုက်သည်။

'ကျွန်မ အကုန်လုံး ကြားတယ်။ အကုန်လုံး မြင်တယ်'





တုမုရန်က…

'သူတို့ ပြောတာတွေက လိမ်ပြောနေကြတာပါ။ သမီးဟာ ဖေဖေ့သမီး အစစ်ပါ'

စင်းစင်း ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး။ ကျွန်မ ရှင့်သမီး မဟုတ်ဘူး'

ထိုစကားကို ကြားလိုက်ရသောအခါ တုမုရန်၏ မျက်နှာ ညှိုးသွားသည်။

သူ၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များ အရာမထင် ဖြစ်နေ၏။ သိုင်းလောကကို လွှမ်းမိုးလိုသော စိတ်ကြောင့် အရာရာကို မှားယွင်းခဲ့သည်။

ပိုးကျူးသည် အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ယခု သူသည် ပိုးကျူးအား မညှာမတာ ပြောဆို ဆက်ဆံခြင်း၊ ယုံမှား သံသယ ဖြစ်ခြင်းတို့ကြောင့် ပိုးကျူးက ထွက်ခွာသွားပြီ ဖြစ်သည်။

ပိုးကျူး မရှိတော့မှပင် သူသည် ပိုးကျူး၏ မေတ္တာကို တန်ဖိုးထားရမှန်း သိလာသည်။ စိတ်ထဲတွင် ကြေကြေကွဲကွဲ ခံစားရသော ခံစားချက်တွေ ပေါ်လာသည်။

တုမုရန်သည် မတုန်မလှုပ်နှင့် ရှိနေသော စင်းစင်းအား လှမ်းကြည့်သည်။ စင်းစင်းသည် စစ်ထန်စစ်၏ မြေပုံ ရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားသည်။ သူသည် မြေပုံ အသစ်စက်စက်ကို အတန်ကြာအောင် ငေးမောကြည့် သည်။ ပြီးနောက်တွင် မြေပုံရှေ့၌ ဒူးထောက်ထိုင်ချ လိုက်သည်။

'ဖေဖေ...'

စင်းစင်း၏ နှုတ်မှ လှိုက်လှဲစွာ ခေါ်လိုက်သံကို ကြားရသည်။

တုမုရန်မှာ ငယ်စဉ်ကတည်းက ချီပိုးယုယစွာ ထိန်းသိမ်းခဲ့သော စင်းစင်းအားကြည့်ရင်း အရာရာကို ဆုံးရှုံးလိုက်ရသကဲ့သို့ ခံစားနေရလေသတည်း။

**ပထမပိုင်း ပြီးပါပြီ**

**ဇာတ်သိမ်းပိုင်း ဆက်လက် ဖတ်ရှုပါ**

**ရဲမင်းဟိန်း**

**မင်းစာပေ**

## ရဲမင်းဟိန်း

# မိုးများ၊ နေများ၊ နက္ခတ်များ

ဒုတိယပိုင်း (ဇာတ်သိမ်း)